TWO CATS PUBLICATION

မောင်မျိုး

# ဝေဝေအောင်

## သိုက်မြုံပျောက်ငှက်



၆

# ဝေဝေအောင်

## သိုက်မြုံပျောက်ငှက်

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


**စာမူခွင့်ပြုချက်အမှတ်**

၅၀၀၄၁၂၀၅၀၄

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၅၀၀၅၅၈၀၆၀၅

**ထုတ်ဝေသူ**

**ဒေါ်ဝေဝေအောင်**

**ဝိုင်းစာပေ**

၁၅၀၊ ဘိုလိမ်းလမ်း၊ မင်္ဂလာတောင်ညွန့်

**ပုံနှိပ်သူ**

**ဦးမောင်မျိုး**

**ကြောင်နှစ်ကောင်ပုံနှိပ်တိုက်**

**ထုတ်ဝေခြင်း**

ပထမအကြိမ် - ၂၀၀၆ ခုနှစ် ဇူလိုင်လ

အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ်

အနန္တောအနန္တငါးပါးအပါအဝင် မိဘနှစ်ပါးဖြစ်သူ ဖေဖေနှင့် မေမေအား ရှုပ်နဲ့နာမ်တည်မြဲသရွေ့ သန့်ရှင်းစွာ ရှာဖွေရအပ်သောငွေဖြင့် ထောက်ပံ့ကူညီ ကျွေးမွေးပြုစုနိုင်သည့် သမီးကောင်းရတနာဖြစ်ရပါလို၏။

ဤဝတ္ထု၊ အမည်၊ ဇာတ်လမ်းနှင့် ဝတ္ထုတွင်းပါ ဇာတ်ကောင်များသည် စာရေးသူ၏ စိတ်ကူးယဉ်မှုသာ ဖြစ်ပါသည်။

မည်သူ့ကိုမျှ မရည်ရွယ်ပါ။

တိုက်ဆိုင်မှုရှိလျှင် ခွင့်လွှတ်ပါ။

**ဝေဝေအောင်**



ဘောလုံးပွဲတစ်ပွဲ၏ အသက်သည် သတ်မှတ်ထားသော အချိန်အတောအတွင်း ပြိုက်ဘက်တစ်ဖက်အသင်းကိုထိထိမိမိ ဝင်ရောက်ထိုးဖောက်မွှေနှောက်ကစားပြီး ဂိုးသွင်းလိုက်နိုင်ဖို့ပဲ အဓိကဖြစ်ပါသည်။

ဒီလိုဂိုးသွင်းခွင့်ရအောင် နှစ်ဘက်အသင်းနှစ်သင်းလုံး ရေကုန်ရေခမ်း ကြိုးစားနေချိန်တွင် ဘောလုံးသမားအချင်းချင်း ဘောလုံးကို ဖျက်ထုတ်ရာမှ အဝင်ကြမ်းလျှင်ကြမ်းသလို ပြစ်ဒဏ်ဘော အပေးခံရတတ်တဲ့ အခါတွေလည်း ရှိတတ်ပါသည်။

ထိုပြစ်ဒဏ်ဘောမှတစ်ဆင့် ဂိုးဝင်ချင်ဝင်သွားနိုင်သလို

တစ်ခါတလေ တစ်ဘက်အသင်း၏ တိုက်စစ်ကိုခုခံကာကွယ်ကစားရင်း ပေးလိုက်ရတဲ့ ထောင့်ကန်ဘောမှတစ်ဆင့် ဂိုးဝင်နိုင်တဲ့ အခွင့်အရေးတွေလည်း ရတတ်ပြန်ပါသေးသည်။

ဒီလို ဂိုးသွင်းနိုင်ဖို့ အခွင့်အရေးတွေ အကြိမ်ကြိမ်ရနေပါလျက် နှစ်ဘက်အသင်းနှစ်သင်းလုံး ဂိုးမသွင်းနိုင်ခဲ့လျှင် အမောသာ အဖတ်တင်ရတတ်တဲ့ ဂိုးမရှိသရေနဲ့ နိဂုံးချုပ်ရတတ်သလို

တစ်ခါတလေ နှစ်ဘက်အသင်းနှစ်သင်းလုံး လုံးဝမျှော်လင့်မထားတဲ့ အခြေအနေတွင် အကြိတ်အနယ် ယှဉ်ပြိုင်ကစားရင်းမှ မထင်မှတ်ဘဲ ဖြစ်လာတတ်တာက 'ပင်နယ်တီ' ဆိုတဲ့ အလွတ်တည့်ကန်ရသော ဘောလုံးမျိုးတွေပါ။

ဂိုးစည်းဧရိယာအတွင်းတွင် ဘောလုံးသမားတစ်ဦးသည် ဂိုးသွင်းတော့မယ့် တစ်ဘက်ဘောလုံးသမား တစ်ဦးကိုပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ခဲ့မိလျှင် သို့တည်းမဟုတ် ပြစ်မှုကျူးလွန်သည်ဟု ဒိုင်လူကြီးက ယူဆမိခဲ့လျှင် တစ်ချက်လွတ်အမိန့်ဖြင့် ပင်နယ်တီဆိုတာကို ကန်ခွင့်ပေးတတ်ကြပါသည်။

ထိုဘောလုံးသည် တစ်ဘက်အသင်းကို မထင်မှတ်ဘဲ အနိုင်ရသွားနိုင်သော တစ်ခုတည်းသော အခွင့်အရေးလည်းဖြစ်သွားတတ်ပါသည်။





## [ ၁ ]

'ထားချို' ကို ကျွန်မစပြီးသတိထားမိတာ ကျောင်းစဖွင့်ချိန်တည်းက ဖြစ်ပါသည်။

ရှင်းရှင်းပြောရလျှင် ဆေးတက္ကသိုလ်တွေစဖွင့်တဲ့နေ့မှာ သူမကို ကျွန်မ မှတ်မှတ်ရရ တွေ့ခဲ့ဖူးတာဖြစ်လေသည်။

ဆယ်တန်းတွင် ဂုဏ်ထူးများများပါကာ အမှတ်ပေးစနစ်အရ အမှတ်အမြင့်ဆုံးအတန်းကို တက်ရောက်တော့မှာမို့ အားလုံး၏ရင်မှာ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူမှုနဲ့အတူ ကြည်နူးပျော်ရွှင်မှုတွေ ပြည့်နှက်နေမှာ သေချာနေရပါ၏။

သည်လို သေချာမှုတွေနဲ့ အတူ ကျောင်းသူကျောင်းသား အားလုံး၏ မျက်နှာတွေက ပီတိပြုံးဖြင့် လန်းဆွှင့်နေကြပါသည်။

ဖေဖေက အစည်းအဝေးရှိတာကြောင့် ကိုကြီးသည်အိမ်က ဆန်နီစူပါစလွန်းလေးဖြင့် ကျွန်မကို လိုက်ပို့ပေးပါသည်။

"ဘယ်လိုလဲ နေရဲလား"

ကျွန်မလို ကျောင်းသူကျောင်းသားတွေ အများကြီးရှိနေတာကြောင့် ကျွန်မ ရဲဝင့်စွာခေါင်းညိတ်ပြလိုက်မိပါသည်။

"ကိုကြီး ပြန်ချင်ပြန်တော့လေ"

"ဒါဆို ကိုကြီး ဆေးခန်းအတွက် ဆေးသွားဝယ်လိုက်ဦးမယ်"

ကိုကြီး ပြန်သွားပြီးနောက် ကျွန်မ တစ်ယောက်တည်း ကော်ရစ်ဒါတွင် ရပ်နေမိပါသည်။

ကျွန်မလိုပဲ ရပ်နေတဲ့ ကျောင်းသူကျောင်းသားတွေဆိုတာ တစ်ပုံကြီးပါ။

ခုမှကျောင်းဖွင့်ကာစဆိုတော့ အားလုံးသည် မျက်နှာစိမ်းများသာ ဖြစ်ကြပါသည်။

လုပ်စရာမရှိတိုင်း ကျောင်းဝင်းထဲဝင်လာသမျှသောကားတွေကို ငေးမောကြည့်နေမိကြပါသည်။





ဒီအချိန်မှာပဲ 'ထား' ရဲ့ကားကြီး ကျွန်မတို့ကျောင်းဝင်းထဲကို ဝင်လာခဲ့တာဖြစ်ပါသည်။

နောက်ဆုံးပေါ် ပရာဒိုးနက်မှောင်မှောင်ကြီးမို့ လှပကြွရွသော သိမ်းငှက်ကြီးတစ်ကောင် ကျောင်းဝင်းထဲကို ဝင်လာသလို ကားကြီးကိုငေးမောကြည့်နေမိကြဆဲ ကားပေါ်ကနတ်သမီးလေးတစ်ပါး နတ်သက်ကြွေ၍ ဆင်းလာသလို 'ထား' ကားပေါ်က ဖြည်းညင်းစွာဆင်းလာခဲ့တာဖြစ်ပါသ...

ဖြူနုသောအသားဖွေးဖွေးက ပန်းနုသွေးရောင်ပြေးနေကာ...

ထိုအသားနုနုပေါ်တွင် ရယ်ဒီမိတ်ဖာအကျီအဖြူလက်တိုပန်းရောင်နုနုပေါ်တွင် ပန်းခက်အဖြူလေးတွေပါသော လုံချည်ပျော့ပျော့ရှည်ရှည်ဖြင့် လည်သာအမည်းရောင် အိတ်ကိုလွယ်ကာ 'ထား' ဆင်းလာခဲ့တာဖြစ်ပါသည်။

မည်းမှောင်သောကားကြီးပေါ်မှ ဖြူဝင်းလဲ့နေသော မိန်းကလေးတစ်ယောက် ဆင်းလာတာမို့ အားလုံး၏ မျက်လုံးတွေက 'ထား'ဆီကိုသာ ရောက်နေမိကြပါသည်။

မည်းနက်သောဇင်ယော်တောင် မျက်ခုံးနှစ်ဘက်က ပုံသွင်းထားသလို ထင်းနေကာ...

မျက်တောင်ကော့ကော့လေးများ ဝန်းရံထားသော မျက်လုံးလေးတစ်စုံက အရည်လဲ့ကာ ရွှန်းစိုတောက်ပနေပါ၏။

နှာတံက သွယ်တန်းဖြောင့်စင်းကာ ပန်းနုရောင်နှုတ်ခမ်းလေးနှစ်လွှာက နှင်းဆီပွင့်ဖတ်လေးနှစ်ဖတ်လို သူမရဲ့မျက်နှာထက်မှာ လှပစွာနေရာယူနေလေသည်။

ခါးလည်ခန့်အထိရှည်ပုံရသော ပျော့ပျောင်းနူးညံ့တဲ့ ဆံပင်တွေကို နဖူးပြောင်သိမ်းကာ စုစည်းထားပုံက 'ထား' ရဲ့မျက်နှာကို ပိုမို၍သာ ပေါ်လွင်စေသလို သွယ်မြင့်သောအရပ်တွင် ရင်မို့မို့တင်းကားကား ဗိုက်ရှပ်ရှပ်လေးဖြင့် 'ထား' ရဲ့အလှက အားလုံးငေးမောချင်စရာမို့ မျက်တောင်ပင်မခတ်နိုင်ဘဲ ငေးမောနေမိဆဲ ရှေ့ခန်းဘက်က မှန်အနက်ကြီးလျှောကနဲအောက်ကိုကျလာကာ ဝင်းပသောမျက်နှာတစ်ခု ပေါ်လာခဲ့ပါသည်။

" 'ထား' သမီးလေး... သမီးလေးကို မာမီတို့ဘယ်နှစ်နာရီ လာကြိုရမှာလဲ"

ကားပေါ်ကလှမ်းမေးလိုက်တဲ့ အန်တီကြီးက သူမရဲ့အမေဖြစ်ပုံရကာ သူမလိုပင် လှလှချောချောအမျိုးသမီးကြီးတစ်ဦးပါ။





" 'ထား' ဖုန်းဆက်လိုက်မယ်လေ မာမီ... ခုမှကျောင်းဖွင့်ကာစဆိုတော့ Timetableလည်း သိရသေးတာမဟုတ်ဘူး"

'ထား' ဆိုတဲ့ ကောင်မလေးက သူမလွယ်ထားတဲ့ လွယ်အိတ်ထဲမှ ဟဲန်းဒ်ဖုန်းလေးကို ထုတ်ပြကာပြောလေသည်။

"ဒါဆို 'ဦးညို' ကို မာမီ ဆိုင်ပို့ခိုင်းပြီး ဒီကိုကားပြန်လွှတ်လိုက်မယ်လေ... မကောင်းဘူးလား"

" 'ထား' က ကြာနေရင်ကော"

"ဘာဖြစ်လဲကွယ်... 'ဦးညို' လည်း ဘာအလုပ်မှရှိတာမှမဟုတ်တာ"

မလှမ်းမကမ်းမှာမို့ စကားပြောသမျှ အားလုံးကြားနေရတာဖြစ်ပါသည်။

"အင်းလေ မာမီ့သဘောပါပဲ"

"သမီးဆာရင်စားဖို့ 'ဦးညို' နဲ့ တစ်ခုခုစီစဉ်ပေးလိုက်မယ်နော်"

" 'ထား' အိမ်ကစားခဲ့ပြီပဲ"

"ဘာဖြစ်လဲကွယ်... မစားလည်းအိမ်ကိုပြန်ယူခဲ့ယုံပေါ့... ပင်ပန်းတာလိုက်လို့... ဆာရင်လည်း သမီးစားလိုက်လို့ရတာ

ပေါ့ မဟုတ်ဘူးလား"

"ဟုတ်..."

ပြုံးကာခေါင်းညိတ်လိုက်သော မျက်နှာလေးကအေး ချမ်းလှပါသည်။

"ဒါဆို မာမီ သွားမယ်နော်"

"တာ့တာ"

ခေါင်းညိတ်ရင်းလက်အပြ ပျော့ပျောင်းထွေးအိနေသော ဆံပင်တွေက ပခုံးပေါ်ဝဲကျလာခဲ့ပါသည်။

ကားပေါ်ကအန်တီကြီးကလည်း သူ့သမီးလေးကို သမင်လည်ပြန်လှည့်ကြည့်ရင်း လက်တပြပြဖြင့် ထွက်သွားခဲ့ ပါသည်။

ဒီလောက် လှပနုနယ်တဲ့သမီးလေးကို ပိုင်ဆိုင်ထားရတဲ့ သူမရဲ့မိဘတွေအဖို့ သူမလေးကို ဘယ်လောက်များချစ်လိုက် ကြမလဲနော်။

ခဏလေးတွေ့လိုက်ရတဲ့ ကျွန်မအဖို့ပင် သူမရဲ့အလှ တွင် မိန်းမူးသွားလောက်အောင် သာယာမိခဲ့လျှင် သူမရဲ့တွတ် တီးတွတ်တာ စကားသံချိုချိုလေးတွေကြားမှာ သူမလေးရဲ့မိဘ တွေလည်း သာယာပျော်ဝင်နေမှာ သေချာလှပါသည်။





သည်မှ 'ထား' က ချစ်စရာကောင်းပါသည်။

အတန်းတွေခွဲတော့ 'ထား' က ကျွန်မရဲ့ဘေးဘက်ခုံ တွင်နေရာကျတာတွေ့ရပါသည်။

'ထား' ပျော်မပျော် ကျွန်မမသိရပေမယ့် ကျွန်မမှာတော့ လှပသော 'ထား' နဲ့အနီးဆုံးနေရာမှာနေရတာမို့ ပျော်လွန်း၍ သွားပင်မစေ့နိုင်အောင်ပါ။

အတန်းအားသည်နှင့် ကျွန်မ 'ထား' အနားသို့သွားကာ ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်လိုက်မိပါသည်။

" Hi တို့က 'ခင်ဝင်းနီ' ပါ...'ဝင်းနီ' လို့လည်းရင်းရင်းနှီး နှီးခေါ်လို့ရတယ်... မင်းကကော ဟင်"

အံ့သြသော မျက်ဝန်းလက်လက်လေးတစ်စုံဖြင့် ကျွန် မကို ငဲ့ကြည့်လာသည်ကလွဲလျှင် 'ထား' သည် အင်မတန်မှကို တည်ငြိမ်အေးချမ်းသော မိန်းကလေးတစ်ယောက်ပါ။

"'ထား' နာမည်က 'ထားချိုလွင်' ပါ... 'ထားချို' လို့လဲ ခေါ်လို့ရပါတယ်"

ကျောင်းဖွင့်ပြီး တစ်လပြည့်သောအချိန်တွင် ကျွန်မသည် 'ထားချို' ၏ ခင်မင်ရင်းနှီးသော သူငယ်ချင်းတစ်ယောက်ဖြစ် ခဲ့ပါလေပြီ။

## ၂

'ထားချို' နဲ့မခင်,ခင်က ဖေဖေ့ရဲ့ကားကြုံလျှင် ကျောင်းရှေ့မှာရပ်ပေးတတ်ကာ ကားမကြုံလျှင် ကိုယ့်ဖါသာ ကိုယ် လိုင်းကားစီးကာကျောင်းတက်ရသော ကျွန်မက 'ထားချို' နဲ့ ခင်မင်ရင်းနှီးပြီးနောက်ပိုင်းမှာတော့ 'ထားချို' က ကျွန်မ ရှိရာ ကန်တော်ကလေးကို တကူးတကဝင်လာကာ ခေါ်ပေး လေ့ရှိပါသည်။

မေမေက 'ထားချို' လာခေါ်တိုင်း ကြားထဲကအားနာ နေလေ့ရှိသည်။

"အားနာစရာ သမီးရယ်… ကိုယ့်ဖါသာကိုယ် သွား





မယ်လို့ပဲ ပြောပါလားကွယ်"

"'ဝင်းနီ' ပြောပါတယ် မေရဲ့… ဒါပေမဲ့ 'ထားချို' ကိုယ်တိုင်က လမ်းကြုံနေတာပဲဆိုပြီး ဝင်ခေါ်ပေးနေတာပါ"

"အံမယ်လေး ကိုယ့်ဖါသာကိုယ် ပရာဒိုးစီးချင်တယ်ဆို လည်းစီးချင်တယ်ပေါ့… မသိတာလိုက်လို့"

"ကိုလေး နော်"

ကျွန်မသည် အိမ်ရှေ့ခန်းထဲဝင်လာသော ကိုလေး ကို မကျေမနပ် မျက်စောင်းထိုးလိုက်မိသည်။

ကိုလေးသည် သူ့ကိုယ်သူအငယ်ဆုံးဟုထင်ထားရာမှ ကျွန်မကိုမွေးလိုက်၍ အကြီးဖြစ်လာခဲ့သူပီပီ ကျွန်မကို သိပ် ကျေနပ်လှသည်မဟုတ်ပါ။

ဒီတော့လစ်သည်နှင့်ကျွန်မကို တွယ်ဖို့ချောင်းနေတတ် သူလည်းဖြစ်ပါသည်။

ကျွန်မကလည်း ,သိပ်ပြီးသည်းခံတတ်သူမဟုတ်၍ ချောင်လျှင်ချောင်သလို ပြန်တွယ်လေ့ရှိတတ်ပါသည်။

"ကိုလေးလည်း စီးချင်လို့မဟုတ်လား"

"ကားကိုစိတ်မဝင်စားပါဘူး… လူကိုပဲ စိတ်ဝင်စား တာ"

"ဟား ဟား ဟား"

ကျွန်မ ကိုလေး ကို လှောင်ရယ်ရယ်လိုက်မိပါသည်။

ကျွန်မရဲ့သူငယ်ချင်း အကောင်းစားလေးကို ကိုလေးလို လူမျိုးနဲ့ လုံးဝမနီးစပ်မပတ်သက်စေချင်ပါ။

အစ်ကိုသာတော်နေပေမယ့်လည်း ကိုလေး သည် ရည်းစားများလွန်းသူတစ်ယောက်ဖြစ်သည်။

"အားကိုးပါရစေ"

ညာလက်သီးဆုပ်ပေါ် ဘယ်လက်ထပ်ကာ ကိုလေးက တရုတ်ကားထဲကကလိုအပြော ကျွန်မ ခါးခါးသီးသီးပင် ငြင်းလိုက်မိပါသည်။

"လုံးဝမျှော်လင့်နဲ့..."

ကျွန်မရဲ့ပြင်းထန်သောစကားကြောင့် ကိုလေးမျက်နှာမဲ့ပုပ်သွားပြီး ကျွန်မအား ရန်လုပ်ပါတော့သည်။

"နင်ကလည်း တွန့်တို နေလိုက်တာ... နင်ချစ်ရမှာမှ မဟုတ်တာ... သူ ချစ်ရမှာပဲဥစ္စာ"

"အဲ့ဒါကြောင့်မို့လို့ ပိုတွန့်တိုနေရတာပေါ့... ကိုလေးဘာလဲဆိုတာ 'ထားချို' မသိပေမယ့် 'ဝင်းနီ' သိတယ်... 'ဝင်းနီ'





သိရဲ့နဲ့ ကိုယ့်သူငယ်ချင်းကို 'ကိုလေး' လက်ထဲအပ်မခံနိုင်ပါဘူး"

"အံမယ်လေး နင် ပြောသလိုဆို ငါကပဲအရမ်းကာရောဆိုးသွမ်းနေတဲ့ပုံစံမျိုးပါလား... ငါ ဘာဆိုးနေလို့လဲ"

ကိုလေး ကဒေါသဖြင့် မျက်နှာကြီးနီကာ 'ဝင်းနီ' ကိုရှူးရှူးရှဲရှဲ ရန်လုပ်နေပါလေပြီ။

'ဝင်းနီ' ကိုလေး ကို စိုက်ကြည့်ကာ မဲ့လိုက်သည်။

"ရည်းစားထည်လဲထားတာ မဆိုးဘူးလား"

"ဟဲ့အဲ့ဒါယောကျ်ားကောင်းအလုပ်ပဲ ယောကျ်ားကောင်းမောင်းမတစ်ထောင်ဆိုတာ နင် မကြားဖူးဘူးလား ရှစ်တ်"

"အဲ့ဒါ ရှေးခေတ်က ဘုရင်တွေ... ကိုလေးကဘုရင်မို့လို့လား"

"ဟ ဘုရင် မဟုတ်လည်း ရည်းစားထားတာဘာဖြစ်လဲ နင်တို့ မိန်းကလေးတွေလည်း ထားလို့ရတာပဲ... ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက် ဆိုတဲ့ စကားတောင်ရှိသေးတယ် "

"မထားချင်ပါဘူး"

ကျွန်မ နှုတ်ခမ်းကိုစေ့ကာအပြော ကိုလေး က ကျွန်မ

မခံချင်အောင် တမင်စကာပြောလေသည်။

"အေးလေ နင့်လိုအရုပ်ဆိုးတဲ့သူကို ချစ်မဲ့လူမရှိလို့ ရည်းစားမထားချင်ပေမယ့် 'ထားချို' မှာတော့ ရှိချင်ရှိနေမှာပေါ့"

ကျွန်မနဲ့မသိတဲ့အချိန်ပိုင်းက 'ထားချို' မှာ ရှိချင့်ရှိခဲ့မှာဖြစ်ပေမယ့်လည်း ကျွန်မနဲ့တွဲပြီးနောက်ပိုင်းမှာ 'ထားချို' ဆီက ဘာမှပြောသံမကြားရဘူးပါ။

ရှိခဲ့တယ်ဆိုလျှင်လည်း 'ထားချို' ရဲ့ချစ်သူက အပျိုစားထဲက ဖြစ်မှာပါလေ။

ဘာပဲဖြစ်ဖြစ် ကိုငှလးနဲ့မပတ်သက်ဘူးဆိုလျှင်ဘဲ ကျွန်မအတွက် စိတ်အေးရတာကြောင့် လည်သာအိတ်ကိုလွယ်ကာ ဖိုင်တွဲကိုပိုက်ရင်း ကျွန်မအိမ်ထဲကအထွက် ကိုလေး ကိုလှမ်းဆူလိုက်တဲ့ မေမေ့ရဲ့အသံအုပ်အုပ်ကိုကြားလိုက်ရပါသည်။

"မင်းကလည်းကွယ် ကလေးကိုရုပ်ဆိုးသလေးဘာလေးနဲ့... သမီးလေးက ရုပ်မဆိုးပါဘူး"

"မေ့သမီးက စိတ်ပုပ်တော့ အဲ့ဒီလိုပဲ ပြောရမှာပေါ့လို့"

"သမီးလေးက သူ့သူငယ်ချင်းကို သိပ်ချစ်လို့နေမှာပါသားရယ်"





"သူ ချစ်တော့ကောင်းတယ်... ကျွန်တော်ချစ်မှာကျတော့ တွန့်တိုနေတယ်... ဒါ ကောင်းသလား"

"ကဲပါကွယ်...သားလည်း ကျောင်းသွားရမှာပဲမဟုတ်လား...ရေသွားချိုးတော့လေ"

'ဒေါ်ကျော့ကျော့' သားဖြစ်သူပခုံးကို အသာပုတ်ကာအိမ်ထဲကို တွန်းလွှတ်လိုက်မှ သားငယ် မကျေမနပ်ဖြင့် ထွက်သွားခဲ့ပါသည်။

သားကြီး 'တင်မင်းနီ' က စနေသားသာဆိုသည် ညနေပိုင်းမွေးသူမို့လားမသိ အနေအေးသလောက် သားငယ် 'ဇင်လင်းနီ' က ပူညံပူညံဖြင့် ညံမဆုံးတတ်သူပါ။

သားနှစ်ယောက်ရပြီး တော်လောက်ပြီဟုထင်ကာ ခပ်အေးအေးနေခဲ့သမျှ သားငယ်လေးနှစ်အရွယ်တွင် သမီးလေး 'ခင်ဝင်းနီ' ကို ကိုယ်ဝန်ဆောင်ခဲ့ရတာဖြစ်ပါသည်။

သူ့ကိုယ်သူ အငယ်ဆုံးဟုယူဆကာ ဗိုလ်ကျနေသမျှသူ့ထက်ဆိုးတဲ့ အငယ်ရောက်လာတော့ နေရာဖယ်ပေးလိုက်ရ၍ သားငယ်က သမီးငယ်ကို ရန်လုပ်မဆုံးပါ။

ငယ်စဥ်တည်းက ရန်လုပ်ပြီးဗိုလ်ကျလာတာ ခုချိန်ထိ ကျေကိုမကျေနပ်နိုင်သေးပါ။

ဒါတောင်သားငယ်က ကွန်ပြူတာဖြင့် ကျောင်းပြီးကာ ကွန်ပြူတာသင်တန်းကျောင်းတစ်ခုတွင် နည်းပြအဖြစ် တာဝန် ထမ်းဆောင်နေပါပြီ။

သားကြီးက ဆရာဝန်အဖြစ် မြောက်ဥက္ကလာပဆေးရုံကြီးတွင် တာဝန်ကျနေသည်။

အိမ်ထောင်မကျ,ကျသေးဘူးဆိုတော့လည်း မိဘအိမ်မှာ ကလေးဖြစ်နေကြပါသည်။

'ဒေါ်ကျော့ကျော့' အိမ်ရှေ့ကိုထွက်အလာ အိမ်ရှေ့က အုတ်ခုံလေးပေါ်တွင် သမီးငယ်ကို ထိုင်လျှက်တွေ့လိုက်ရပါသည်။

ပခုံးထိရှိသာရှည်တဲ့ ဆံပင်လေးကို နောက်ဘက်တွင် ကတ္တီပါခေါင်းစည်းဖြင့် မြင့်မြင့်လေးစုစည်းထားတဲ့ သမီးပုံစံလေးက ချစ်စရာလေးပါ။

အဝန်းကျယ်သောမျက်လုံး၊ ချွန်စင်းနေတဲ့နှာတံနှင့်၊ နှုတ်ခမ်းပါးပါးလေးက သမီးလေးရဲ့ အလှတွေပဲဖြစ်ပါသည်။

ဒီ အလှအပတွေကို ဖျက်ဆီးနေတာက မျက်နှာပေါ်က မျက်မှန်ထူထူကြီးပါ။

သမီး ရှစ်တန်းရောက်တဲ့နှစ်တွင် မျက်မှန်စတပ်ခဲ့ရ





တာဖြစ်ပါသည်။

ဆယ်တန်းအောင်ချိန်မှာတော့ မျက်မှန်ကအတော်လေးကို ပါဝါမြင့်နေပါပြီ။

"ဟော..."

'ဒေါ်ကျော့ကျော့' ငေးကြည့်နေဆဲ အိမ်ရှေ့ကို ပရားဒိုးကားနက်မှောင်မှောင်ကြီး ထိုးဆိုက်လာခဲ့ပါသည်။

ကားပေါ်က လှပဖြူဝင်းသော မျက်နှာလေးတစ်ခုပေါ်လာကာ သမီးကို လှမ်းပြုံးပြတာတွေ့လိုက်ရပါသည်။

သမီးလေးရဲ့ သူငယ်ချင်း 'ထားချိုလွင်' ပါ။

"စောင့်နေရတာ ကြာပြီလား"

"ဟင့်အင်း... ခုလေးပဲ"

'ဝင်းနီ' နေရာမှထကာအပြော 'ထားချို' က သူမကိုလှမ်းနှုတ်ဆက်ပါသည်။

"အန်တီ သွားပါဦးမယ်နော်"

'ဒေါ်ကျော့ကျော့' ပြုံးကာ ခေါင်းညိတ်အပြ အနားကို သားငယ်ရောက်လာတာ သတိထားလိုက်မိပါသည်။

"အဲ့ဒါမျိုး ချွေးမမလိုချင်ဘူးလား"

ချောကလက်ရောင်နနု အီတလီပိုးအင်္ကျီလက်တို၊ချော

ကလက်ရောင်နုနုအပေါ် အညိုကွက်လေးများပါသော လုံချည်ပျော့များဖြင့် 'ထားချို'ရဲ့အလှက နူးညံ့ဝင်းပစိုပြေလှပါသည်။

'ထားချို'ရဲ့အပြုံးက ပိုပြီးနူးညံ့ချိုသာလှတာမို့ သားအမိနှစ်ယောက်လုံး ငေးကြည့်နေပြီးမှ 'ဒေါ်ကျော့ကျော့' ပြုံးကာပြောလိုက်မိပါသည်။

"လိုချင်တာပေါ့ကွယ်... ဒီလောက်ချော ဒီလောက်လှပြီး ဒီလောက်ယဉ်ကျေးတာ"

"ခဏပဲစောင့် သား ရအောင်လိုက်ပြမယ်"

'လင်းနို' လက်ဖျောက်တီးကာ အပြော...

"မင်းညီမနဲ့ဖြစ်ပါလိမ့်မယ်"

'ဝင်းနို' အကြောင်းကိုရောက်သည်နှင့် 'လင်းနို' စိတ်တိုသွားရပါသည်။

ကြက်တူရွေးကတော်တော် မယ်ဘော်ကပိုကဲနေသည်။ တကယ်ဆို ကိုယ့်အစ်ကိုဘက်ကို နည်းနည်းပါးပါး ပါပါတော့လား။

ရအောင်ကိုလိုက်မည်အတွေးဖြင့် လူလုံးထွက်အပြ ကိုလေး ကို 'ထားချို' မြင်မသွားအောင် ကျွန်မစကားမရှိစကားရှာကာပြောလိုက်မိပါသည်။





[ ၃ ]

"တို့ကိုလာခေါ်ရတာ 'ထားချို' အလုပ်ပျက်ပါတယ်ကွာ... နောက်နေ့ လာမခေါ်နဲ့တော့နော်"

ကျွန်မရဲ့စကားကြောင့် 'ထားချို'က အေးချမ်းစွာပြုံးလေသည်။ 'ထား' ကိုယ်တိုင်က လိုလိုလားလား ခေါ်ချင်၍ လာခဲ့တာပဲ။

"အလုပ်မပျက်ပါဘူး 'ဝင်းနို' ရယ်... ခေါ်ချင်လို့လာခဲ့တာပဲ... ဘာလဲ 'ထား' ကိုစောင့်နေရတာ ကြာလို့လားဟင်"

'ထား' မျက်နှာလေးက ပျက်နေတာကြောင့်လည်း

ကျွန်မပြာပြာသလဲပြောလိုက်မိပါသည်။

"မဟုတ်ပါဘူး… 'ထားချို' ပင်ပန်းမှာစိုးလို့ပါ"

"ဟင့်အင်း… 'ထား' ပျော်တောင်ပျော်ပါသေးတယ် 'ဝင်းနီ' ရယ်…"

ပြောရင်း 'ထားချို' သူ့ကိုလက်ပြနေသော ကိုလေးကို တွေ့သွားတာကြောင့် ပြုံးကာ ပြန်ပြီးလက်အပြ 'ဝင်းနီ' ကိုလေးကို မကျေမနပ်လှည့်ကြည့်လိုက်မိပါသည်။

" 'ဝင်းနီ' အစ်ကိုလားဟင်"

"အင်း ကိုလေး လေ… 'ဇင်လင်းနီ' တဲ့… ကွန်ပြူတာနဲ့ ကျောင်းပြီးထားတာ"

အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ မျက်နှာချိုချိုဖြင့် ကိုလေး ပုံစံက မိန်းကလေးတွေ နှစ်သက်သော ရုပ်ရည်မျိုးပါ။

"ကိုကြီး ရှိသေးတယ် 'ထား' ရဲ့… 'တင်မင်းနီ' တဲ့ အခု မြောက်ဥက္ကလာဆေးရုံကြီးမှာ အလုပ်သင်ဆရာဝန်အဖြစ် အလုပ်ဝင်နေပြီ"

"အစ်ကိုတွေနဲ့ ဆိုတော့ ပျော်မှာပေါ့နော်"

'ထားချို' မျက်နှာလေးက နူးညံ့ချိုသာကာ အေးချမ်းသိမ်မွေ့နေပါသည်။





ကျွန်မ နှုတ်ခမ်းကိုစေ့ကာ မကျေမနပ် ပြောလိုက်မိပါသည်။

"ဒီလိုပါပဲကွာ… တည့်တစ်လှည့် မတည့်တစ်လှည့်နဲ့"

" 'ထားချို' ဘဝကတော့ တစ်ယောက်တည်းမို့ ပျင်းစရာကြီး… အဲ့ဒါနဲ့ စာကိုပဲ ဖိကြိုးစားရာက ဆေးဝင်သွားရတာ"

ရယ်မောရင်းပြောတဲ့ 'ထားချို' က ကျွန်မရဲ့ဘဝကိုစိတ်ဝင်စားပေမယ့် ကျွန်မကကျတော့ 'ထားချို' ရဲ့ဘဝကို အားကျအထင်ကြီးမိပါသည်။

အဖေကနိုင်ငံခြားသင်္ဘောလိုင်းတစ်ခုကို ကိုယ်စားလှယ်ရက်ပ်ရထားသော လူကြီးတစ်ယောက်ဖြစ်ကာ အမေကစိန်တိုက်တစ်တိုက်ကို ပိုင်ဆိုင်ထားသူမို့ 'ထားချို' ရဲ့ဘဝက ဘာကိုမှပူပင်စရာမလိုအောင် ပြည့်စုံကုံလုံလွန်းသူပါ။

'ထားချို' ခေါ်သွားဖူး၍ ရောက်ခဲ့ရတဲ့ 'ထားချို' တို့တိုက်က နန်းတော်ကြီးတမျှ ခမ်းနားလှပသလို 'ထားချို' ရဲ့ဘဝကလည်း ထိုနန်းတော်ကြီးထဲက ရွှေမင်းသမီးလေးတစ်ဦးဘဝရယ်ပါ။

'ထားချို' ရဲ့ဖခင်ကော 'ထားချို' ရဲ့မိခင်ပါ 'ထားချို' ကို ငုံထားမတတ်ချစ်ကြပါသည်။

"'ထားချို' က အဲ့ဒီလို ညီအစ်ကိုမောင်နှမတွေနဲ့နေရတာကို သဘောကျတာ… တစ်ခါတလေ 'ထားချို' မှာ စိတ်ညစ်စရာရှိလို့တောင် တိုင်ပင်စရာအဖော်ရှိတာ မဟုတ်ဘူး"

"'ထားချို' မှာ စိတ်ညစ်စရာရှိတယ် ဟုတ်လား"

ကျွန်မ 'ထားချို' မျက်နှာကို အံ့ဩစွာငေးကြည့်နေမိပါသည်။

ဒီလောက်လှပပြီး ဒီလောက်စည်းစိမ်ချမ်းသာတွေပြည့်စုံတဲ့ 'ထားချို' ဘဝမှာ ဘာတွေများ စိတ်ညစ်စရာတွေရှိနေလို့ပါလိမ့်။

ကားကကျောင်းဝင်းထဲကို ရောက်လာတာကြောင့်စကားပြတ်သွားခဲ့ပါသည်။

ကျောင်းကအပြန်တွင် ကိုကြီးကလာကြိုပေးတာကြောင့် 'ထားချို' ကားနဲ့ မလိုက်ဖြစ်ပါ။

ကိုကြီး ကို လက်ပြကာ ခဏစောင့်ခိုင်းရင်း 'ထားချို' ကို နှုတ်ဆက်လိုက်မိပါသည်။

"ကိုကြီး လာကြိုနေတယ် 'ထားချို'… ကိုယ်လိုက်သွားတော့မယ်"

ပြုံးကာလက်ပြနေတဲ့ 'ထားချို' ကို ငေးကြည့်ရင်း ကိုကြီး





က တီးတိုးပြောလေသည်။

"အတော်ချောတာပဲနော်… ရည်းစားရှိလား"

လာပြန်ပြီကစ်ယောက်။ ကျွန်မ ကိုကြီး ကို မကျေမနပ်ပြောလိုက်မိပါသည်။

"ရှိမှာပေါ့ ကိုကြီး ရဲ့… မရှိလဲ သူ့မိဘက ရည်ရွယ်ထားတဲ့သူတော့ ရှိမှာသေချာတယ်… ဘာဖြစ်လို့လဲ"

"ဩော် ရည်ရွယ်ထားတဲ့လူမရှိရင် ကိုကြီး ရည်ရွယ်မလားလို့ပါ"

ကျွန်မ 'မေဆွိ' ရဲ့ နပမ်းဆံသီချင်းထဲက 'နောက်တစ်ခါလာပြန်ချည်သေးရဲ့ ဟော ဟော ဝါး' ဆိုတဲ့အပိုဒ်ကို တီးတိုးရေရွတ်လိုက်မိပါသည်။

သူငယ်ချင်းလေးတစ်ယောက် ထားမိပါသည်။ ကိုကြီး ကလည်း မလွတ်၊ ကိုလေး ကလည်းမလွတ်ပါ။

ဒါကြောင့်လည်း ကျွန်မရဲ့အိမ်ကို 'ထားချို'ကိုဘယ်တုန်းကမှ အလည်မခေါ်ခဲ့ဘူးပါ။

'ထားချို' နဲ့ပတ်သက်၍ ကျွန်မဘက်က လုံးဝမလှုပ်ဘဲငြိမ်နေမှန်းသိတော့ ကိုကြီး ကစသည်။

"ဘယ်လိုလဲ ကိုကြီးနဲ့ကော သဘောမတူဘူးလား"

"မတူပါဘူး"

ကိုလေးကပွေသလို ကိုကြီးကလည်းသူ့ဘက်ကအစ စအရာရာသာမှ မိန်းကလေးတစ်ယောက်ကို အပီတွဲချင်သူပါ။

ပါချီပါချက်လောက်များ စိတ်ကူးထဲတွင် လုံးဝထည့် တတ်သူမဟုတ်ပါ။

ဒီလို ဈေးတွက်တွက်တဲ့ ယောကျ်ားမျိုးနဲ့လည်း ကျွန်မ သူငယ်ချင်းနဲ့ မဖြစ်စေချင်ပါ။

'ထားချို' လို အေးလည်းအေး၊ သဘောလည်းကောင်း သော အစစအရာရာလည်း ပြီးပြည့်စုံသော သူငယ်ချင်းတစ် ယောက်ကို ကျွန်မက တော်ရုံတန်ရုံလောက်နဲ့များ ဘယ်လိုမှ သဘောတူဖို့ စဉ်းစားမထားမိပါ။

ကျွန်မသဘောတူတဲ့လူက ပညာလည်းတတ်၊ အဆင့်အ တန်းလည်းမြင့်၊ ရုပ်လည်းချော၊ 'ထားချို' ကို အရမ်းချစ်ကြင် နာတဲ့သူနဲ့ပဲ ဆုံဆည်းစေချင်ပါသည်။

သည်လိုနှင့် ကျွန်မတို့အတန်းတွေ တစ်တန်းပြီးတစ် တန်း ကျော်ဖြတ်ခဲ့ကြပါသည်။

ကျွန်မနဲ့ 'ထားချို' ရဲ့ ရင်းနှီးခင်မင်မှုကလည်း တစ်စ ထက်တစ်စ တိုးတက်မြင့်မားလာခဲ့ပါသည်။





[ ၄ ]

ထိုနေ့က ကျွန်မဘယ်လိုမှ မျှော်လင့်မထားသော 'ထားချို' ရဲ့ ဘဝတစ်စိတ်တဒေသကို သိရှိခွင့်ရလိုက်သောနေ့ တစ်နေ့လည်းဖြစ်ပါတော့သည်။

ပရယ်တီကယ်ပြီး၍ အခန်းထဲက ထွက်လာသောကျွန်မ ကို 'ထားချို' က မပွင့်တပွင့်လှမ်းမေးပါသည်။

" 'ဝင်းနီ' အားလားဟင်"

အတန်းဆက်တက်စရာ မရှိတာကြောင့်လည်း ကျွန်မ ခေါင်းညိတ်ပြလိုက်ပါသည်။

"အားပါတယ် ဘာဖြစ်လို့လဲ"

'ထားချို'၏မျက်နှာတွင် တစ်ခုခုကို ပြောသင့်မပြောသင့် ချိန်ဆနေသော အရိပ်အယောင်ကို တွေ့နေရတာကြောင့် ကျွန်မ 'ထားချို' ရဲ့မျက်နှာကို စိုက်ကြည့်ကာ မေးလိုက်မိပါသည်။

"ပြောလေ ကိုဘာအကူအညီပေးရမလဲ"

'ထားချို' က ဘာမှမပြောပါ။ ဖိုင်တွဲကိုပိုက်ကာခေါင်းငုံ့ရင်း လမ်းလျှောက်နေပါသည်။

အဝါနုရောင်ခါးတို ကိုယ်ကြပ်အကျီလေးနှင့်လိုက်ဖက်တဲ့ ကိုးရီးယားစိန်မိုက်ကယ်လုံချည် ဝါဖျော့ဖျော့လေးက 'ထားချို' ရဲ့ ကိုယ်ခန္ဓာပေါ်မှာ ပျော့ပျောင်းစွာ နေရာယူထားပါသည်။

စိန်လုံးလေးတွေအနားမှာသီထားတဲ့ ကတ္တီပါခေါင်းစည်း ညိုဖျော့ဖျော့လေးဖြင့် ဆံပင်ကိုမြင့်မြင့်လေး စုချည်ထားသောကြောင့် ပျော့အိနေတဲ့ 'ထားချို' ရဲ့ဆံပင်လေးတွေက လေအဝေ့တွင် လွင့်ပါးကာ 'ထားချို' ကိုကြည့်ရတာ ပိုမို၍သာ ချစ်စရာကောင်းနေရပါသည်။

ခါတိုင်း ကရင်ပတ်ဖ်လောက်သာ ဖို့လာတတ်တဲ့ 'ထားချို' ရဲ့မျက်နှာတွင် ရယ်ဗလွန်အညိုနုရောင် နှုတ်ခမ်းဆိုးဆေး





တင်ကာ အညိုရင့်ရင့်ဆေးဖြင့် မျက်တောင်လေးတွေကော့ထား၍ မျက်ဝန်းတွေက ပိုမိုရွှန်းစိုတောက်ပကာ ခါတိုင်းထက်ကို 'ထားချို' က အများကြီးပိုမိုလှပနေပါသည်။

"'ထား' တစ်နေရာကို သွားမလားလို့ပါ"

ကျွန်မစိတ်ထင် ဗိုလ်ချုပ်ဈေး၊ ဒါမှမဟုတ် ယုဇနပလာဇာ၊ ဒါမှမဟုတ် shopping centre တစ်ခုခုကို 'ထားချို' သွားမလားဟု ထင်ထားမိခဲ့ပါသည်။

"သွားလေ ကိုယ်လိုက်ပေးမှာပေါ့"

ကျွန်မလိုလားစွာပင် ခေါင်းညိတ်လိုက်မိပါသည်။

ဒါပေမဲ့ ကျွန်မထင်ထားတာနဲ့ ဆန့်ကျင်စွာပင် 'ထားချို' ဆီက စကားသံထွက်လာခဲ့ပါသည်။

"Cafe Aroma ကို 'ဝင်းနီ' ရောက်ဖူးလားဟင်"

ကိုကြီးတို့ကိုလေးတို့ထိုင်ဖူးတာကြောင့် ဆူးလေဘုရားလမ်းတွင် ရှိသည်ဆိုတာသိပေမယ့် 'ဝင်းနီ' တစ်ခါမှတော့ မရောက်ဖူးသေးပါ။

ကာဖီဆိုင်မို့ 'ထားချို' ကာဖီသောက်ချင်လို့များလား၊ အတွေးဖြင့် ရီးသားစွာပင် မေးလိုက်မိပါသည်။

"'ထားချို' ကာဖီသောက်မလို့လား"

ကျွန်မ မေးလိုက်ကာမှ 'ထားချို' မျက်နှာကရဲသွားကာ ကျွန်မကို ခေါင်းခါပြပါသည်။

"ကိုယ်လူတစ်ယောက်နဲ့ ချိန်းထားလို့ပါ"

ပြောရင်း ရှက်ယောင်သမ်းနေတဲ့ 'ထားချို' ရဲ့မျက်နှာက တစ်စုံတစ်ခုကို မလုံမလဲဖုံးကွယ်သို့ဝှက်ထားသလို ပုံစံကြောင့်လည်း ကျွန်မ အံ့ဩစွာပင် စိုက်ကြည့်လိုက်မိပါသည်။

ကြည့်စမ်း။ ကျွန်မ ဒူနေလိုက်တာ။

'ထားချို' လိုလှပသော မိန်းကလေးမှာ နှစ်သက်သောသူမရှိဘဲနေပါ့မလား။

ကျွန်မ ကျေနပ်စွာအပြုံး 'ထားချို' မျက်နှာတွင်လည်း ပန်းနုရောင်ရှက်ရိပ်ကို တွေ့လိုက်ရပါသည်။

"'ထားချို' ရဲ့ ချစ်သူနဲ့လားဟင်"

"ဆိုပါတော့"

ခပ်တိုးတိုးဖြေလိုက်တဲ့ 'ထားချို' ရဲ့အသံက ပုစ္ဆာတစ်ခုရဲ့အဖြေလိုပါပဲ။

ကျွန်မရင်ထဲတွင် ပျော်ရွှင်ခြင်းအပြည့်နဲ့အတူ ချမ်းမြေ့ခြင်းကိုပါ ခံစားလိုက်ရပါသည်။

တလက်စတည်း ကိုကြီးနဲ့ကိုလေးတို့အတွက် အဖြေ





ကိုပါ ချက်ချင်းရလိုက်သလို ကြည်နူးသွားမိပါသည်။

အတွေးတွေလည်း အများကြီးတွေးလိုက်မိပါသည်။

'ထားချို' ရဲ့ချစ်သူက 'ထားချို' လိုပဲ ချောမှာလား။

'ထားချို' လိုပဲ တည်ငြိမ်အေးချမ်း သိမ်မွေ့မှာလား။

ပြီးတော့ 'ထားချို' လိုပဲ ချမ်းသာမှာလား။

ကျွန်မ သိသလောက် 'ထားချို' တို့ရဲ့အသိုင်းအဝိုင်းကမြင့်မားလှပါသည်။

'ထားချို' အဖေဘက်က အမျိုးအားလုံးကော အမေဘက်က အမျိုးများပါ၊ နိုင်ငံခြားတွင်နေထိုင်ကာ စက်ရုံအလုပ်ရုံတွေပိုင်ဆိုင်ထားကြလေသည်။

'ထားချို' ရဲ့ မိခင်ကောဖခင်ပါ မကြာခင်သွားကြတော့မှာကိုသိထား၍ 'ထားချို' ရဲ့ချစ်သူဆိုတာလည်း တော်ရုံတန်ရုံထဲက ဖြစ်လိမ့်မည်ဟု ကျွန်မ ထင်မထားပါ။

သဘောအရာရှိလား၊ ကုမ္ပဏီပိုင်ရှင်လား၊ ဒါမှမဟုတ်သူမရဲ့အဖေလို လုပ်ငန်းရှင်တစ်ယောက်များလား။

သေသေချာချာ သိလို့ကတော့ ကိုကြီးနဲ့ကိုလေးကိုပြန်ကြွားလိုက်ဦးမည်။

ကျွန်မ မခံချင်အောင် ကိုလေးက 'ထားချို' ကို သူ

မရရအောင်လိုက်ပြမည်ဟု မကြာခဏကြုံးဝါးတတ်သည် မဟုတ်ပါလား။

ကိုလေး ကြုံးဝါးတိုင်း ကျွန်မမှာ 'ထားချို' ကို ကိုလေး ဘက်ပါသွားမှာစိုး၍ ကိုလေး မကောင်းသတင်းတွေလန် ကြုတ်လုပ်ကာ လေပုပ်ထုတ်ရတာလည်း အခါခါရှိယ်ပါ။

သည်မျှ ကျွန်မ 'ထားချို' ကို တန်ဖိုးထားပါသည်။

'ထားချို' နဲ့ပတ်သက်လျှင် ကျွန်မ ပိုတတ်လွန်း၍လည်း 'ကိုလေး' က ကျွန်မကို နာမည်ဆိုးပေးထားပါသည်။

"နိုင်ငံခြားမှာ နာမည်ကြီးတွေကို စောင့်ရတဲ့ဘော်ဒီဂတ်တွေက ပိုက်ဆံအများကြီးရတယ်... ဒီ ဘော်ဒီဂတ်ကတစ်ပြားမှမရတဲ့ ဘော်ဒီဂတ်... အလကားပဲတင်း ဘော်ဒီဂတ်"

"ဘာဖြစ်လဲ... ကိုယ်ချစ်လို့ ကိုယ်စောင့်ပေးတာပဲ"

"ချစ်ပါ နင် ဘယ်လောက်ချစ်ချစ် ဟိုက သူ ချစ်တဲ့သူ သူ ရွေးချယ်မှာပဲ... ငါတို့လို အကောင်းစားကို ရွေးချယ်ခွင့်မပေးဘဲ ပေါက်ကရရွေးသွားမှ နင် ဟတ်ကောကြီးဖြစ်ကျန်ခဲ့မှာ မြင်ယောင်သေးတယ်"

" 'ထားချို' လား ဘယ်တော့မှပေါက်ကရ ရွေးမှာမဟုတ်ဘူး... သူ့အဆင့်အတန်းကို သူသိတယ်"





"အချစ်ကို နင် ဘာသိလို့လဲ... တကယ့်အချစ်မှာငွေလဲမရှိဘူး... ဂုဏ်လဲမရှိဘူး... အဆင့်အတန်းလဲမရှိဘူး...အေးလေ နင့်လိုအချစ်နဲ့ မကြုံဘူးသေးတဲ့လူကို ဒီစကားတွေပြောနေလို့လည်းအပိုပါပဲ... နော် ကိုကြီး နော်"

အနားရောက်လာတဲ့ ကိုကြီး ကို ကိုလေး ကလှမ်းပြောလိုက်တာဖြစ်ပါသည်။

"ဟုတ်တယ် ညီမလေးရဲ့... အချစ်ဆိုတာ တကယ်ချစ်ဖူးတဲ့လူ တကယ်ခံစားဖူးတဲ့လူမှ ကိုယ်ချင်းစာနိုင်တာ... ငါ့ညီမလေးလို ရင်မခုန်ဘူးတဲ့လူကို ဒါတွေ ပြောနေလို့လဲ အပိုပါပဲ"

ကျွန်မ ကိုကြီးကိုကြည့်ကာ မဲ့လိုက်မိပါသည်။ 'ထားချို' နဲ့ အဆင်သွယ်မပေးရကောင်းလားဆိုပြီး ညီအစ်ကိုနှစ်ယောက် အတိုင်အဖောက် ညီနေလိုက်ကြတာ။

ကျွန်မ ရင်မခုန်ဖူးဘူးလို့ပဲ ကိုကြီး တို့ထင်နေကြပုံရပါသည်။

ကျွန်မ ရင်ခုန်ခဲ့ဖူးတာကို ကျွန်မ ဘယ်သူ့ကိုဖွင့်ပြောပြရမှာလဲနော်။

"တွေ့လား ကိုကြီးညီမ ငြိမ်ကျသွားပြီ... သူ့လိုအလှအပလည်းမပြင် ဘာစတိုင်လ်မှလည်း မရှိတဲ့သူကို ဘယ်

ယောကျ်ားလေးက စိတ်ဝင်စားမှာမို့လို့လဲ... 'ထားချို' နားကပ်နေတာလဲ အလကားမဟုတ်ဘူး... 'ထားချို' မရွေးလို့ပြုတ်ကျခဲ့တဲ့သူတွေထဲ၊၊ သူ့ကိုစိတ်ဝင်စားတဲ့သူများ တွေ့မလားဆိုပြီး အတင်းတွယ်ကပ်နေတာကြည့်ပါလား"

"သားတို့ကလည်းကွယ်... စစရာမရှိ ကိုယ့်ညီမလေးကိုပဲ စနေကြတာကိုး"

"စပါစေ မေရယ်... သမီးရင်ထဲမှာ ဘယ်သူရှိတယ်ဆိုတာကို သမီးပဲသိပါတယ်"

"ဟာ အထင်ကြီးစရာပါလား ပြောစမ်း ငါ့ညီမကိုကြိုက်တာ ဘယ်သူကောင့်သားမောင်ကံဆိုးလဲ"

ကိုလေးရဲ့ မခံချင်စရာစကားက ကျွန်မရဲ့မာနကိုထိပါးစေပါသည်။

ကျွန်မရင်ထဲက စကားတွေလည်း ထွက်သွားခဲ့ပါသည်။

"မောင်ကံဆိုး မဟုတ်ဘူး... မောင်ကံကောင်း သိလား... ကိုကြီးတို့ ကိုလေးတို့ကို ဘယ်မိန်းကလေးနဲ့ အရောဝင်ရမလဲ ချောင်းနေတဲ့လူမဟုတ်ဘူး"

"ဟုတ်လား တွေ့ဖူးချင်လိုက်တာ... မြင်ဖူးချင်လိုက်တာ ယောက်ဖလောင်းကို"





ကိုလေးက မုန်းစရာမျက်နှာပေးနဲ့ အပြော၊ မေမေကရယ်ကာ 'ကိုလေး' ကို အတင်းတွန်းလွှတ်ပါသည်။

"တော်ပါတော့ သားတို့ရယ်... မေမေ ရယ်ရလွန်းလို့ အူတက်တော့မယ်"

"တော်လို့မဖြစ်ဘူးမေ... မေ့သမီးက ရည်စားလည်းမရှိဘဲ အလျှော့မှမပေးတာ"

"ပေးစရာလား... 'ဝင်းနီ' မှာ တကယ်ရှိနေတဲ့ဥစ္စာ"

"ဘယ်မှာလဲပြော"

"ရှိတယ် ရင်ထဲမှာရှိတယ်"

"ဒါဆို အပြင်မှာမရှိဘူးပေါ့... တစ်ဖက်သတ်ကြီးပေါ့... အေးလေး နင့်လို မှန်ကြောင်မလေးတစ်ယောက်ကို ဘယ်သူက အရေးတယူချစ်နေမှာလဲ"

ကိုလေးရဲ့ ချိုးချိုးဖွဲ့ဖွဲ့စကားကြောင့် ကျွန်မ မျက်ဝန်းတွင် မျက်ရည်များ ရစ်ဝဲလာခဲ့မိပါသည်။

သူနဲ့တွေ့စဉ်က ကျွန်မ မျက်နှာတွင် မျက်မှန်မတပ်ရသေးပါ။

ကျွန်မ မှန်ကြောင်ဆိုတာလည်း သူ မသိပါ။

သူ သိတာ ကျွန်မခေါင်းက အမြဲစည်းထားသော

ကြက်တောင်စည်းလေးကိုပါ။

ကျွန်မကို သူခေါ်တော့လည်း 'ကြက်တောင်' တဲ့။

ကျွန်မကလည်း ဘောလုံးအမြဲတမ်းကန်တဲ့ သူ့ကို ဘောလုံးဟုပဲ ခေါ်ခဲ့ပါသည်။

ဘောလုံး နဲ့ ကျွန်မ ဆုံတွေ့ခဲ့ကြတာ ဖေဖေ မော်လမြိုင်ကို ပြောင်းတဲ့နှစ်တွင် ဖြစ်ပါသည်။

အချိန်ကာလအားဖြင့် လွန်ခဲ့တဲ့ဆယ်နှစ်ဝန်းကျင်ကဖြစ်ပါသည်။





## ၅

အစိုးရ ဝန်ထမ်းပီပီ ရာထူးတစ်ခါတက်လျှင်တစ်နေရာကိုပြောင်းရတာ ဖေဖေတို့အလုပ်ဖြစ်ပါသည်။

ခုလဲ ရာထူးတက်တာဆိုတော့ မပြောင်းလို့မဖြစ်ပါ။

ကိုကြီးကဆေးတက္ကသိုလ်တက်နေကာ ကိုလေးက ဆယ်တန်းဖြေရမှာမို့ ရန်ကုန်ရှိ ဘွားဘွားတို့အိမ်မှာထားခဲ့ကာ ကျွန်မကတော့ ကလေးပီပီ ဖေဖေတို့ပြောင်းလေရာ နေရာတိုင်းကိုလိုက်ပါရသူပါ။

မော်လမြိုင်ရှိ ကျွန်မတို့နေရမယ့်တိုက်လေးက မိသား

စု ခြောက်ယောက်ခန့်နေနိုင်သော တိုက်လေးဖြစ်ကာ အမိုးနီနီ ချွန်ချွန်လေးဖြင့် ချစ်စရာတစ်ထပ်တိုက်ပုလေးဖြစ်ပါသည်။

ကျွန်မတို့ခြံနဲ့ကပ်လျက် ခြံကျယ်ကြီးကတော့ ဖေဖေ့အထက်ကအရာရှိကြီး၏ တိုက်ဟုသိရပါသည်။

ခြံလယ်တွင် တိုက်ဖြူဖြူလုလုကြီးတစ်လုံးရှိကာ ကျွန်မတို့တိုက်လေးထက် သုံးဆမကကြီးမားပြီး ခြံထဲတွင်ကားနှစ်စီးရပ်ထားသည်ကို တွေ့ရပါသည်။

ဘာပဲဖြစ်ဖြစ် အဖော်မဲ့နေတဲ့ ကျွန်မအတွက် အဖော်ကိုတမ်းတမိတာအမှန်ပါ။

မေမေ့ညီမဝမ်းကွဲ 'ဒေါ်လေးပု' ရှိပေမယ့်လည်း 'ဒေါ်လေးပု' က အမြဲတမ်းအလုပ်ရှုပ်နေသူမို့ ကျွန်မတစ်ယောက်တည်း ကစားစရာခြင်းကိုဆွဲကာ ဆင်းလာခဲ့မိပါသည်။

ကျောင်းကလည်းတနင်္လာနေ့မှ တက်ရမှာဆိုတော့ပျင်းစရာကောင်းလှပါသည်။

ကိုကြီးတို့ ကိုလေးတို့ရှိလျှင်တော့ ကြက်တောင်ရိုက်လျှင်ရိုက်၊ မရိုက်လျှင် တီဗွီဂိမ်းဆော့၊ မဆော့လျှင် ဆိုင်ကယ်ဒါမှမဟုတ် စက်ဘီးစီးဖြစ်မည်ဟုထင်ပါသည်။

ခုတော့ တစ်ယောက်တည်းမို့ ပျင်းပျင်းနှင့်ခြံထောင့်တွင်





ထိုင်ကာ ကစားစရာအိမ်လေးဆောက်နေဆဲ...

"ဘုတ်..."

"အမယ်လေး..."

လူက မြေကြီးပေါ်ဖင်ထိုင်ကျသွားကာ ဘယ်ကရောက်လာမှန်းမသိတဲ့ ဘောလုံးတစ်လုံးကြောင့် ကျွန်မဆောက်နေတဲ့အိမ်လေးလည်း ပျက်စီးသွားခဲ့ရပါပြီ။

ဒီဘောလုံး ဘယ်ကနေရောက်လာရတာလဲ။

ကျွန်မ ဘောလုံးကိုကောက်ကိုင်ကာ ဟိုဟိုဒီဒီလျှောက်ကြည့်နေမိဆဲ ကျွန်မဘေးနားရှိ ခြံစည်းရိုးပေါ်မှ မျက်နှာတစ်ခုဘွားကနဲပေါ်လာခဲ့ပါသည်။

အသားဖြူဖြူ မျက်ခုံးထူထူလေးဖြင့် ကျွန်မတို့အရွယ်ခပ်ချောချော ကောင်လေးတစ်ယောက်ပါ။

"ပေး 'ကြက်တောင်'... အဲ့ဒါ ငါ့ဘောလုံး"

ကြည့်စမ်း။ လူကိုများ ရာရာစစ 'ကြက်တောင်' တဲ့။

ကျွန်မ ဘောလုံးကို လက်နောက်ပစ်ကာ ဖွက်လိုက်ရင်း စိတ်တိုတိုနဲ့ ပြန်အော်လိုက်မိပါသည်။

"မပေးနိုင်ပါဘူး ငါ့ခြံထဲရောက်လာတာ ငါ့ပစ္စည်းပဲ"

ကျွန်မ ဘောလုံးကိုယူလာကာ အိမ်ဘက်ကိုအလျှောက်.

"ဟိတ် ကောင်မလေး ပြန်လာခဲ့"

လာပြန်ပြီ။ ကောင်မလေးဟု ကျွန်မကိုခေါ်ရအောင် သူကဘယ်လောက်များ ကျွန်မထက် အသက်ပိုကြီးနေလို့လဲအတွေးဖြင့် မျက်စောင်းအထိုး ကောင်လေးဆီမှ မာဆတ်ဆတ်အသံထွက်လာခဲ့ပါသည်။

"ကောင်းကောင်းပြောနေတယ်လေ... မလာရင် ငါ့အဖေကို သွားတိုင်လိုက်ရမလား"

"တိုင်ပေါ့... ငါ့မှာလည်း အဖေရှိတာပဲ... ငါလည်းငါ့အဖေကိုသွားတိုင်မယ်..."

ကျွန်မ ခပ်စွာစွာပြန်အော်ကာ ခါးအထောက် ကောင်လေးရဲ့ ညစ်ကျယ်ကျယ်အသံ ထပ်ထွက်လာပါသည်။

"နင့်အဖေက ငါ့အဖေလောက် ရာထူးကြီးလို့လား ငါ့အဖေက ဒီမှာရာထူးအကြီးဆုံး"

ကျွန်မ ခြံစည်းရိုးပေါ်မှ မြင်နေရသော ကောင်လေးကို လည်ပြန်လှည့်ကြည့်လိုက်မိပါသည်။

ဒါဆို ဒီကောင်လေးက ဖေဖေ့အထက်ကလူကြီးရဲ့သားပေါ့။

ကျွန်မအတွက်နဲ့ ဖေဖေ့ကို ပြဿနာမတက်စေချင်တာ





ကြောင့် ဘောလုံးကိုပြန်အပေး ကောင်လေးက ပြုံးကာလှမ်းပြောပါသည်။

"ဒီလိုတော့လည်း 'ကြက်တောင်' က လိမ္မာသားပဲ"

ကောင်လေး၏ဆံပင်တွေက မည်းနက်နေကာနှာခေါင်းကလည်း ချွန်စင်းနေပါသည်။ ရဲစိုနေသော နှုတ်ခမ်းပါးလေးကိုငေးကြည့်ကာ ကျွန်မ အမှတ်မထင် မေးလိုက်မိပါသည်။

"နင့် နာမည်က ဘယ်သူလဲ"

"'ဘောလုံး'..."

ပြုံးစေ့စေ့သူက ဘောလုံးကိုမြှောက်ကာ ကစားရင်းဖြေလေသည်။

"နင့် နာမည်ကကော"

"'ကြက်တောင်' ..."

"ဟား ဟား ဟား နာမည်နဲ့လူနဲ့လိုက်တယ်။

သူက ကျွန်မကိုကြည့်ကာ အော်ရယ်သည်။

ထိုနေ့က ကျွန်မနဲ့သူ စတင်ကာ ဆုံဆည်းခဲ့ခြင်းဖြစ်ပါသည်။

နောက်ပိုင်း ကျောင်းဖွင့်ချိန်များတွင်လည်း ကျွန်မနဲ့သူ

အမြဲဆုံဖြစ်ကြပါသည်။

သူက သူတို့အိမ်က မာဇဒါဂျစ်ပေါ် အမြဲပါသွားတတ်ကာ ကျွန်မက တခြားအရာရှိသားသမီးတွေနဲ့အတူ ကျောင်းသွားရပါသည်။

ကျွန်မ ကျောင်းကပြန်လာချိန်ဆို သူက အရင်ပြန်ရောက်နေတတ်ကာ ဘောလုံးကစားနေတာကို တွေ့ရပါသည်။

ကျွန်မခုံတစ်လုံးယူလာကာ ခုံပေါ်တက်ရင်း သူတို့ခြံဘက်ကို ချောင်းကြည့်လျှင် မေမေက မကြိုက်တတ်ပါ။

"သမီးကလည်းကွယ်... မျက်စေ့ကို ဘောလုံးမှန်သွားရင် ဘယ်လိုလုပ်မလဲ"

ကျွန်မမျက်စေ့က နဂိုတည်းက အားမကောင်းလှပါ။

မျက်စေ့အထူးကုဆရာဝန်ကြီးနဲ့ပြဖို့ စီစဉ်ထားချိန်လဲဖြစ်ပါသည်။

"'ဝင်းနို' ပျင်းတယ် မေ"

"ဒါဆိုလဲ သွားလည်ချင်သွားလည်ပါစေလားကွာ မနေ့က အစ်မကတောင် သမီးကိုမေးနေသေးတယ်"

အလုပ်မှခဏပြန်လာတဲ့ ဖေဖေက ဝင်ပြောတာဖြစ်ပါသည်။





## ၆

မော်လမြိုင်ကိုရောက်ပြီး နှစ်ရက်ခန့်အကြာတွင်တစ်ဖက်ကခြံကို ကျွန်မတို့သွားလည်ကြပါသည်။

ဖေဖေ့အထက်အရာရှိဖြစ်တဲ့ 'ဘောလုံး' ရဲ့ဖေဖေသည် အသားညိုညို၊ အရပ်မြင့်မြင့်ဖြင့် တိကျပြတ်သားပုံရကာ 'ဘောလုံး' နဲ့ ချွတ်စွပ်နီးပါးတူတဲ့ 'ဘောလုံး' ရဲ့မေမေကတော့ သဘောကောင်းကာ ခေါ်အေးဆေးပုံရပါသည်။

ကျွန်မကိုလှမ်းကြည့်ကာ မေမေ့ကို မေးသည်။

"'ကျော့' က သမီးလေးတစ်ယောက်တည်းလား"

"မဟုတ်ပါဘူး အစ်မ... သမီးအထက် သားနှစ်ယောက်ရှိပါသေးတယ်... သားကြီးက ဆေးတက္ကသိုလ်တက်နေပြီး၊သား အငယ်ကဆယ်တန်းဖြေရမှာမို့ ရန်ကုန်ကသူ့ဘွား အအိမ်မှာနေရစ်ခဲ့ကြပါတယ်"

"ဩော် အတော်ကြီးကုန်ကြပြီပဲနော်... ဒါဆို သမီးလေးက အငယ်ဆုံးပေါ့"

"ဟုတ်ကဲ့ပါ... အစ်မလည်း တစ်ယောက်တည်းပဲလား"

"တစ်ယောက်တည်းပဲ ကောင်းပါတယ် 'ကျော့' ရယ်"

ပြောရင်း 'ဘောလုံး' ရဲ့အမေက ခပ်သဲ့သဲ့ရယ်မောနေပါသည်။

ကျွန်မအထင် သူမရဲ့မျက်ဝန်းထဲမှာ မျက်ရည်တွေရစ်ဝဲနေသလိုပါပဲ။

ထိုအချိန် ဧည့်ခန်းထဲဝင်လာတဲ့ 'ဘောလုံး' ကိုလှမ်းခေါ်ကာ ကျွန်မနဲ့မိတ်ဆက်ပေးသည်။

"သား ကစားရင် ညီမလေးကိုလည်း ခေါ်ကစားနော်"

"သားက 'ဘောလုံး' ကန်တဲ့ဥစ္စာ... သူ ကန်ဝတ်လို့လား"

ဂျစ်ကန်ကန်သူ့ရဲ့အမေးကို ကျွန်မ ပြုံးရွှင်စွာဖြေလိုက်





မိပါသည်။

" 'ဘောလုံး' မကန်တတ်ပေမယ့် 'ဘောလုံး' ကတော့ ကောက်တတ်ပါတယ်"

"နင် ပြောမှလား"

ခပ်ဆူဆူပြောသွားတဲ့သူ့စကားကို ကျွန်မ ဘယ်လိုမှစိတ်မဆိုးပေမယ့် မေမေက မကြိုက်ပါ။

"ကောင်လေးက ရိုင်းတယ်"

"အစ်မတို့အိမ်ထောင်ရေးက အဆင်မပြေလေ ကလေးက ပိုဆိုးလေးဖြစ်နေတာပေါ့"

"ဟုတ်လား... အစ်မတို့အိမ်ထောင်ရေးက အဆင်မပြေဘူးလား"

မေမေ့ရဲ့အမေးကို ကျွန်မကလည်းစပ်စုကာ နားထောင်နေမိပါသည်။

"အဘနဲ့အစ်မကို လူကြီးတွေက ပေးစားတာ... အစ်မမှာချစ်သူရှိတယ်... ကျောင်းဆရာလေးတစ်ယောက်ပဲ... အစ်မမိဘတွေဘက်က သဘောမတူဘူး... အဘမှာလည်း ချစ်သူရှိတယ်ဒါပေမဲ့ အစ်မက အရမ်းချောတော့ အဘကလူကြီးတွေစကားနားထောင်ပြီး အစ်မကို ဇွတ်လက်ထပ်ခဲ့တာ... ဒီကိစ္စနဲ့ပတ်

သက်ပြီး အစ်မကအဘကို လုံးဝစကားမပြောဘူး…

အဘကိုယ်တိုင်ကလည်း ရုပ်လဲရှိ ရာထူးလဲရှိ အသိုင်းအဝိုင်းလည်းရှိတဲ့ သူ့လိုလူတစ်ယောက်ကို ငြင်းရကောင်းလားဆိုပြီး မခံချင်စိတ်နဲ့ အစ်မကို လက်ထပ်ခဲ့ပေမယ့် သူ့မှာလည်း ချစ်သူရှိနေတော့ ချစ်သူနဲ့လည်းအဆက်မဖြတ်ဘူး… ဒီကိစ္စနဲ့ ပတ်သက်ပြီး လင်မယားတကျက်ကျက် ရန်ဖြစ်လာခဲ့ကြတာ သူ့သားလေးတစ်သက်ပဲ"

"ကိုက ဒီသတင်းတွေ ဘယ်ကကြားတာလဲ"

"ကို့အောက်က အရာရှိ 'ကိုမင်းမောင်' ပြောပြတာလေ သူက ဒီမော်လမြိုင်မှာ တာဝန်ကျနေတာပဲ ဆယ်နှစ်ကျော်ပြီဆိုတော့ အဘနဲ့အစ်မအကြောင်း အားလုံးကို သိထားတာ"

ကျွန်မမျက်ဝန်းထဲ 'ဘောလုံး' ရဲ့ မျက်နှာကို မြင်ယောင်ကာ အကြောင်းမဲ့ သနားနေမိပါသည်။

မိဘခြင်းမာနပြိုင်ရာက သားသမီးတွေ မြေဇာမြက်ဖြစ်ရတာကို ကျွန်မမလိုလားပါ။

ကျွန်မတို့မိသားစုလေးကတော့ အေးချမ်းလှပါသည်။

ကျွန်မလို မိသားစုမျိုးလေး 'ဘောလုံး' လည်းရမယ်ဆို ဘယ်လောက်ကောင်းလိုက်မလဲနော်။





နောက်ဖေးဘက်ကို ဝင်လာကာ 'ဒေါ်လေးပု' ဆီကဇီးထည်ကက်လေးလုံးတောင်းပြီး တစ်ဖက်ခြံကိုဝင်အလာ 'ဘောလုံး' က မျက်မှောင်ကုပ်ကြည့်နေတာ တွေ့လိုက်ရပါသည်။

"ရော့…"

ကျွန်မက ဇီးထည်ကက်နှစ်လုံးကိုအပေး 'ဘောလုံး' က ခေါင်းခါပြသည်။

"မစားချင်ပါဘူး ငါ့မှာ ပီကေရှိတယ်"

"ပီကေက ဝတာမှမဟုတ်တာ"

"နင့် ဇီးထည်ကက်ကကော ဝလို့လား"

"မဝပေမယ့် အမောပြေတယ်လေ…နင် ဘောလုံးကန်လို့ မောနေတာမဟုတ်ဘူးလား"

"မောလဲရေရှိသားပဲ"

'ဘောလုံး' က အနားက ရေပုလင်းကိုမော့သောက်ပြ၏။

"ငါက နင့်အတွက် စေတနာနဲ့ယူလာပေးတာ"

"သားကလည်းကွယ် သမီးလေးကစေတနာနဲ့ယူလာပေးတာကို စားလိုက်ပါကွယ်"

ဘယ်အချိန်က အိမ်ထဲကထွက်လာမှန်းမသိသော 'ဘောလုံး' ရဲ့ မေမေက ဝင်ပြောလိုက်တာဖြစ်ပါသည်။

အသားဖြူဖြူ ပိန်ပိန်သွယ်သွယ်ဖြင့် 'ဘောလုံး' ရဲ့ မေမေသည် သဘောကောင်းလှပါသည်။

"မာမီပြောလို့ စားတာနော်"

"အေးပါ… စားရင်ပြီးတာပဲ"

သည်လိုနှင့် ကျွန်မနဲ့ 'ဘောလုံး' အမြဲလိုဆုံတွေ့ဖြစ်ကြပါသည်။

ကျောင်းအဆင်းသာ 'ဘောလုံး' က ဘောလုံးကန်တတ်ပေမယ့် ညနေဘက်ဆို စာကိုပုံမှန်ကျက်လေ့ရှိသည်။

ညနေဘက်ဆိုလည်း ကျူရှင်ဆရာမ ရောက်လာကာစာသင်တာ တွေ့ရပါသည်။

"နင် ကြီးလာရင် ဘာလုပ်မှာလဲ"

"မသိသေးဘူး"

ငယ်သေးသောအရွယ်မို့ ကျွန်မမှာ ရည်ရွယ်ချက်တွေမရှိသေးပါ။ ကလေးပီပီ ဆော့နေရတာ ကစားနေရတာကိုပဲ သဘောကျနေမိပါသည်။

"နင်ကကော…"

'ဘောလုံး' ရဲ့မျက်လုံးတွေက တောက်ပကာပါးလွှာသောနှုတ်ခမ်းအစုံက တင်းရင်းနေပါသည်။





"ငါက ဆရာဝန်လုပ်မှာ… မာမီ့ရဲ့ရောဂါကို ဆေးကုပေးမှာ"

"အန်တီ့မှာ ဘာရောဂါရှိလို့လဲ"

ကျွန်မ မြင်တွေ့ရသ၍ အန်တီသည် လူကောင်းအတိုင်းပါ။

"ရောဂါရှိတယ်… မာမီက ခဏခဏ နေမကောင်းဖြစ်တယ်"

"အန်ကယ်က ဂရုမစိုက်ဘူးလား"

ကျွန်မရဲ့မေးခွန်းကို 'ဘောလုံး' က မဖြေပါ။

"ငါ ဆရာဝန်ဖြစ်တဲ့အထိ မာမီ အသက်ရှည်ပါစေလို့ ငါဆုတောင်းပါတယ်"

"ရှည်မှာပါဟယ်… အန်တီက အကောင်းကြီးပဲဥစ္စာ"

ကျွန်မက ကလေးတစ်ယောက်လိုပဲ ပြောလိုက်မိတာဖြစ်ပါသည်။

'ဘောလုံး' ရင်ထဲကခံစားချက်ကိုလည်း ကျွန်မ နားမလည်ပါ။

ဒီလိုနဲ့ ကျောင်းကပြန်လာတိုင်း ကျွန်မ ဇီးထည့်ကလေးလုံးယူလာကာ 'ဘောလုံး' တို့ခြံကိုလာသည်။

'ဘောလုံး' ကစားတာကို ထိုင်ကြည့်သည်။ 'ဘောလုံး' မောလျှင် ရေပုလင်းယူပေးကာ ချွေးသုတ်ဖို့မျက်နှာသုတ်ပုဝါ အဖြူလေးပါ ဆောင်ထားပေးမိပါသည်။

ကျွန်မရဲ့ မျက်နှာသုတ်ပုဝါလေးကို ချွေးသုတ်တိုင်း 'ဘောလုံး' က ကျွန်မကို ပြုံးပြလေ့ရှိပါသည်။

သူ့မျက်လုံးလေးတွေက ကျွန်မကိုလိမ္မာတယ်ဟုပြောနေသလိုမျိုးမို့ ကျွန်မရင့်ထဲ ကျေနပ်မိပါသည်။

ရှင်းရှင်းပြောရလျှင် မိသားစုဘဝမှာ အပြည့်အဝသာယာမှုရခဲ့တဲ့ကျွန်မက ကျွန်မလို သာယာမှုမရရှာတဲ့ 'ဘောလုံး' ကို နှစ်သိမ့်ပေးချင်လှပါသည်။

ခုတလော 'ဘောလုံး' ရဲ့ ဖခင်အိမ်ကိုလာတာမတွေ့ရပါ။

ဖေဖေ့အပြော ခရီးထွက်နေသည်တဲ့။

'ဘောလုံး' ကပြောတော့ ဟိုမိန်းမဆီ သွားနေတာဖြစ်မှာပါတဲ့။

ထိုရက်များက 'ဘောလုံး' မျက်နှာသည် အုံ့မှိုင်းနေကာ ဘောလုံးကစားတာကိုလည်း မတွေ့ရပါ။

အန်တီကသာ အပြုံးမပျက်တဲ့ မျက်နှာပေးဖြင့် ကျွန်မ





ကို လှမ်းနှုတ်ဆက်တာတွေ့ရပါသည်။

"သမီးလေးပါလား... လာ လာ သားကစာကြည့်ခန်းထဲမှာ စာကျက်နေတယ်"

ကျွန်မ စာကြည့်ခန်းထဲဝင်သွားတော့ 'ဘောလုံး' ကိုစာအုပ်တစ်အုပ်ဖတ်လျှက် တွေ့လိုက်ရပါသည်။

# ၂

'ဘောလုံး' မျက်နှာက အပြုံးရိပ်တို့ကွယ်ပျောက် ကာ တင်းမာခက်ထန်နေတာ တွေ့ရပါသည်။

"နှင် ဘာဖြစ်နေတာလဲဟင်"

ကျွန်မအမေး 'ဘောလုံး' သည် ကျွန်မကိုအော်ပါတော့သည်။

"နင်နဲ့ဘာဆိုင်လို့ လာမေးနေတာလဲ"

"ငါ ငါ နင် ဘောလုံးကစားတာမတွေ့လို့လာမေးတာပါ"





ပြောရင်း ကျွန်မအသံတွေ တုန်ခါလာခဲ့ပါသည်။

ကျွန်မရဲ့အိမ်မှာ ကျွန်မကို ဆူပူအော်ငေါက်တာလုံးဝ မရှိ၍ လန့်သွားတာလည်းပါပါသည်။

ငိုမဲ့မဲ့ပုံစံလေးဖြင့် နောက်အဆုတ် 'ဘောလုံး' က သက်ပြင်းချကာ ကျွန်မကိုလှမ်းပြောပါသည်။

"ဆောရီး ငါ စိတ်ညစ်လို့ နင့်ကိုအော်လိုက်မိတာ"

"ဘာဖြစ်လို့ စိတ်ညစ်တာလဲ ဟင်"

"ငါ့ မိသားစုကိစ္စပါ"

ခုတလော ဒယ်ဒီနဲ့မာမီရဲ့ ပဋိပက္ခက ပိုကြီးမားလာကာ ဒယ်ဒီအလုပ်ထွက်ဖို့အထိ စီစဉ်နေတာကို သူ သိရပါသည်။

အလုပ်ထွက်ပြီးနောက် ဒယ်ဒီရဲ့ချစ်သူ 'ဒေါ်ခင်မေသက်' အကူအညီဖြင့် အလုပ်မရှားပေမယ့် 'ဒေါ်ခင်မေသက်' ၏ အကူအညီဖြင့် ရလာမည့်အလုပ်ကိုလည်း မာမီကောသူပါ လုံးဝကို မမှီခိုချင်ပါ။

သည်တော့ မာမီက သူ့ကိုခေါ်ကာ ရန်ကုန်ရှိသူ့မိဘဆီကို ပြန်နေဖို့စီစဉ်ထားသည်။

သည်အစီအစဉ်ကို ဒယ်ဒီက လုံးဝကိုလက်မခံ၍

မာမီနဲ့ တကျက်ကျက်ရန်ဖြစ်ကြသည်။

ရန်ဖြစ်ပြီးတိုင်း ရောဂါပိုတိုးလာတဲ့ မာမီကိုကြည့်ကာ သူ့ရင်ထဲမွန်းကျပ်နေပါသည်။

မာမီက သူ့ရဲ့ခေါင်းလေးကိုပွတ်ကာ အမြဲနှစ်သိမ့်မှုပေးသည်။

"သား စာကြိုးစားနော်... မာမီ အသက်ရှင်နေတာသားလေးအတွက်ပါ"

မာမီ ဒီလိုပြောတိုင်း သူ့ရင်မှာနင့်နေအောင် ခံစားရပါသည်။

မာမီအတွက် စာတွေပိုကျက်ဖြစ်သည်။

ခါတိုင်းစိတ်ညစ်လျှင် ဘောလုံးကန်ဖြစ်ပေမယ့် ခုတော့စာကိုပဲ ပိုကျက်ဖြစ်သည်။

"နင်လည်းစာကျက်နော်... ငါတို့ ဆေးတက္ကသိုလ်အတူတူတက်ကြမယ်... မကောင်းဘူးလား"

ကျွန်မခေါင်းကို ဆတ်ကနဲ ညိတ်ပြလိုက်မိပါသည်။

စာမေးပွဲဖြေပြီး၍ ကျွန်မ ရန်ကုန်ကိုသွားကာ မျက်စေ့ပြနေချိန် 'ဘောလုံး' တို့ မော်လမြိုင်မှ ပြောင်းသွားတဲ့သတင်းကို ကြားလိုက်ရပါသည်။





ကျွန်မ ရန်ကုန်မှပြန်ရောက်လာချိန် 'ဘောလုံး' ရဲ့စာလေးတစ်စောင်ကသာ ကျွန်မအတွက် ကြိုစောင့်နေပါသည်။

ကြက်တောင်

ငါတို့ဆေးတက္ကသိုလ်မှာ ပြန်ဆုံကြမယ်နော်... စာကြိုးစား။

ခင်တဲ့...

ဘောလုံး

ထိုအချိန်တည်းက ကျွန်မစာကို ဖိကြိုးစားခဲ့ပါသည်။

'ဘောလုံး' နဲ့ကွဲသွားချိန်တည်းက ကျွန်မ မျက်မှန်တပ်ခဲ့ရတာ ခုချိန်မှာတော့ ကျွန်မရဲ့မျက်မှန်က အတော်လေးကိုပါဝါထူနေခဲ့ပါပြီ။

'ဘောလုံး' ကို ခုချိန်ထိ ရှာလို့မတွေ့ခဲ့သေးပါ။

'ဘောလုံး' ဘယ်ရောက်နေသနည်း။

'ဘောလုံး' နဲ့ကျွန်မခင်ခဲ့ရတဲ့ အချိန်လေးတိုတောင်းလှသော်လည်း ကျွန်မဘဝအတွက် အလွန်ကို တန်ဖိုးရှိတဲ့အချိန်လေးအဖြစ် ကျွန်မသတ်မှတ်ထားကာ အချိန်တိုင်း 'ဘောလုံး' ကို သတိရနေတတ်ပါသည်။

ဒါတွေကို မသိလိုက်တဲ့ 'ကိုလေး' က ကျွန်မကိုချစ်သူ

မရှိသူအဖြစ် အမြဲလိုစတတ်ပါသည်။

ကျွန်မရင်ထဲကအချစ်ကို ကျွန်မပဲနားလည်သည် မဟုတ်ပါလား။

'ဘောလုံး' ကိုပြန်လည်ကာ ဆုံတွေ့ရတဲ့အထိ ကျွန်မစောင့်ဖို့ ဆုံးဖြတ်ထားမိပါသည်။

'Cafe Aroma' ဆိုင်ရှေ့တွင် ကားအရပ်၊ ဆိုင်ကိုဦးတည်ကာလျှောက်နေသော ကျွန်မရဲ့ခြေလှမ်းတွေက 'ထားချို' ၏ချစ်သူကို တွေ့ချင်စိတ်ဖြင့် သွက်လက်ဖျတ်လတ်နေသလောက် 'ထားချို' ရဲ့ခြေလှမ်းတွေက နှေးကွေးလေးလံလှပါသည်။

ဆိုင်နားမရောက်ခင် တုန့်ကနဲရပ်သွားကာ ကျွန်မဘက်ကို လှမ်းကြည့်ရင်း အားတုံ့အားနာလေသံလေးဖြင့် လှမ်းပြောလေသည်။

"'ဝင်းနီ' ခဏနော်… သူ ရောက်နေလားဆိုတာ ကိုယ်သွားကြည့်လိုက်ဦးမယ်"

"သွားလေ"

ကျွန်မအေးအေးဆေးဆေး ပြောရင်း ဆိုင်ရှေ့တွင်ရပ်ကျန်ခဲ့မိပါသည်။





ဆိုင်ရှေ့တွင်ရပ်ထားသော ကားအပုံစားတွေထဲမှ တစ်စီးစီးသည် 'ထားချို' ရဲ့ချစ်သူကားပဲ ဖြစ်နိုင်ပါသည်။

'ထားချို' ကိုချိန်းထားပြီး မလာတာမျိုးတို့၊ 'ထားချို' ကပြန်စောင့်နေရမယ့်အဖြစ်မျိုးတို့ဆိုတာလည်း လုံးဝမဖြစ်နိုင်တဲ့ အခြေအနေမျိုးတွေပါ။

'ထားချို' လိုဖူးညွှတ်နေအောင်လှတဲ့ မိန်းကလေးမျိုးကို ဘယ်ချစ်သူက တန်ဖိုးမထားဘဲ နေနိုင်ပါ့မလဲ။

ဆိုင်ရှေ့တွင်လက်ပိုက်ရပ်ကာ ဟိုဟိုဒီဒီလျှောက်ကြည့်နေဆဲ…

"'ဝင်း နီ…'"

မှန်တံခါးနောက်ကွယ်မှ 'ထားချို' မျက်နှာဝင်းဝင်းလေးပေါ်လာကာ ကျွန်မကို လှမ်းခေါ်သံကြားလိုက်ရပါသည်။

"သူ ရောက်နေပြီ"

ကျွန်မ လျင်မြန်သွက်လက်စွာပင် အခန်းထဲကိုလျှောက်ဝင်လာမိပါသည်။

ကျွန်မနဲ့ 'ထားချို' တွဲလာတာ လေးနှစ်နီးပါးကြာမြင့်ခဲ့ပြီဖြစ်သော်လည်း 'ထားချို' မှာချစ်သူရှိတယ်ဆိုတာ ရိပ်ဖမ်းသံဖမ်းမျှပင် ကျွန်မ မကြားခဲ့ဘူးပါ။

ကျွန်မသိအောင်လည်း 'ထားချို' တစ်ခွန်းတလေမျှပင် မဟခဲ့ဘူးပါ။ သည်မျှ 'ထားချို' သိုသိပ်ခဲ့ပါသည်။

'ထားချို' ဘယ်လောက်ပင်သိုသိပ်ခဲ့ သိုသိပ်ခဲ့ ခုတော့ 'ထားချို' ရဲ့ချစ်သူကို ကျွန်မ မြင်တွေ့ရပါတော့မည်။

'ထားချို' ရဲ့ချစ်သူက ဘယ်လိုလူမျိုးဖြစ်မှာလဲ။

ဆိုင်ထဲရှိ သားသားနားနား လူမှန်သမျှကို ဝေ့ရမ်းကြည့်ကာ 'ထားချို' ဘယ်ခုံမှာဝင်ထိုင်လေမလဲ စိတ်ကူးနဲ့ ရွေးကြည့်နေမိပါသည်။

'ထားချို'က ဆိုင်၏ ထောင့်ကျကျနေရာကိုလျှောက်သွားကာ ကျွန်မကို မဝံ့မရဲ မရဲတရဲလေး လှည့်ကြည့်လာပါသည်။

"'အိုင်းယွန်း' နဲ့ မိတ်ဆက်ပေးရဦးမယ်"

ဆိုင်၏ထောင့်ကျကျနေရာတွင် အသားညိုညိုလူရွယ်တစ်ယောက် ပျင်းတိပျင်းရွဲပုံစံဖြင့် ထိုင်နေခဲ့ပါသည်။

နံရံကိုကျောမှီကာ ရှေ့ဘက်မှခုံတစ်လုံးပေါ်တွင် ခြေအစုံကိုတင်ထားသော လူရွယ်က ကျွန်မ မျှော်လင့်ထားသော ပုံစံမဟုတ်ပါ။

ပခုံးထိရှည်လျားသောဆံပင်ပေါ် ဦးထုပ်တစ်လုံးကိုခပ်ငိုက်ငိုက်ဆောင်းကာ တီရှပ်အဖြူပေါ် ရှပ်အင်္ကျီအပြာရောင်





ထပ်ဝတ်ထားပြီး သရီးကွာတား ဘောင်းဘီကာကီရောင်ဖြင့် နှုတ်ခမ်းကိုတင်းတင်းစေ့ကာ 'ထားချို' ကို မကျေမနပ်စိုက်ကြည့်နေပါသည်။

"ကိုယ်စောင့်နေတာ ဆယ့်ငါးမိနစ်ကျော်ပြီ"

"'ထား' ပရယ်တီကယ်လုပ်နေရလို့ပါ 'အိုင်းယွန်း' ရယ်"

လူရွယ်ပုံစံက မာကြောခက်ထန်သလောက် 'ထားချို' ရဲ့ပုံစံက နူးညံ့ပျော့ပျောင်းလှပါသည်။

"ဘာကိစ္စတွေ့ချင်တာလဲ ကိုယ်မအားဘူး"

"ဒါ 'ထားချို' သူငယ်ချင်း 'ဝင်းနီ' လေ... 'အိုင်းယွန်း'"

'ထားချို' က ကျွန်မလက်ကိုဆွဲကာ မိတ်ဆက်အပေးဖျတ်ကနဲဝေ့ကြည့်လာတဲ့ မျက်ဝန်းတွေက အေးစက်တင်းမာလှပါသည်။

မျဉ်းတပြေးတည်းလိုတန်းမတ်နေသော နှုတ်ခမ်းပါးတွင် ရင်နှီးခင်မင်လိုစိတ် တစ်စက်လေးမှပင် မတွေ့ရပါ။

"ပြောလေ ကိုယ်မေးနေတယ်... ကိုယ့်ကိုဘာကိစ္စတွေ့ချင်တာလဲ"

"'အိုင်းယွန်း' စတူဂံကို မလာတာကြာပြီနော်... ဘာ

ဖြစ်လို့လဲဟင်"

'ထားချို' ကအမေး 'အိုင်းယွန်း' ၏ မျက်နှာအရုပ်ဆိုး အကျည်းတန်စွာ မဲ့လိုက်သည်ကို ကျွန်မ တွေ့လိုက်ရပါသည်။

အသားကညိုညို ဆံပင်ကရှည်ရှည်၊ ပါးပြင်ကွင်ဝက် ခြံတွေဗလပြစ်ပေါက်နေရတဲ့ကြားထဲ အရုပ်ဆိုးအောင် ပုံမဲ့လိုက် တော့ 'ထားချို' တော့မသိ၊ ကျွန်မပင် ရွံရှာစွာမျက်နှာကိုအလွှဲ 'အိုင်းယွန်း' ဆိုတဲ့ လူဆီက အော်ဂလီဆန်စွာ စကားလုံးကြမ်း ကြမ်းတွေ ထွက်ကျလာပါသည်။

"စတုဂံကိုလာရအောင် ကိုယ့်အတွက်နေရာမှမရှိတာ"

"အန်ကယ် ရှိနေတယ်လေ"

'ထားချို' အပြော လူရွယ်ကမျက်နှာကိုငုံ့ကာ ခပ်သဲ့သဲ့ ရယ်မောနေတာ တွေ့ရပါသည်။

"အဲ့ဒီ အန်ကယ်ကကိုယ့်အတွက် ရှိနေလို့လား"

"'တာရာ' နဲ့ 'ကဗျာ' လည်း ရှိပါသေးတယ်"

"တော်စမ်းပါ... မင်း ဘာအဓိပ္ပါယ်နဲ့ ဒီစကားတွေလာ ပြောနေရတာလဲ... "

အော်လိုက်တဲ့အသံက အတော်လေးကိုကျယ်လောင် တာကြောင့် 'ထားချို' က တစ်ဖက်စားပွဲတွေကို လှည့်ကြည့်





ကာ တောင်းပန်သလိုတိုးတိုးပြောလိုက်ပါသည်။

"တိုးတိုးပြောပါ 'အိုင်းယွန်း' ရယ်...သူများတွေကြား ကုန်ပါ့မယ်"

"ခင်ဗျားက ကြားအောင်လုပ်နေတာကို"

'ထားချို' ပုံစံက မျက်ရည်ဝဲကာ ရှက်လန့်နေသ လောက် 'အိုင်းယွန်း' ဆိုတဲ့လူပုံစံက မာကြောကြောမို့ ကျွန်မအ မြင်ကတ်ကာ 'ထားချို' ဘက်မှ အော်လိုက်မိပါသည်။

"ဟုတ်သားပဲ ရှင်ကလည်း... ဘာဖြစ်လို့စွတ်အော်နေ ရတာလဲ"

"မင်းကကော ဘာဆိုင်လို့ ဝင်ပြောနေရတာလဲ"

"ကျွန်မက 'ထားချို' ရဲ့ သူငယ်ချင်းရှင့်"

"နားစမ်းပါ...ခုကိစ္စက ကျုပ်နဲ့ခင်ဗျားသူငယ်ချင်းရဲ့ကိစ္စ ခင်ဗျားနဲ့ဘာမှမဆိုင်ဘူး အေးဆေးနေ"

"မနေနိုင်ဘူး... လာ 'ထားချို' ပြန်မယ်"

ကျွန်မ 'ထားချို' လက်ကိုဆွဲကာအပြော 'ထားချို' က ကျွန်မလက်ကိုကိုင်ကာ တောင်းပန်သလို ပြောလာခဲ့ပါသည်။

"'ထား' တောင်းပန်ပါတယ် 'ဝင်းနီ' ရယ်... ကိုယ် 'အိုင်းယွန်း' ကို ပြောစရာရှိသေးလို့ပါ"

"ဒါဆိုလည်း ကိုယ်အပြင်ကပဲစောင့်နေတော့မယ်"

ကျွန်မ 'အိုင်းယွန်း'ဆိုတဲ့လူကို မျက်စောင်းထိုးကာ ပြောရင်း အပြင်ကို ဆောင့်အောင့်ထွက်လာခဲ့လိုက်ပါသည်။

စိတ်ထဲမှာလည်း 'ထားချို' အတွက် မခံမရပ်နိုင်လောက်အောင်ပင် နာကျင်စွာခံစားနေရပါသည်။

ကြည့်ပါဦး'ထားချို' ရုပ်ရည်၊ 'ထားချို' အဆင့်အတန်းနဲ့ ဒီလိုကောင်မျိုးကို ခခယယ ပြောနေလိုက်ရတာ ဒီကောင်က ဘာကောင်မို့လို့လဲ။

ဒေါသထွက်စွာတွေးရင်း 'အိုင်းယွန်း' ဆိုတဲ့ကောင်၏ မျက်နှာကို ပြန်လည်ကာ မြင်ယောင်လာမိပါသည်။

အသားမည်းမည်း၊ ဆံပင်ရှည်ရှည်၊ အရပ်ကမြင့်မြင့် တစ်စက်ကလေးမှ အချိုးမပြေသော ဒီလိုအကောင်ကို 'ထားချို' ဘယ်မှာများ သွားတွေ့လာခဲ့တာပါလိမ့်။

ပါးပြင်နှစ်ဘက်လုံးမှာလည်း အရုပ်ဆိုးလောက်အောင်ဝက်ခြံတွေနေရာအပြည့်ယူထားကာ မျက်လုံးလေးကတောက်ပသော်လည်း ရန်လိုမှုတွေနဲ့ ပြည့်နှက်နေသည်။ လှပသောနှုတ်ခမ်းပါးလေးကတော့ လောကကြီးကို အံတုဖက်ပြိုင်ကြီးနှင့်အတူ တင်းရင်းကာမာကြောနေရလေသည်။





'ထားချို' နဲ့ဆို အဖြူနဲ့အမည်း၊ အအေးနဲ့အပူပါ။

'ထားချို' တို့အိမ်ကကော 'ထားချို' နဲ့ အဲဒီ 'အိုင်းယွန်း' ဆိုတဲ့လူ ပတ်သက်နေတဲ့အကြောင်းကို မသိကြဘူးတဲ့လား။

'ထားချို' ကကော ဘာလို့ ဒီလိုလူမျိုးကိုမှ ရွေးကာတွဲနေရတာလဲ။ကားနားမှာသာ ရပ်နေသော်လည်း ကျွန်မရင် တွေပူလောင်လှပါသည်။

ဖြစ်နိုင်လျှင် 'ထားချို' လက်ကိုဆွဲကာ 'အိုင်းယွန်း' ဆိုတဲ့လူအနားက အကြမ်းပတမ်းခေါ်ထုတ်ခဲ့ချင်ပါသည်။

ခက်တာက ကျွန်မရဲ့ 'ထားချို' သည် သူငယ်ချင်းပဲဖြစ်ပါသည်။ ဘာမှသွေးသား မတော်စပ်ကြပါ။

ကျွန်မ ဘယ်လိုလုပ်ရမလဲ။

ပူပန်သောအတွေးများဖြင့် ကျွန်မ တွေးတောနေမိဆဲ ကော်ဖီဆိုင်ထဲက 'အိုင်းယွန်း' ဆိုတဲ့လူထွက်လာခဲ့ပါသည်။

မာကြောကြောမျက်နှာက ဘယ်သူ့ကိုမှ အဖက်လုပ်ကာ မကြည့်ပါ။

ကျွန်မကလည်း ထိုလူ့မျက်နှာကိုမကြည့်ချင်တာကြောင့်ကျောအပေး ကျွန်မနောက်နားတွင် 'အိုင်းယွန်း' ဆိုတဲ့လူရပ်လိုက်တာကို သတိထားလိုက်မိတာနဲ့အတူ သူ့အသံမာ

ဆတ်ဆတ်ကိုလည်း ကြားလိုက်ရပါသည်။

"မင်း သူငယ်ချင်းကိုပြောလိုက်ပါ... နောက်ငါနဲ့တွေ့ဖို့ဘယ်တော့မှ မကြိုးစားပါနဲ့လို့"

ကျွန်မဒေါသဖြစ်စွာ လှည့်အကြည့် ထိုလူကျွန်မကိုကျော်ခိုင်းကာ ခြေလှမ်းကျဲဖြင့် လျှောက်သွားတာကို တွေ့လိုက်ရပါသည်။

ရုပ်အကျီဖရိုဖရဲတွင် ကျောပိုးအိတ်ကို သိုင်းလွယ်ထားတဲ့ ထိုလူ့ပုံစံကိုကြည့်ကာ မုန်းတီးရွံရှာနေမိဆဲ 'ထားချို' ကာဖီဆိုင်ထဲက ထွက်လာတာကို သတိထားလိုက်မိပါသည်။

'ထားချို' မျက်နှာတွင် သောကရိပ်တွေ စွန်းထင်းနေတာကို ကျွန်မ အထင်အရှားတွေ့လိုက်ရပါသည်။

ဒီလိုကောင်စားမျိုးအတွက် 'ထားချို' ဘာလို့ ခံစားနေရတာလဲ။ မတန်လိုက်တာအတွေးဖြင့် ကျွန်မ 'ထားချို' ကိုငေးနေဆဲ 'ထားချို' ဆီက အမောတကောအသံ ထွက်လာခဲ့ပါသည်။





## [ ၈ ]

"'အိုင်းယွန်း' ဘယ်ဘက်ကိုထွက်သွားတာ တွေ့လိုက်သလဲ 'ဝင်းနီ'"

"သူ့ဖါသာ ဘယ်သွားသွားပေါ့ 'ထားချို' ရယ်... ဒီလိုကောင်မျိုးကို ဘာလုပ်ရမှာလဲ"

ကျွန်မ 'ထားချို' ကိုကြည့်ကာ စိတ်ပျက်သလိုပြောလိုက်မိတာဖြစ်ပါသည်။

တကယ်လည်း စိတ်ပျက်မိပါသည်။ ကျွန်မအရမ်းကိုမျှော်လင့်ထားတဲ့ 'ထားချို' ရဲ့ဘဝနဲ့ ယခု လက်တွေ့မြင်နေရ

တဲ့ဘဝက ကွာခြားဝေးကွာလွန်းလှပါသည်။

'ထားချို' ဘာတွေလုပ်နေတာလဲ။

စိတ်ပျက်သလို 'ထားချို' ရဲ့မျက်နှာကိုအကြည့် 'ထားချို' က မျက်ရည်ဝဲရင်း ကျွန်မကိုတီးတိုးပြောလာခဲ့ပါသည်။

" 'ဝင်းနီ' ကို သူဘာပြောသွားသေးလဲဟင်"

"နောက် သူနဲ့ဘယ်တော့မှတွေ့ဖို့ မကြိုးစားပါနဲ့တဲ့... ပိုတောင်ကောင်းသေးတယ်"

ကျွန်မရဲ့စကားကြောင့် 'ထားချို' မျက်ဝန်းမှမျက်ရည်များ စီးကျလာခဲ့ပါသည်။

ကျွန်မသည် 'ထားချို' ၏မျက်ဝန်းမှ မျက်ရည်များကို အံ့သြတကြီးငေးကြည့်ရင်း ပိုစိတ်တိုသလိုလည်း ခံစားခဲ့ရပါသည်။

ဒီလိုကောင်မျိုးအတွက်များ 'ထားချို' ဘာဖြစ်လို့မျက်ရည်ကျနေရတာလဲ။

'ထားချို' က မျက်ရည်များကြားမှ ဟိုဟိုဒီဒီလှျောက်ကြည့်နေပါ၍ ကျွန်မစိတ်တိုသလိုအော်လိုက်မိပါသည်။

"မင်းအကောင် ဟိုဘက်ကိုထွက်သွားတာ ကြာပြီ"

ရုပ်ရှင်ရုံဘက်ကို ကျွန်မမေးထိုးကာအပြော 'ထားချို'





က စိတ်ပျက်သလို ညီးညူနေပါသည်။

" 'အိုင်းယွန်း' က အဲ့ဒီလိုပဲ သိပ်ကိုတစွတ်ထိုးနိုင်တယ်"

ထိုအချိန်တွင် ဒရိုင်ဘာ ဦးလေးကြီးအနားကိုရောက်လာကာ 'ထားချို' ကို လှမ်းမေးသံကြားလိုက်ရသည်။

"ခုနက ထွက်သွားတာ 'အိုင်းယွန်း' လား သမီး"

"ဟုတ်တယ် ဦးကြီး... ဦးကြီး တွေ့လိုက်လို့လားဟင်"

'ထားချို' ရဲ့မေးသံက အလောတကြီး နိုင်လှပါသည်။

"ဦးကြီး ဆေးလိပ်သောက်နေတုန်း အနားက ဖြတ်သွားတော့ တွေ့ပါတယ်ဆိုပြီး ဦးကြီး လိုက်ကြည့်နေမိတာ... ကောင်လေး အတော်ပိန်သွားတာပဲနော်... စတုဂံကိုလည်း ဘာဖြစ်လို့မလာတာလဲ မသိဘူး"

ဒရိုင်ဘာဦးလေးကြီးပုံစံကလည်း 'အိုင်းယွန်း' ဆိုတဲ့လူကို အတော်လေး ခင်တွယ်နေမှာန်ပါ။

ကျွန်မကသာ ဘာမှနားမလည်သလို မျက်နှာလေးဖြင့် 'ထားချို' မျက်နှာကို ငေးမောကြည့်နေမိဆဲ 'ထားချို' ဆီကစိတ်ပျက်လက်ပျက်အသံ ထွက်လာခဲ့ပါသည်။

"'တာရာ' ကြောင့်ပဲ ဖြစ်မှာပေါ့ ဦးကြီး ရယ်... အဲ့ဒီကိစ္စကြောင့်ပဲ 'ထားချို' 'အိုင်းယွန်း' ကိုလာတွေ့တာ..."

"သမီးက 'အိုင်းယွန်း' ဒီမှာရှိတယ်ဆိုတာ ဘယ်လိုသိလာတာလဲ"

"'ကဗျာ' လာပြောပြတာ... ဒီကော်ဖီဆိုင်မှာ 'အိုင်းယွန်း' ရှိတတ်တယ်ဆိုလို့ 'ကဗျာ' ကို မှာလိုက်ရတာ"

ဘာတွေပြောနေကြတာလဲ။ ကျွန်မမသိတော့တာကြောင့် ကားထဲတွင်ဝင်အထိုင် 'ထားချို' က ဟိုဟိုဒီဒီလျှောက်ကြည့်ရင်း ဒရိုင်ဘာဦးလေးကြီးကို လှမ်းပြောသံကြားလိုက်ရပါသည်။

"ဒါဆိုလည်း 'ဝင်းနီ' ကိုပို့ပေးရင်း 'ထား' တို့အိမ်ကိုပဲ ပြန်ကြရအောင်နော်... ဦးကြီး ဒီကိစ္စကိုလည်း မာမီတို့ကိုပြန်ပြောပြမနေနဲ့ဦးနော်"

"ဦးကြီး နားလည်ပါတယ် သမီးရယ်"

ကားသာထွက်လာခဲ့ပေမယ့်လည်း ကားထဲတွင်တိတ်ဆိတ်ငြိမ်သက်နေခဲ့ပါသည်။

'ထားချို' က သူ့အတွေးနဲ့သူ ငြိမ်သက်နေသလို ကျွန်မအတွေးထဲမှာလည်း နာမည်သစ်တွေအတွက် ပဟေဠိကိုအဖြေညှိဖို့ ကြိုးစားနေမိပါသည်။





ဘာတဲ့ 'အိုင်းယွန်း' တဲ့။ စတုဂံ တဲ့...။

'တာရာ' တဲ့...။ 'ကဗျာ' တဲ့...။

ဘယ်ကနာမည်တွေလဲ။

'ထားချို' တို့အိမ်ကိုသွားတုန်းက တစ်ခါမှ မကြားဘူးခဲ့သောနာမည်တွေပါ။

ကျွန်မရဲ့ရင်ထဲကအတွေးကို 'ထားချို' က ရိပ်မိသလိုပင် နောက်တစ်ရက် ကျောင်းအဆင်းတွင် ကျွန်မကိုပြန်လည်ကာ ပြောပြခဲ့ပါသည်။

"'ထား' 'အိုင်းယွန်း' ကို စပြီးတွေ့ခဲ့ရတာ ဆယ်တန်းအောင်စာရင်းတွေ ထွက်ပြီးခဲ့တဲ့အချိန်မှာပေါ့... စစချင်း သိခဲ့ရတာ 'အိုင်းယွန်း' ကိုမဟုတ်ဘူး... 'တာရာ' ကို အရင်စသိခဲ့ရတာ... 'တာရာ' နဲ့ခင်ပြီးမှ 'အိုင်းယွန်း' ကိုသိခဲ့ရတာ"

'ဝင်းနီ' ကိုပြောပြနေရင်း 'ထားချို' ရဲ့မျက်ဝန်းထဲတွင် 'တာရာ' နဲ့စတင်ကာ ပတ်သက်ခဲ့ရတဲ့အဖြစ်အပျက်အချို့ကို ပြန်လည်ကာ သတိရလာမိပါသည်။

## ၉

ဘဝတွင် ပြည့်စုံချမ်းသာစွာ နေလာခဲ့ရတာကို ကံကောင်းခြင်းတစ်ခုဟုဆိုပါလျှင် 'ထား' ကံကောင်းခြင်းလက်ဆောင်ကို လူရယ်လို့စဖြစ်လာတည်းက ထိုက်တန်စွာရရှိခဲ့သည်ဟု ဆိုရပါမည်။

လူသားအဖြစ် လူ့လောကထဲကို စတင်ကာဝင်ရောက်လာတည်းက 'ထား' ဘဝ အစစအရာရာ ပြည့်စုံကြွယ်ဝခဲ့ပါသည်။

ဖခင်ဖြစ်သူက သဘော်ာကပ္ပတိန်၊ မိခင်ဖြစ်သူက





စိန်ရွှေ ရတနာကုန်သည်ဖြစ်တဲ့အပြင် ၊ နှစ်ဘက်မိဘများရဲ့မြေးဦးလေးအဖြစ် ချစ်ခင်မြတ်နိုးစွာ ရွှေလင်ဗန်းနဲ့အချင်းဆေးခဲ့ရသူလေးဖြစ်ခဲ့ရပါသည်။

အရွယ်ရောက်လာပြန်တော့လည်း မိဘတွေရဲ့တရိပ်ရိပ်တက်လာသော ရာထူးအခြေအနေ၊ ဂုဏ်ကျက်သရေတွေနဲ့အတူ အကောင်းဆုံးကျောင်း၊ အကောင်းဆုံးဆရာတွေနဲ့ပညာရေးမှာလည်း အဆင့်မြင့်ခဲ့ရပါသည်။

ရုပ်လည်းချော၊ ပညာလည်းတတ်သော မြေးဦးသမီးလေးမို့ အဘိုးအဘွား အဖေအမေတွေ နှုတ်ဖျားက 'ထား' နာမည်ကို တဖွဖွရွတ်ဆိုကာ မထိရက်၊ မကိုင်ရက်ဖြစ်လောက်အောင်ပင် 'ထား' အချစ်များကိုများစွာ ရရှိခံစားခဲ့ရပါသည်။

အပြင်လူတွေအမြင်တွင် အစစအရာရာ ပြည့်စုံလွန်းလှတဲ့ 'ထား' ရဲ့ဘဝက အားကျစရာ၊ အထင်ကြီးစရာ၊ လေးစားစရာတွေနဲ့ ပြည့်နှက်နေသည်ဟု ထင်ကြမှာသေချာရပေမယ့် 'ထား' ကတော့ သူ့ဘဝကိုယ်သူ အထီးကျန်ဆန်လှသည်ဟုခံစားရပါသည်။

တစ်နေ့တစ်နေ့ ကျောင်း၊ကျူရှင်အပြင် အားလျှင်လည်း စာကိုပဲတကုပ်ကုပ် ကျက်နေရတာကြောင့် 'ထား' ဘဝ

ကို 'ထား' ငြီးငွေ့လှပါသည်။

ဖြစ်နိုင်လျှင် 'ထား' သူ့ရဲ့ကျောင်းက သူငယ်ချင်းတွေ၏ဘဝနှင့်လဲချင်သည်။ သူတို့ရဲ့ လွတ်လပ်သောဘဝကို အားကျလှသည်။ပြေးလွှားဆော့ကစားနေလိုက်ကြတာ အပူအပင်ကင်းမဲ့လှ၏။

အဲ့ဒီလို 'ထား' လည်း လွတ်လပ်စွာနေရမယ်ဆိုလျှင် ဘယ်လောက်ကောင်းလိုက်မလဲနော်။

ခုတော့ အစစအရာရာ ထိန်းကျောင်းနေကြသော ဒယ်ဒီရဲ့ညီမဝမ်းကွဲ 'ဒေါ်လေးပို' နဲ့ 'ဒေါ်လေးချို' အပျိုကြီးညီအစ်မနှစ်ယောက်ကြားမှာ 'ထား' မှို့ မပြေးနဲ့ ကလေးလဲမယ်ဆိုပြီး လိုက်ဆွဲတဲ့လူနဲ့၊ 'ထား' မို့ မဆော့နဲ့ ကလေး နာနာကြီးဖြစ်သွားလိမ့်မယ်ဆိုပြီး တားနေကြတာကြောင့် 'ထား' မှာပျော်စရာကလေးဘဝကို ဘယ်လိုကုန်ဆုံးသွားခဲ့မှန်းပင် မသိအောင်အနေကျူ့ခဲ့ရပါသည်။

ဘယ်လိုပဲဖြစ်ပါစေလေ၊ ချစ်ခင်ကြရာသော အဘိုးအဘွား၊ အဖေအမေတွေရဲ့အချစ်နဲ့ပင် 'ထား' သူ့ဘဝလေးကို ပျော်ရွှင်အောင် နေထိုင်နိုင်ခဲ့ပါသည်။

ဆယ်တန်းအောင်စာရင်းတွေ ထွက်တဲ့အချိန်တွင်





'ထား' တို့ရဲ့ခြံဘေးကို လူသစ်တွေ ရောက်လာခဲ့ပါသည်။

'ထား' ရဲ့အိပ်ခန်းကနေကြည့်လျှင် တစ်ဘက်ခြံလေးထဲကို အပေါ်စီးကနေ မြင်ရတတ်ပါသည်။

'ထား' တို့တိုက်က နှစ်ထပ်တိုက်မြင့်မြင့်ကြီးဖြစ်ကာတစ်ဖက်ခြံကတိုက်က တစ်ထပ်တိုက်ပုလေးမို့လည်း ဖြစ်ပါသည်။

နှစ်နှစ်ခန့်လူမနေဘဲ ခြံစောင့်ကြီးတစ်ဦးနှင့်ထားရာကတလောက တိုက်သစ်လေးကို ဆေးတွေပြန်သုတ်နေတာတွေ့လိုက်ရပါသည်။

မှန်တွေလည်းအသစ်လဲကာ အသေးစိတ်ပြုပြင်မွမ်းမံနေတာတွေ့ရ၍ လူသစ်တွေရောက်လာတော့မည်ဟု 'ထား' ခန့်မှန်းမိပါသည်။

လူတွေရောက်လာလျှင် ဘယ်လိုလူတွေ ရောက်လာမှာလဲ။

'ထား' တို့လိုအရွယ်တွေပါလာမလား၊ ပါလာလျှင်ယောကျ်ားတွေလား၊ မိန်းကလေးတွေလား။

'ထား' ရင်ခုန်စွာနှင့်တွေးကာ ပျော်ရွှင်နေမိပါသည်။

တစ်ဦးတည်းမွေးလာခဲ့သော ဘဝမှာ အစ်ကိုတွေမောင်တွေ ညီမတွေအစ်မတွေ လိုချင်မိတာမဆန်းတော့ပါ။

မရှာဘူးဆိုလျှင်လည်း ရွယ်တူတန်းတူ သူငယ်ချင်းလေးတွေလောက်တော့ ရှိချင်ပါသည်။

ကျောင်းမှာသူငယ်ချင်းလေးတွေ ရှိပေမယ့်လည်း 'ထား' မိဘတွေရဲ့အရှိန်အဝါကိုလန့်ကာ အားလုံးက 'ထား' ကိုမခေါ်ရဲမပြောရဲကြ၍ 'ထား' မှာ အထီးကျန်တစ်ယောက်တည်း ဖြစ်နေခဲ့ရတာကြာပါပြီ။

'ထား'ရဲ့အဖော်အဖြစ် 'အားနိုး' ဟု အမည်ပေးထားသော ခါးလည်ခန့်ရှိ အယ်လ်ဇေးရှင်း ခွေးကြီးတစ်ကောင်နှင့်ချီဝါဝါခွေးမလေး Apple တို့ပဲရှိပါသည်။

ခွေးနှစ်ကောင်ကို ရေချိုးသန့်စင်ပေးဖို့ အဖော်တစ်ယောက်ထားပေးထားသည်။

ကျောင်းကပြန်လာလျှင် ခွေးနှစ်ကောင်နှင့် ခြံထဲတွင်ကစားကာ အချိန်အားရလျှင် တစ်ဖက်ခြံကို ငေးမောရတာ 'ထား' ရဲ့အလုပ်ပါ။

ဒီနေ့တော့တစ်ဖက်ခြံကို လင်မယားနှစ်ယောက်လာကြည့်ကြတာ တွေ့ရပါသည်။

ဒယ်ဒီတို့အရွယ် အသားဖြူဖြူအရပ်မြင့်မြင့် ခပ်ချောချောလူပုံကြီးတစ်ယောက်နှင့် နောက်တစ်ယောက်က ခေတ်





ဆန်ဆန်ပိန်ပိန်ပါးပါး မိန်းမတစ်ယောက်ဖြစ်လေသည်။

တိုက်ပိုင်ရှင် လင်မယားထင်ပါရဲ့။

ကလေးတွေမရှိကြဘူးလား မသိပါ။

'ထား' ငေးကြည့်နေဆဲ 'ဒေါ်လေးပို' အခန်းထဲကိုဝင်လာတာတွေ့လိုက်ရပါသည်။

"'ထားလေး' ဘာကြည့်နေတာလဲ"

'ထား' ကိုမေးရင်း 'ဒေါ်လေးပို' ပါ တစ်ဖက်ခြံကိုကဲကြည့်လိုက်မိပါသည်။

"အိမ်ရှင်တွေပြောင်းလာကြတော့မယ်နဲ့ တူတယ်နော်... ဒေါ်လေး"

'ဒေါ်လေးပို' က ခေါင်းညိတ်ကာဖြေသည်။

"အေး ကိုကိုကြီး ရဲ့တပည့်လို့ပြောသံကြားတာပဲ"

"ဒယ်ဒီတပည့်ဟုတ်လား 'ဒေါ်လေးပို'"

'ထား' ပျော်ရွှင်မြူးတူးစွာမေးတာကို 'ဒေါ်လေးပို' က တအံ့တသြကြည့်ရင်း ထူးဆန်းစွာမေးလေသည်။

"ဘာဖြစ်လို့လဲ 'ထားလေး' ရဲ့"

"သူ့မှာ ကလေးတွေမရှိဘူးလား"

"ရှိတာပေါ့ကွယ်... မနေ့ကတောင် လာကြသေးတယ်

'တာရာ' တဲ့ 'ကဇျာ' တဲ့"

"ဟင် အဲ့ဒီတုန်းက 'ထား' က ဘယ်သွားနေလို့လဲ"

'ထား' အလျင်စလို မေးလိုက်မိတာဖြစ်ပါသည်။

အိမ်ကိုလာတယ်ဆိုတော့ 'ထား' လည်းတွေ့ချင်တာပေါ့နော်။

"'ထားလေး' သင်တန်းသွားနေတယ်လေ ကွယ်"

စာမေးပွဲဖြေပြီးတည်းက 'ထား' သင်တန်းတွေတက်နေရတာ နားရတယ်ပဲမရှိလှပါ။

"'ထား' အရွယ်တွေလားဟင် 'ဒေါ်လေးပို'"

"အင်း တစ်ယောက်ကိုးတန်း တစ်ယောက်ခုနစ်တန်းတဲ့ အေးအေးလေးတွေပါပဲ"

"'ထား' တွေ့ချင်လိုက်တာ"

'ထား' ရင်မှာပျော်ရွှင်ခြင်းနဲ့အတူ ကြည်နူးခြင်းကိုခံစားရပါသည်။

မွေးကတည်းက ဘယ်ကိုမှ လည်ပတ်ခွင့်မရခဲ့သော 'ထား' တစ်ယောက် တစ်ဘက်ခြံကို လည်ပတ်ခွင့်ရတော့မည်။

သူငယ်ချင်းအသစ်လည်း တွေ့ရတော့မည်။

"သူတို့ဘယ်တော့ ပြောင်းလာကြမှာလဲ 'ဒေါ်လေးပို'"





"မနက်ဖြန်ပဲပြောင်းလာကြတော့မှာ... ကလေးတွေ့ရတော့မှာပါကွယ်"

မနက်ဖြန်ကို 'ထား' ရင်ခုန်စွာမျှော်လင့်နေမိသည်။ 'ထား' ညဘက်ပင် ကောင်းကောင်းအိပ်လို့မပျော်ပါ။

မနက်မိုးလင်းတာနဲ့ 'ထား' ရဲ့အိပ်ခန်းတံခါးကိုအဖွင့်...

"အို...."

ဟိုဘက်ခြံထဲမှာ ကုန်ကားကြီးနှစ်စင်းရပ်ကာပစ္စည်းတွေချနေတာတွေ့ရပါသည်။

'ထား' ပျော်လိုက်တာ။ 'ထား' ရဲ့အိမ်ကို ဧည့်သည်တွေရောက်လာသလိုပါပဲလား။

မျက်နှာသစ်ပြီး ခြံထဲကိုပြေးအဆင်း...

"သမီး 'ထား' လာ... တစ်ခုခုစားဦးလေ ဘယ်သွားမလို့လဲ"

"ဟုတ်သားပဲ...သမီးအတွက် နွားနို့ထည့်ပေးထားတယ် ပူတင်းလည်းစားလိုက်ဦးလေ"

နွားနို့နဲ့ပူတင်းက မွေးကတည်းက စားရလွန်း၍ အီနေညီနေပါပြီ။

ဒါပေမဲ့ ဒယ်ဒီတို့ကို မဆန့်ကျင်ချင်တာကြောင့်အမြန်

မော့သောက်ကာ ခြံထဲကိုပြေးဆင်းလာခဲ့မိပါသည်။

ပထမ 'အာနိုး' ကိုလှောင်အိမ်ထဲက ထုတ်လိုက်သည်။ ဒုတိယ Apple ကိုအထုတ် 'အာနိုး' ခြံဝကိုတရှိန်ထိုးပြေးသွားတာတွေ့လိုက်ရပါသည်။

ရှူးရှူးဝါးဝါး ထိုးအော်တာကြောင့် 'ထား' ပါပြေးလိုက်လာကာ ခြံဝကိုအကြည့် ကာကီရောင်သရီးကွာတားဘောင်းဘီလေးဖြင့် ဖြူဖြူချောချော ကောင်လေးတစ်ယောက် 'ထား' ကိုပြူးကြည့်နေတာတွေ့လိုက်ရပါသည်။

'ထား' 'အာနိုး' ရဲ့ကြိုးကိုဆွဲကာ ခြံစောင့်ကိုလှမ်းခေါ်ရသည်။

"'ဦးတူး'... 'အာနိုး' ကိုလာခေါ်ပါဦး"

"'အာနိုး' လာ လာ"

'ဦးထူး' က 'အာနိုး' ကိုချော့ကာ ခေါ်သွားမှ 'ထား' ခြံဝမှ ကောင်လေးကို မေးလိုက်ရပါသည်။





## [ ၁၀ ]

"ဘာကိစ္စရှိလို့လဲ"

"ကျွန်တော် ဟိုဘက်ခြံကိုပြောင်းလာတဲ့ 'ဦးထွန်းခေါင်' ရဲ့သား 'တာရာထွန်းခေါင်' ပါ 'မမထား'"

**'ထား' အံ့သြစွာ ကောင်လေးမျက်နှာကို စိုက်ကြည့်လိုက်မိပါသည်။**

'ထား' အံ့သြစွာကောင်လေးမျက်နှာကို စိုက်ကြည့်လိုက်မိပါသည်။

'ထား' နာမည်ကို သူ သိနေပါလား။

"ဖုန်းခဏလောက်ဆက်ချင်လို့ပါ... အိမ်သော့ကျန်ခဲ့လို့ပါ"

"ဩော် ရပါတယ် လာလေ"

'ထား' Apple ကိုဆွဲကာ ခြံထဲကိုပြန်လျှောက်အလာ...

"ဟိုတစ်နေ့က ကျွန်တော်တို့လာသေးတယ်'မမထား' အပြင်သွားနေလို့"

"အင်း 'ဒေါ်လေးပို' ပြောပါတယ်"

'ထား' ဟန်မပျက်ပြောကာ ကောင်လေးကို လှမ်းအကဲခတ်လိုက်ပါသည်။

ကောင်လေးပုံစံက သွက်လက်ရဲတင်းလှသည်။

'ထား' နဲ့ခုမှတွေ့ရတာဖြစ်ပေမယ့် စကားပြောတာများဖြူးလို့။

"'မမထား'က ဓါတ်ပုံထဲမှာထက် အပြင်မှာပိုချောတယ်"

ဧကန္တဧည့်ခန်းထဲက 'ထား' တို့မိသားစုသုံးယောက်ရဲ့ပုံကို မြင်ထားပြီးပုံရလေသည်။

"ဆယ်တန်းကိုလည်း ဂုဏ်ထူးအများကြီးနဲ့အောင်ထားတယ်ဆို... အရမ်းဝမ်းသာမှာပဲနော်"

မျက်ခုံးထူထူဖြင့်ကောင်လေးက 'ထား' ထက်ငယ်ပေမယ့်လည်း 'ထား' ကပင် ပြန်မော့ကြည့်နေရတဲ့ အရပ်မျိုးနဲ့ပါ။

"'တာရာ' ကရော ဘယ်နှစ်တန်းလဲ"

"ကိုးတက်တက်နေပြီ"

"ကြိုးစားပေါ့"

"အင်း ကျွန်တော်လည်း 'မမထား' လို ဂုဏ်ထူးတွေအများကြီးနဲ့ ဆယ်တန်းအောင်ချင်တာ... ဒါမှ ဟိုကောင်ထက်သာမှာ"

"ဘယ်ကောင်လဲ"

'ထား' မျက်မှောင်ကြုတ်ကာ မေးလိုက်မိတာဖြစ်သည်။

'တာရာ' ကမဖြေပါ။ နှုတ်ခမ်းကိုသာ တင်းတင်းစေ့ကာ မျက်မှောင်ကုပ်ထားပါသည်။

"ပြောလေ 'တာရာ'... ဘယ်ကောင်လဲ"

"'မမထား' မသိပါဘူး"

'တာရာ' ရဲ့အသံက မကျေမနပ်နဲ့ပါ။

မျက်နှာတပြင်လုံးကလည်း အလိုမကျဟန်ဖြင့် တင်းနေရသည်။

"အေးလေ 'မမထား' လည်းမသိလို့မေးနေတာပဲ...

သိရင်ဘယ်မေးပါ့မလဲ”

“ ‘မင်းထွဋ်ခေါင်’ ကိုပြောနေတာ”

“ ‘မင်းထွဋ်ခေါင်’ ဟုတ်လား… သူကဘယ်သူလဲဟင်”

“ဒယ်ဒီရဲ့ သားအကြီးပေါ့”

“ဒါဆို ‘တာရာ’ ရဲ့အစ်ကို မဟုတ်ဘူးလား”

“ဟုတ်တော့ဟုတ်တယ်… ဒါပေမဲ့မတူဘူး… သူ့အမေကတစ်ယောက်”

“ဪ…”

‘ထား’ နားလည်စွာ ခေါင်းညိတ်လိုက်မိပါသည်။

‘မင်းထွဋ်ခေါင်’ ဆိုတာ ‘တာရာ’ ရဲ့အဖေတူအမေကွဲအစ်ကိုပေါ့။

ဒယ်ဒီရဲ့တပည့်က မိန်းမနှစ်ယောက် ရှိတဲ့လူပေါ့။

“ဒီကောင် ဒီနှစ်ဆယ်တန်းကျတယ်လေ… ဒယ်ဒီအပြတ်တင်းနေတယ်… ဒီကောင်လည်း အိမ်ကိုမလာရဲဘူး… လာရင်လည်း ဒယ်ဒီကဖြင်းမှာ”

‘တာရာ’ ပုံစံက ဒီလိုပြောလိုက်ရတာကို အတော်လေးဝမ်းသာကြည်နူးဟန် ပေါက်နေပေမယ့်လည်း ‘ထား’ ကတော့ဝမ်းမသာမိပါ။





‘မင်းထွဋ်ခေါင်’ ဆိုတဲ့လူကို သနားပင်သနားမိပါသေးသည်။

“သူက ‘တာရာ’ တို့နဲ့အတူနေတာ မဟုတ်ဘူးလား”

“ဘယ်ကလာ သူက သူ့အဘွားနဲ့သွားနေတာ… အဲဒီကောင်ကို ဒယ်ဒီကခေါ်ထားချင်နေတာ”

“သူ့အမေကကော”

“ဒီကောင် ရှစ်တန်းလောက်တည်းက ကွဲသွားတာ”

‘ထား’ ‘တာရာ’ ကို စိတ်ပျက်သလို လှမ်းကြည့်လိုက်မိပါသည်။

အဖေတူအမေကွဲ အစ်ကိုအပေါ်ကို စာနာစိတ်ထားရမယ့်အစား ‘တာရာ’ ပုံစံက အတော်လေးကို စိတ်ပျက်နေဟန်ပါ။

“ခုလည်း ဒီကောင်မရှိတော့ ကျွန်တော်ပဲပင်ပန်းနေရတာပေါ့… တကယ်ဆို ဒီအလုပ်တွေက ဒီကောင်လုပ်ရမှာ ဒီကောင်က အကြီးမဟုတ်ဘူးလား”

နှစ်ယောက်သား အိမ်ပေါက်ဝကိုအရောက် မာမီကဆီးကြိုကာ နှုတ်ဆက်လိုက်သည်။

“သမီးက ‘တာရာ’ နဲ့ ခင်လာခဲ့ပြီကို… မာမီတော့

သမီးကို ပြောမပြရသေးဘူး”

“ ‘ထား’ ‘ဒေါ်လေးပို’ ဆီက သိပြီးပါပြီ မာမီ”

“ဘာပဲဖြစ်ဖြစ် သမီးဒယ်ဒီရဲ့ မိတ်ဆွေတွေကတော့ မာမီ တို့ရဲ့မိတ်ဆွေတွေပဲပေါ့... လိုအပ်တာ ကူညီပါ့ကွယ်...ခု သားလေးက ဘာလာလုပ်တာလဲ”

“အိမ်သော့ကျန်ခဲ့လို့ ဖုန်းလာဆက်တာပါ အန်တီ”

“လာ လာ သမီး ‘ထား’ လိုက်ပြပေးလိုက်ပါကွယ်”

ဖုန်းရှိရာဧည့်ခန်းတွင်းကိုဝင်အလာ ‘တာရာ’ က ‘ထား’ ကို လှမ်းပြောသည်။

“မာမီကတောင်ပြောနေသေးတယ်... ‘မမထား’ ကိုစာပြခိုင်းမလို့တဲ့”

“ရပါတယ် ‘မမထား’ အားရင်ပြပေးမှာပေါ့”

‘တာရာ’ ဖုန်းဆက်ပြီး ပြန်သွားခဲ့ပါသည်။ ညနေပိုင်းတွင် ‘တာရာ’ မိခင်နှင့်ညီမလေးတို့ ရောက်လာခဲ့ကြပါသည်။

‘တာရာ’ မိခင်က ‘တာရာ’ လိုပိန်ပိန်ပါးပါးနှင့်ခေတ်ဆန်သွက်လက်သူတစ်ယောက်ပါ။

‘ထား’ ကိုတွေ့သည်နှင့် စကားတွေရွှန်းရွှန်းဝေအောင် ပြောပါတော့သည်။





“မနက်တည်းက ‘တာရာ’ ပြောနေတာလေ... ‘မမထား’ က ဓါတ်ပုံထဲမှာထက် အပြင်မှာပိုလို့တောင် ချောသေးတယ်ဆိုတာ အန်တီခုတော့ ယုံသွားပြီကွယ်...သမီး ‘ထား’ က တကယ်ချောတာပဲ... အသားလေးတွေများ နုဖတ်နေတာပဲ... မမတို့များမွေးတတ်လိုက်တာနော်”

‘ထား’ ကိုပြောရင်း မာမီကိုပါလှမ်းပြောလိုက်တာဖြစ်ပါသည်။

“ ‘မေသက်’ ကလေးတွေလည်း ချောကြပါတယ်ကွယ်”

“သား ‘တာရာ’ က သွက်လို့တော်သေးတယ် မမရဲ့... ဟောဒီအငယ်မ ‘ကဗျာ’ က အ,အမလေး... တစ်နေ့လုံးနေလို့ သူ့ဆီက ဘာစကားသံမှကြားရတာမဟုတ်ဘူး”

‘ထား’ ‘ကဗျာ’ ဆိုသော ကောင်မလေးကိုကြည့်ကာပြုံးပြလိုက်မိပါသည်။

အသားဖြူဖြူ သွယ်သွယ်မြင့်မြင့်ကလေးဖြင့် ကောင်မလေးပုံစံက အေးအေးလေးပါ။

ကျောလည်ခန့် ဆံပင်ဖြောင့်ဖြောင့်လေးဖြင့် သူ့အမေနားတွင်ခေါင်းငုံ့ကာရပ်နေလေသည်။

“ ‘ကဗျာ’ က အခုဘယ်နှစ်တန်းလဲ”

"ခုနစ်တန်းတက်ရမှာပါ မမ"

"နားမလည်တာရှိရင် မမကိုလာမေးလေ"

"ဟုတ်ကဲ့"

ပြုံးကာပြောလိုက်သော မျက်နှာလေးသည် မျက်ဝန်းလက်လက်လေးဖြင့် ချစ်စရာကောင်းလှပါသည်။

ဘာပဲဖြစ်ဖြစ် 'ထား' အတွက် အဖေါ်လေးတွေရလာပြီဆိုတော့လည်း အထီးကျန်မဆန်တော့ဘူးဟု ခံစားမိပါသည်။

နေ့စဉ်နေ့လယ်ပိုင်းတွေကို 'တာရာ' နဲ့ 'ကဗျာ' က တစ်လှည့်စီ စာလာမေးကြတာမို့ 'ထား' အတွက် ပျင်းနေရန် အချိန်ပင်မရှိတော့ပါ။

ကျောင်းတွေဖွင့်၍ ဆေးကျောင်းတက်ရပြန်တော့လည်း ညနေပိုင်းအချိန်များသည် 'တာရာ' နဲ့ 'ကဗျာ' တို့အတွက်တင်းနစ်ရိုက်ရန် အချိန်ဖဲ့ပေးရပြန်တာမို့ 'ထား' အတွက် အချိန်အားဆိုတာ မရှိလှတော့ပါ။





## ၁၁

'တာရာ' တို့အိမ်သစ်ကိုပြောင်းလာပြီး တစ်လခန့်အကြာတွင် အိမ်သစ်တက်ပွဲကျင်းပခဲ့ပါသည်။

တခြားလူတွေသွားတာ မသွားတာထက် 'ထား' တို့မိသားစုက သွားဖို့ ပိုပြီးတာဝန်ရှိတာကြောင့်လည်း ဦးစွာသွားခဲ့ရပါသည်။

'တာရာ' နဲ့ 'ကဗျာ' က 'မမထား' စောစောလာခဲ့ရမယ်နော်ဟု ဖိတ်ထားတာကြောင့် ဒယ်ဒီနဲ့မာမီတို့ထက်အရင် 'ဒေါ်လေးပို' ကိုခေါ်ကာ 'ထား' သည် တစ်ဖက်ခြံကိုကူးလာခဲ့မိပါ

သည်။

အာရုံဆွမ်းကပ်မှာဖြစ်တာကြောင့်လည်း ဘုန်းကြီးတွေ ငါးနာရီခွဲကြွမယ်ဟု 'အန်တီမေသက်' ကပြောပြထားပါသည်။

'ထား' တို့ စတုဂံကိုရောက်လာချိန်တွင် ငါးနာရီပဲရှိပါသေးသည်။

မီးထွန်းထားသော ခြံဝရှိရွှေညိုရောင် 'စတုဂံ' ဆိုင်းဘုတ်လေးကိုကြည့်ရင်း 'အန်တီမေသက်' ပြောခဲ့တာကို သတိရမိပါသေးသည်။

"မိသားစုလေးယောက်ပဲ ရှိတာမို့လို့ စတုဂံလို့အန်တီက တမင်ပေးထားတာ"

ထိုသို့ပြောရင်း အန်ကယ့်ကို အဓိပ္ပါယ်ပါပါလှမ်းကြည့်လိုက်တာကိုလည်း 'ထား' သတိရနေပါသေးသည်။

'ကဗျာ' က သူ့အခန်းကိုလိုက်ကြည့်ပေးပါဟု အတင်းအကြပ်ခေါ်လာတာကြောင့် 'ထား' ရောက်နေရချိန်လည်း ဖြစ်ပါသည်။

ထိုအချိန်တွင် 'အန်ကယ်ထွဋ်ခေါင်' က သူ ဂေါ့ဖ်ရိုက်တဲ့ တုတ်တံတွေကို စနစ်တကျစီစဉ်နေချိန်ဖြစ်ပါသည်။





အန်တီ့စကားကြောင့် အန်ကယ်မျက်မှောင်ကြုတ်လိုက်ရင်း...

"ခြံနာမည်ပေးတာပဲ 'စတုဂံ' ရယ်လို့ မကြားဖူးပါဘူး... သူများတွေမှည့်တာ ပန်းနာမည်တွေ... မင်္ဂလာရှိတဲ့နာမည်တွေပဲမှည့်ကြတာ... မင်းကျမှ အဆန်းတကျယ်"

"တမင်ကို မှည့်တာရှင့်... လူလေးယောက် အနားလေးဘက်ပဲ... ဘယ်အပိုလူမှမတင်ချင် မထားချင်လို့မှည့်ထားတာ"

'အန်တီမေသက်' အသံက ဒေါသဖြင့် ကျယ်လောင်လာသလို အန်ကယ့်ရဲ့မျက်နှာကလည်း ဒေါသဖြင့်ခက်ထန်မာကြောလာပါသည်။

'ကဗျာ့' နားတွင်ရပ်နေရင်းက 'ထား' မှာရှေ့တိုးရမလို နောက်ဆုတ်ရမလို အနေခက်လာပါသည်။

"မင်းဟာ တော်တော်အတ္တကြီးတဲ့မိန်းမပဲ 'ခင်မေသက်' မင်းဒီလိုအတ္တကြီးနိုင်တာ ဘယ်သူ့ကြောင့်လည်းဆိုတာကော မင်းသိရဲ့လား"

"မသိချင်ဘူး... ကြားလည်းမကြားချင်ဘူး"

'ဒေါ်ခင်မေသက်' က နားနှစ်ဘက်ကို လက်ဖြင့်ဖိပိတ်

ကာ ကုန်းအော်ချိန်တွင် အန်ကယ်က ကားသော့ကိုယူကာခြံထဲကနေ ကားကိုအပြင်းမောင်းထွက်သွားသံကိုသာ ကြားလိုက်ရပါသည်။

အိမ်မှာ ဒယ်ဒီနဲ့မာမီ ရန်ဖြစ်တာကို တစ်ခါဘူးမှ မကြားဘူးတာကြောင့် 'ထား' လက်တွင်ချွေးများပြန်ကာ ရင်တွေလျှင်မြန်စွာခုန်လာရဆဲ 'ကဗျာ' က 'ထား' လက်ကိုဆွဲကာ တီးတိုးပြောသည်။

"လာ မမ… 'ကဗျာ' ပြန်လိုက်ပို့ပေးမယ်"

မျက်နှာပျက်ပျက်ဖြင့် 'ကဗျာ' ရဲ့လေသံက အက်ကွဲကွဲလေးကြောင့် 'ထား' အားနာစွာတားလိုက်မိပါသည်။

"နေ နေ မမတစ်ယောက်တည်း ပြန်လို့ရပါတယ်"

'ကဗျာ' ကိုအတင်းထားခဲ့ကာ 'ထား' ခြံထဲမှ ခပ်သွက်သွက်အထွက်…

"'မမထား' ကျွန်တော်လိုက်ပို့ပေးမယ်"

'တာရာ' ပြေးလိုက်လာတာကို တွေ့လိုက်ရပါသည်။

'ထား' 'တာရာ' မျက်နှာကိုကြည့်ရင်း အားနာစွာငြင်းပယ်လိုက်မိပါသည်။

"နေပါစေ 'တာရာ' ရယ်…ဟိုဘက်ခြံနဲ့ဒီဘက်ခြံပဲဥစ္စာ





အိမ်မှာအန်တီတစ်ယောက်တည်းရှိတာ 'တာရာ' ပြန်ပါ"

"ရပါတယ် ဒါမျိုးတွေကဖြစ်နေကြပဲ"

သရော်တော်တော်လေးပြုံးနေတဲ့ 'တာရာ' ရဲ့အပြုံးကထုသားပေသားကျနေတဲ့အတိုင်းပါ။

"အဲ့ဒါကြောင့် ဟိုကောင့်ကြောင့်ဖြစ်နေရတာ"

"ဘယ်ကောင်လဲ"

"'မင်းထွဋ်ခေါင်' လေ… 'မမထား' ကို ကျွန်တော်ပြောပြထားပါရောလား… ဒယ်ဒီက သူ့သားနဲ့ပတ်သက်ရင် လုံးဝအပြောခံတာမဟုတ်ဘူး… မာမီကလည်း အဲ့ဒီကောင်ကို လွတ်မုန်းတာ… ခုလည်း ဒယ်ဒီ အဲ့ဒီကောင်ကိုခေါ်မှာစိုးလို့ မာမီက တမင်အရှဲ့တိုက်ပြီး ခြိမ်းခြောက်တာကို စတုဂံလို့ပေးပစ်တာ"

"အဲ့ဒီ 'မင်းထွဋ်ခေါင်' က ဒီကိုမလာဘူးမဟုတ်လား"

"ဒယ်ဒီကတော့ တစ်ချိန်လုံးသွားခေါ်နေတာပဲလေ လာစေချင်မှန်းသိလို့ ဈေးကိုင်နေတာလည်းဖြစ်ရင်ဖြစ်မှာပေါ့"

ခြံထဲရောက်လာပြီးသည့်တိုင် 'ထား' တို့တိုက်ကြီးဆီကိုရောက်ဖို့ အဝေးကြီးလျှောက်ရပါသေးသည်။

သည်လမ်းတလျှောက် 'ထား' တို့စကားပြောလာခဲ့ကြခြင်းဖြစ်ပါသည်။

"'တာရာ' ကရော 'မင်းထွဋ်ခေါင်' ကိုမလာစေချင်ဘူးလား... 'တာရာ့' ရဲ့အစ်ကိုပဲလေ"

"ဒီကောင်က အံရှမ်းကွိုင်ရှာတာ 'မမထား' ရဲ့... နောက် 'မမထား' တွေ့မှာပါ... မာမီနဲ့ဆိုလုံးဝမရဘူး"

ဘယ်လိုပဲဖြစ်ဖြစ် လူကိုမတွေ့ရသေးပေမယ့် 'မင်းထွဋ်ခေါင်' ဆိုတဲ့နာမည်ကတော့ 'ထား' ရဲ့ရင်မှာစိုးမိုးစပြုနေပါပြီ။

ခြံထဲကိုအဝင် ဆန်နီပစ်ကပ်နီညိုရောင်လေးနဲ့ အဖြူရောင်လီမီတက်ကားနှစ်စီးရှိတဲ့အနက် ဆန်နီပစ်ကပ်လေးရော့နေတာကြောင့် အန်ကယ်ဘုန်းကြီးသွားပင့်သည်ဟု ထင်မိပါသည်။

မနေ့ညတည်းက ဒယ်ဒီဆီလာကာ စီစဉ်နေတာကို 'ထား' ကြားထားရသည်။ ဒါဆို 'တာရာ' လည်းပါသွားမည် ထင်ပါရဲ့။

"ဒေါ်လေး အရင်ဝင်နှင့်မယ်နော် သမီးဖြည်းဖြည်းလိုက်ခဲ့"

'ဒေါ်လေးပို' က ပြောလည်းပြော၊ ရှေ့ကလည်းခပ်သွက်သွက်ထွက်သွားတာကြောင့် 'ထား' ပေါ်တီကိုအောက်မှာကျန်ရစ်ခဲ့ပါသည်။





'တာရာ' တို့ပြန်လာလျှင် အသင့်ဖြစ်စေရန် တံခါးဝမှာစောင့်နေဆဲ 'ထား' ရှေ့ကိုလူတစ်ယောက်ရောက်လာခဲ့ပါသည်။

စုစည်းထားသော ဆံပင်ရှည်တချို့က မျက်နှာပေါ်တစ်ဝက်တပျက်ပြန်ကျနေကာ အရပ်ရှည်ရှည်အသားညိုညိုနဲ့လူက 'ထား' ကို စူးစိုက်ကြည့်ကာ မာကြောစွာမေးလာခဲ့ပါသည်။

"မင်း ဘယ်သူလဲ... ဒီကိုဘာလာလုပ်တာလဲ"

'ထား' ရင်ထဲလန့်တုန်သွားရကာ ထိုလူ့ကို ထစ်ထစ်ငေါ့ငေါ့ ပြန်ဖြေလိုက်မိသည်။

"ဟိုဘက်ခြံကပါ... 'တာရာ' တို့ဖိတ်ထားလို့လာတာ"

ထိုလူက 'ထား' ကိုခြေဆုံးခေါင်းဆုံးကြည့်ရင်း သရော်တော်တော်ပြုံးလိုက်သည်။

"ဘာလဲ 'တာရာ့' သူငယ်ချင်းလား"

"မဟုတ်ပါဘူး...'တာရာ' က မောင်လေးအရွယ်လောက်ပဲရှိတာပဲ... ရှင်ကကော ဘယ်သူလဲ"

'ထား' ကြောက်နေတဲ့ကြားက ထိုလူ့ကိုပြန်မေးလိုက်မိသည်။

အသားကအတော်လေးညိုပေမယ့် ထိုလူ့ရဲ့မျက်လုံးတွေက ရွှန်းလက်လှပါသည်။

ပုံကျလှပသော နှုတ်ခမ်းကလည်း သရော်တော်တော်အပြုံးသာမရှိလျှင် အတော်လေးကိုကြည့်ကောင်းမယ့် နှုတ်ခမ်းလေးတွေပါ။

တီရှပ်အဖြူပေါ် ရှပ်အင်္ကျီထပ်ဝတ်ကာ ဂျင်းဘောင်းဘီရှည်ဝတ်ထား၍ ထိုလူ့အရပ်က ပိုရှည်သလိုထင်နေရပါသည်။

"ဒီခြံမှာ ကျုပ်ဘယ်သူလဲဆိုတာ အရေးမကြီးပါဘူး... ကျုပ်က အရေးပါတဲ့ကောင်မှ မဟုတ်တာ"

"ကိုကို ဘာတွေပြောနေတာလဲ"

ထိုအချိန်အိမ်ထဲမှထွက်လာသော 'ကဗျာ' က 'ထား' တို့ကိုတွေ့သွားကာထိုလူ့ကိုလှမ်းပြောလိုက်တာဖြစ်ပါသည်။

"ကိုကိုလည်း ဒယ်ဒီရဲ့သားပဲဥစ္စာ... ဘာလို့အရေးမပါရမှာလဲ"

'ကဗျာ' စကားကြောင့် 'ထား' ထိုလူ့ရဲ့မျက်နှာကိုတအံ့တဩ လှမ်းကြည့်လိုက်မိပါသည်။ နှုတ်ကလည်း နာမည်တစ်ခုကို ခပ်တိုးတိုးရွတ်ဆိုလိုက်မိသည်။





"'မင်း ထွန်း ခေါင်'"

"သိပ်သေချာတာပေါ့... ခင်ဗျားတောင် ကျုပ်နာမည်ကိုရင်းနှီးနေမှပဲ... ကျုပ်အကြောင်းလည်း အတော်သိပြီးနေရောပေါ့"

'ထား' ခေါင်းခါလိုက်မိသည်။

"ဟုတ်တယ် ကိုကို... 'ကဗျာ' တို့ဒီကိုပြောင်းလာတာ တစ်လလောက်ပဲရှိသေးတဲ့ဥစ္စာ 'မမထား' က ကိုကို့အကြောင်း ဘယ်လိုလုပ်ပြီးသိနိုင်မှာလဲ"

"'ထား' ဟုတ်လား"

သူက 'ထား' ရဲ့မျက်နှာကို တအံ့တဩကြည့်နေတာကြောင့် 'ထား' ခေါင်းငုံ့ကာ နာမည်ကိုဖြေလိုက်ရပါသည်။

"'ထားချိုလွင်' ပါ 'ကိုမင်းထွန်းခေါင်'"

"ဖြစ်နိုင်ရင် 'အိုင်းယွန်း' လို့ပဲခေါ်ပါလား 'မင်းထွန်းခေါင်' ဆိုရင် ကိုယ်နဲ့မလိုက်သလိုခံစားရတယ်"

"ဘာဖြစ်လို့လဲ"

"ကျုပ်က ဘာကောင်မှမဟုတ်လို့"

ပြောရင်းခပ်သဲ့သဲ့ရယ်မောနေတဲ့ သူ့မျက်နှာတွင်နာကြည်းရိပ်တွေ စွန်းထင်းနေတာကို 'ထား' ထင်ရှားစွာတွေ့နေရ

ပါသည်။

"'မမထား' က ဂုဏ်ထူးငါးလုံးတောင်ပါတာ ကိုကို... ဆေးတက္ကသိုလ်တက်ရတော့မှာ"

"ဟုတ်လား ကွန်ဂရက်ကျူလေးရှင်းပါ...တွေ့တဲ့လူတိုင်းက ကျုပ်ထက်တော်နေကြတဲ့လူတွေချည်းပဲ... ကျုပ်ကသာချာနေတာ"

"ဟိုတ် ဘုန်းကြီးတွေကြွလာတော့မယ်... ခြေသုတ်ဝတ်လာချ"

အိမ်ထဲက 'ဒေါ်ခင်မေသက်' ရဲ့အသံထွက်လာခဲ့ပြီးသည့်နောက်...

"တွေ့လား ကျုပ်နဲ့တာန်တဲ့အလုပ်ရပြီ သွားလိုက်ဦးမယ်"

သရော်တော်တော်အပြုံးဖြင့် ထိုလူအိမ်ထဲကိုဝင် အသွား 'ကဗျာ' စိတ်ညစ်သလို မျက်နှာလေးဖြင့် 'ထား' ကိုလှမ်းပြောပါသည်။

"မာမီ့ကြောင့်ခက်တယ်... 'ဦးလေးဝ' ခေါ်ခိုင်းရင်လည်း ရရဲ့သားနဲ့... 'ဦးလေးဝ' 'ဦးလေးဝ'"

'ကဗျာ' က အသံကျယ်ကျယ်လေးဖြင့် ခြံစောင့်ကြီး





'ဦးဝတုတ်' ကို လှမ်းခေါ်နေလေသည်။ 'ထား' လည်း စိတ်ရှုပ်ရှုပ်ဖြင့် အိမ်ထဲကိုဝင်အလာ 'အန်တီသက်' က 'ကဗျာ' ကိုဆူပူနေသံကြားလိုက်ရသည်။

"ဘာလုပ်ဖို့ 'ဦးဝတုတ်' ကိုခေါ်နေရတာလဲ... ငါခိုင်းထားတယ်"

"ကိုကို့ကို အားနာစရာမာမိရယ်... "

"ဘာအားနာရမှာလဲ... ငါ နိုင်းတာကိုပဲကျေးဇူးတင်ဦး"

ထိုအချိန်ခြံရှေ့က ကားသံကိုကြားလိုက်ရတာကြောင့် ဘုန်းကြီးတွေကြွလာပြီဟူသောအသိနဲ့အတူ 'ထား' တို့အားလုံးထွက်လာခဲ့ကြပါသည်။

တိုက်အပေါက်ဝတွင် ဘုန်းကြီးတွေကိုခြေသုတ်ဝတ်နှင့်သုတ်ပေးနေသော ထိုလူ့ရဲ့မျက်နှာတွင် သရော်တော်တော်အပြုံးရိပ်တို့က ကင်းစင်ကာ ငြိမ်းချမ်းသိမ်မွေ့နေတာကိုတွေ့ရပါသည်။

ထိုခဏ ထိုလူ့ရဲ့မျက်နှာက ပိုမိုချောမွေ့လာသလို 'ထား' ရင်ထဲခံစားလိုက်ရပါသည်။

# [ ၁၂ ]

ကျောင်းတက်နေရပြီမို့ 'ထား' မအားတော့သလို စတုဂံကိုလည်း မရောက်ဖြစ်တာကြာခဲ့ပါပြီ။

ဒီနေ့ကတော့ မာမီဈေးကစောစောပြန်လာကာ ရဲယိုရွက်နဲ့ငါးခူချက်ပေးထားသည်။

ဒယ်ဒီကစားကြည့်ရင်း သူ့တပည့်ကိုပါပေးချင်တယ်ဆို၍ မာမီကဂျိုင့်နဲ့ထည့်ပြီး ဒရိုင်ဘာဦးကြီးကို ဟိုဘက်ခြံကို ပို့ခိုင်းထားသည်။

'ထား' ကိုယ်တိုင်လည်း မရောက်တာကြာပြီဖြစ်၍





'ထား' ပေးပေးမယ်ပြောကာ တစ်ဖက်ခြံသို့ကူးလာခဲ့လိုက်ပါသည်။

လူကသာ ကိုယ့်ကျောင်းစာအလုပ်နဲ့ မအားလပ်သော်လည်း မနက်မနက်တံခါးဖွင့်လိုက်လျှင် စတုဂံကို ကြည့်မိမြဲပါ။

ကြည့်မိတိုင်းလည်း လူတစ်ယောက်ကို တွေ့ရနိုးနဲ့အမြဲလိုလို ရှာဖွေမိတတ်ပါသည်။

ဒါပေမဲ့ အပုန်းကောင်းတဲ့သူကို 'ထား' ဘယ်တော့မှမတွေ့ရပါ။

သူ ဒီမှာမနေတော့ဘူးလား။ ဒါမှမဟုတ်သူ့အဘွားဆီမှာပဲပြန်နေနေတာလား။

အတွေးများဖြင့် ခြံထဲကိုအဝင်…

"ဟင်"

တိုက်တစ်ဖက်ရှိ ကားဂိုဒေါင်ထဲမှ သူထွက်လာတာကိုမမျှော်လင့်ဘဲ တွေ့လိုက်ရပါသည်။

သူကလည်း 'ထား' ကို မထင်မှတ်ဘဲ တွေ့လိုက်ရတာကြောင့် အူကြောင်ကြောင်ဖြင့်ရပ်ကြည့်နေပြီးမှ ဂိုဒေါင်ထဲပြန်လှည့်အဝင် 'ထား' လှမ်းခေါ်လိုက်မိသည်။

"'မင်း ထွဋ်ခေါင်…"

သူက 'ထား' ကို မျက်မှောင်ကုပ်ကာ ကြည့်နေပါသည်။

'ဒေါ်အေးအေးထား' မှ 'ထား' ဆိုသောမာမီ့ရဲ့နာမည်တူသော မိန်းမလှလေးမို့သာ သူ သည်းခံနေမိပေမယ့် ဒီ 'မင်းထွဋ်ခေါင်' ဆိုသော ဒီနာမည်ကိုခေါ်တိုင်း သူ မနှစ်သက်ပါ။ ဒီနာမည်ကိုကြားတိုင်း ဒယ်ဒီ့ရဲ့သရော်တော်တော် လှောင်ပြောင်ရယ်မောသံကိုကြားယောင်ကာ ခံရခက်နေမိပါသည်။

"မင်းနာမည်ကို စရွေးတည်းက ငါ့ထက်သာအောင် 'မင်းထွဋ်ခေါင်' လို့ ပေးထားခဲ့တာ… ခု မင်းဥစ္စာက ငါ့ထက်သာဖို့နေနေသာသာ ဆယ်တန်းလေးတောင် ဖြစ်ဖြစ်မြောက်မြောက်အောင်ဖို့မလွယ်ပါလား… အစက ဒီလိုမှန်းသာသိရင် 'မင်းထွဋ်ခေါင်' လို့မှည့်မဲ့အစား 'မင်းဖွတ်ခေါင်' လို့မှည့်လိုက်ပါတယ်"

ဝါးကနဲအော်ရယ်လိုက်တဲ့ ရယ်သံတွေထဲမှာ 'တာရာ' အသံနဲ့ 'ဝေခက်' အသံက အကျယ်လောင်ဆုံးဟု သူ့ရင်မှာခံစားရပါသည်။

'တာရာ' ငယ်စဉ်တုန်းက မာမီလည်းရှိနေသေးတာ





ကြောင့် သူ့ကိုမလှန်နိုင်သေးပေမယ့် မာမီဆုံးသွားပြီးတဲ့နောက်ပိုင်း 'တာရာ' တင်မက သူ့ဦးလေး (ဒေါ်ခင်မေသက်ရဲ့မောင်အငယ်ဆုံး) 'ဝေခက်' ကပါ သူ့ကိုမခန့်လေးစားဆက်ဆံလာတာ သူ သတိထားမိပါသည်။

မာမီမဆုံးခင်ကဆို 'တာရာ' ကော 'ဝေခက်' ပါဒီလိုဟားဖို့မပြောနဲ့ စေ့စေ့ပင်ကြည့်ရဲကြသည် မဟုတ်ပါ။

ခု မာမီ မရှိတော့ဘူးဆိုမှ 'ဒေါ်ခင်မေသက်' က သူ့မောင်အငယ်ဆုံးကိုအိမ်ပေါ်ရဲရဲတင်းတင်းခေါ်တင်ကာကျောင်းခေါ်ထားပေးခဲ့တာဖြစ်ပါသည်။

'ဝေခက်' က မော်လမြိုင်မှနေ၍ ရန်ကုန်ဆေးတက္ကသိုလ်လာတက်နေသူဖြစ်ပါသည်။

သည်အဖြစ်တွေကြောင့် သူ ဒယ်ဒီနဲ့လိုက်မနေချင်ပါ။

ဒယ်ဒီဘက်က အဖေနဲ့အမေကလည်း မာမီရှိစဉ်က 'ဒေါ်ခင်မေသက်' နဲ့ကိစ္စကို ဝိုင်းဝန်းကန့်ကွက်ခဲ့ကြသော်လည်း မာမီမရှိတဲ့နောက်ပိုင်း ကလေးတွေလည်း ရနေပြီဆိုတော့ 'ဒေါ်ခင်မေသက်' ကိုလက်ခံခဲ့ကြသည်။ လက်ခံပြီးမကြာခင် ဒယ်ဒီရဲ့အဖေ ဆုံးပါးသွားခဲ့သည်။

ထိုအခြေအနေကိုအခွင့်ကောင်းယူကာ 'ဒေါ်ခင်မေ

သက်' က ဒယ်ဒီရဲ့အမေကိုအပိုင်ပေါင်းပြီး စမ်းချောင်းကခြံကြီးကို အပိုင်စီးဖို့အထိ ကြိုးစားခဲ့ပါသည်။

သို့သော် ဦးနှောက်ကောင်းတဲ့ ဒယ်ဒီရဲ့အမေက သူမကွယ်လွန်ခင် ခြံနာမည်ကို 'အိုင်းယွန်း' နာမည်နဲ့လွှဲပေးခဲ့ကာ 'အိုင်းယွန်း' အသက်အစိတ်ပြည့်လျှင် လွှဲယူခွင့်ရဖို့ရှေ့နေနဲ့တိုင်ပင်ခဲ့ပါသည်။

ထိုအဖြစ်တွေကိုသိမထားတဲ့ 'ဒေါ်ခင်မေသက်' က ဒယ်ဒီရဲ့အမေဆုံးသွားပြီးနောက်ပိုင်း ရှေ့နေဆီကတစ်ဆင့်ဂရံကိုယူကြည့်ရာမှ 'အိုင်းယွန်း' နာမည်နဲ့မှန်းသိသွားခဲ့ရာ 'အိုင်းယွန်း' ကို ပိုမိုမုန်းတီးခဲ့ပါသည်။

ဒယ်ဒီအတွက် ဘောက်ထော်ဘက်က ခြံတစ်ခြံကို အမွေပေးထားခဲ့ပါသည်။

သားကိုပေးထားခဲ့တဲ့ အမွေအ တွက် ဒယ်ဒီက ဘာမှမပြောသော်လည်း 'ဒေါ်ခင်မေသက်' က တစ်ချိန်လုံးပူညံပူညံလုပ်နေတာကြောင့် ဘောက်ထော်မှခြံကိုပြောင်းနေကာ စမ်းချောင်းကခြံကြီးကို သံရုံးတစ်ရုံးငှားထားပြီး ရသမျှငွေကို 'အိုင်းယွန်း' နာမည်နဲ့ဘဏ်တွင်ထည့်ပေးထားခဲ့ပါသည်။

ထိုကိစ္စတွေနဲ့ပတ်သက်ကာ 'အိုင်းယွန်း' ဘာကိုမှစိတ်





မဝင်စားသလို ဘာကိုမှလည်းမမက်မောခဲ့ပါ။

ခုချိန်မှာ 'အိုင်းယွန်း' အဖြစ်ချင်ဆုံးဆန္ဒက မာမီ့ကို 'အိုင်းယွန်း' အပါးမှာရှိနေစေချင်တာပါပဲ။

မာမီသာသူ့အပါးမှာရှိမယ်ဆိုရင် သူ့ဘဝမှာအရာရာပြီးပြည့်စုံပါပြီ။ မာမီမရှိတော့တည်းက သူ့ဘဝသိုက်မြုံပျောက်ငှက်လို အထီးကျန်နေခဲ့တာ ကြာခဲ့ပါပြီ။

ဒယ်ဒီက အဖေတစ်ယောက်အနေနဲ့ 'အိုင်းယွန်း' ကို ချစ်တယ်ဆိုပေမယ့်လည်း မာမီ့ကို နာကြည်းစိတ်၊ ဂလဲ့စားချေချင်စိတ်ဖြင့် 'အိုင်းယွန်း' ကို ထေ့တာငေါ့တာများသည်။

"မင်းကအမေနဲ့တူတဲ့ သားဆိုတော့ ငါကိုမုန်းနေမှာပါပဲ မင်းအမေကြောင့် ငါ စိတ်ဆင်းရဲရသလို မင်းကြောင့်လည်းငါစိတ်ဆင်းရဲရဦးမယ်ဆိုတာ ငါသိနေတယ်"

"ကျွန်တော့်ကြောင့် ဒယ်ဒီ ဘာစိတ်ဆင်းရဲရလို့လဲ"

သူ ဒယ်ဒီကို စိုက်ကြည့်ကာ မေးလိုက်မိပါသည်။

မာမီမရှိတော့တဲ့နောက်ပိုင်း သူစာကိုစိတ်ဝင်စားမှုနည်းသွား၍ ဆယ်တန်းကျခဲ့တာကလွဲလျှင် မာမီရှိစဉ်တုန်းက အတန်းတိုင်းမှာ ပထမရခဲ့တာဒယ်ဒီအသိ။

ဒါကို သူများဝမ်းသာအောင် သူစိမ်းရှေ့မှာ ဒယ်ဒီအ

ရှက်ခွဲနေလေသည်။

“မင်းကိုဒီလိုမျိုးပြောတော့ မင်းရှက်တယ်… ဆယ်တန်းအောင်အောင် ဖြေဖို့တော့မကြိုးစားဘူး”

“‘အိုင်းယွန်း’ ဘဝမှာမဖြစ်ဘူးဆိုတာ မရှိဘူး… ဒါပေမဲ့ ဖြစ်အောင်လုပ်ဖို့ ဖြစ်ချင်တဲ့စိတ်ရှိဖို့ပဲလိုတယ်”

“အဲ့ဒီတော့ မင်းကိုငါက ဘာလုပ်ပေးရမလဲ”

“မာမီ့ကို ဒယ်ဒီရအောင် ပြန်ခေါ်ပေးပါ”

“မင်းအမေ သေသွားပြီပဲ… ငါက ဘယ်လိုရအောင်ပြန်ခေါ်ပေးရမှာလဲ”

“မာမီသေတာ ဘယ်သူ့ကြောင့်လည်းဆိုတာဒယ်ဒီသိပါတယ်”

“ဘာဆိုင်လဲ သူ့ဖါသာ နှလုံးရောဂါနဲ့သေတာ ငါနဲ့ဘာမှမဆိုင်ဘူး”

“ဆိုင်တယ်… မာမီ့ကို ဒယ်ဒီ သတ်တာ”

“‘မင်း ထွင့် ခေါင်’ တော်တော့… မင်းတိတ်တော့”

ဒယ်ဒီရဲ့အသံက ဒေါသစိတ်ဖြင့် ခက်ထန်လာပါသည်။ ဒယ်ဒီမျက်ဝန်းတွေကလည်း စိတ်လှုပ်ရှားမှုဖြင့် အရောင်တဖျတ်ဖျတ်ဖြင့်လင်းလက်လာပါပြီ။





ဒီလောက်ဆို မာမီအတွက် သူ တာဝန်ကျေပြီဟုခံစားရပါသည်။

တကယ်တော့ မာမီ ဘဝတလျှောက်လုံး ဒယ်ဒီစိမ်းကားရက်စက်မှုကြောင့် စိတ်နှလုံးထိခိုက်ကာ ကြေကွဲစွာခံစားခဲ့ရရှာပါသည်။

မာမီ့ရဲ့သားတစ်ယောက်အနေနဲ့ ဒယ်ဒီကိုတူညီသောခံစားမှုမျိုး သူ ခံစားရစေချင်သည်။

သည်စိတ်ဖြင့် သူ ကျောင်းဆက်မတက်ဘဲပေတေကာလေလွင့်နေခဲ့လိုက်သည်။

ဒယ်ဒီကြောင့် မာမီခံစားရသလို သူကြောင့်လည်း ဒယ်ဒီခံစားရစေချင်သည်။

သည်စိတ်ဖြင့် သူ ဒယ်ဒီ့အိမ်ပေါ်ကအဆင်း…

“ကိုကို…”

‘တာရာ’ ညီမလေး ‘ကဗျာ’ လှမ်းခေါ်ပါသည်။

ဒယ်ဒီနဲ့ ချွတ်စွပ်နီးပါးတူသော ကောင်မလေးမို့ သူချစ်ပါသည်။ ဒါပေမဲ့ တစ်ဖက်ကလည်း ‘ဒေါ်ခင်မေသက်’ ရဲ့သွေးပါတာမို့ သူ မုန်းတီးတာလည်းရှိသည်။

“မသွားပါနဲ့ ကိုကိုရယ်… ဒယ်ဒီ စိတ်ဆင်းရဲလိမ့်မယ်”

"'ကဗျာ' လွှတ်လိုက်... ဒယ်ဒီ စိတ်မဆင်းရဲဘူး ဒီလိုကောင်မျိုးအိမ်မှာရှိနေလို့ ဒယ်ဒီ ပိုလို့တောင်စိတ်ဆင်းရဲရသေးတယ်"

သူ ဒယ်ဒီ ကို စိမ်းကားစွာစိုက်ကြည့်လိုက်မိသည်။

ဒယ်ဒီ ဒီလိုစကားပြောသလား။ ဒယ်ဒီကတောင် စိမ်းကားနိုင်သေးရင် သူက ဘာမို့လို့လဲ။

"လွှတ် 'ကဗျာ'"

သူ 'ကဗျာ' လက်ကိုဆောင့်တွန်းကာ ခြံထဲကခပ်သွက်သွက်ထွက်လာခဲ့လိုက်ပါသည်။

သည်နောက်ပိုင်း သူမာမီ့ရဲ့မိခင်ရှိရာ ဇရပ်မှာပဲအနေများခဲ့ပါသည်။

ရွှေတိဂုံဘုရား အလယ်ပစ္စယံရှိ ဘွားဘွားပိုင်ဇရပ်ကြီးကလည်း နှစ်ထပ်ပျဉ်ထောင်အိမ်မြင့်မြင့်ကြီး ဖြစ်ပေမယ့်လည်း ဘွားဘွားက 'အိုင်းယွန်း' လာနေသည်ကို သဘောမကျလှပါ။

တစ်ဖက်ကလည်း သားနဲ့အဖေကို ဝေးမနေစေချင်တာကြောင့် 'အိုင်းယွန်း' ကို စမ်းချောင်းခြံမှာပဲ ပြန်နေစေချင်သည်။

"ပြန်ပါ မြေးလေးရယ်... နဂိုတည်းက 'ခင်မေသက်' ကမြေးကို မနေစေချင်တာ မြေး ဒီလိုဆင်းလာတော့ ပိုသဘောကျမှာပေါ့ကွယ်... "

"ကျချင်လည်းကျပါစေ ဘွားဘွား... မြေးအဲ့ဒီမှာနေကို မနေချင်တာ... သူတို့မျက်နှာကြည့်ရတာ မီးလိုပူတယ်"

"သူတို့မျက်နှာမီးလိုပူပေမယ့် မြေးအဖေရဲ့မျက်နှာက ရှိသေးတယ်လေ"

"ဒယ်ဒီလည်းဘာထူးလို့လဲ... 'အိုင်းယွန်း' ကိုမချစ်ပါဘူး"

ပြောရင်း သူကြေကွဲစွာ ငိုချလိုက်မိပါသည်။ တကယ်ဆို ရင်ခွင်မဲ့နေသော သူ့ဘဝအတွက် ဒယ်ဒီရဲ့ရင်ခွင်မှာ သူ ခိုဝင်မှေးစက်ချင်ပါသည်။

သို့ပေမဲ့ ဒယ်ဒီရဲ့ရင်ခွင်မှာ သူ့အတွက်နေရာတစ်နေရာစာပင် ရှိလို့လား။

သည်တော့ မလုံ့တလုံ ဘွားဘွားရဲ့ရင်ခွင်အိုလေးမှာပဲ သူ ခိုဝင်ဖို့ ကြိုးစားပေမယ့် တရားသမား ဘွားဘွားက သံယောဇဉ်ကြိုးကို ထပ်မရစ်ပတ်တွယ်ငင်မခံတော့ပါ။

သည်တော့သူငယ်ချင်းတွေအိမ် သူ တစ်လှည့်စီလျှောက်နေမိသည်။

အားလုံးက သူ့ကို လူပိုတစ်ယောက်ကို အိမ်ပေါ်ခေါ်တင်မထားချင်ကြပါ။ တင်ထားတဲ့သူတွေဆိုတာလည်း သူ့ကိုထက် သူ့မှာပါလာသော ငွေကြေးစည်းစိမ်ကို မက်မော၍ တင်ကြတဲ့သူတွေဆိုတော့ နောက်ဆုံး သူ ဘွားဘွားရဲ့ဇရပ်ကို ပြန်ရောက်ခဲ့ရပါသည်။

ဘွားဘွားက 'အိုင်းယွန်း' လက်ကိုကိုင်ကာ မျက်ရည်လေးတစမ်းစမ်းဖြင့် နားချသည်။

"မြေးလေးရဲ့မေမေကြောင့် ဘွားဘွား လူဝတ်ကြောင်ကိုစွန့်ပြီး ဒီလိုယောဂီဝတ်နဲ့လာနေနေတာ… မြေးလေးကြောင့်တော့ ဘွားဘွားယောဂီဝတ်ကိုစွန့်ပြီး မယ်သီလရင်ထပ်မဝတ်ပါရစေနဲ့ မြေးလေးရယ်… မြေးလေးရဲ့ ဖေဖေနဲ့ပဲပြန်နေပါ… ဘယ်သူစိမ်းတွေ ဘယ်လောက်ကောင်းကောင်း ကိုယ့်မိဘအရင်းလောက်တော့ ဘယ်ကောင်းပါ့မလဲ"

ဘွားဘွားရဲ့ စကားကြောင့် သူ သရော်တော်တော်ပြုံးလိုက်မိပါသည်။

ဟုတ်လို့လား။ ဒယ်ဒီသာကောင်းခဲ့မယ်ဆို သူ့ဘဝကော ဒီလို ရေမျှောကမ်းတင်ဘဝကိုရောက်နေပါ့မလား။

မာမီကော ငယ်ငယ်ရွယ်ရွယ်နဲ့ လူ့လောကကြီးထဲက





နေ စွန့်ခွာသွားစရာလိုမလား။

မာမီ့အကြောင်းကိုစဉ်းစားမိလျှင် သူက ဒယ်ဒီကို ခွင့်မလွှတ်နိုင်လောက်အောင် နာကြည်းမိလေသည်။

အဆိုးဆုံးက မာမီ ဆုံးကာနီးအချိန်တွင် ဒယ်ဒီအနားမှာ ရှိမနေတာကိုပါပဲ။

ဆေးရုံတွင် အသက်ငင် နေတဲ့ကြားက မာမီသည် ဒယ်ဒီကို 'အိုင်းယွန်း' မမုန်းအောင် ချစ်လာအောင် ကြံဖန်ပြီး နားချခဲ့ရှာလေသည်။

## ၁၃

"တကယ်တော့ သား ဒယ်ဒီ ဒီလိုဖြစ်ရတာ မာမီ့ကို အရွဲ့တိုက်ပြီး ဖြစ်ရတာမို့လို့ မာမီ ခွင့်လွှတ်ပါတယ်... သားလည်း ဒယ်ဒီကိုခွင့်လွှတ်လိုက်ပါနော်"

မာမီရှိနေရဲ့နဲ့ နောက်တစ်ယောက်ကိုထပ်ယူတာ သူ ခွင့်လွှတ်ရမှာလား။

မျက်ရည်များကြားမှ သူ ခေါင်းမာစွာခေါင်းအခါ မာမီက စကားကိုမရ,ရအောင် အားယူပြီးပြောနေလေသည်။

"သား ဒယ်ဒီက မာမီ သူ့ကိုမချစ်ဘူးထင်ပြီး အရွဲ့





တိုက်နေတာပါ... သူ့ကိုချစ်ပါတယ် သားရယ်... မိန်းမတစ်ယောက်ရဲ့နှလုံးသားဟာ အချစ်တစ်ခုတည်းအတွက်ပဲ နေရာရှိတာပါ... မာမီနှလုံးသားမှာရှိတဲ့ နေရာဟာလည်း သားဒယ်ဒီအတွက်ပါပဲ သူနဲ့လက်မထပ်ခင် မာမီ့မှာ ချစ်သူရှိခဲ့တာ မှန်တယ်... ဒါပေမဲ့ သူနဲ့လက်ထပ်ပြီးနောက်ပိုင်း မာမီအဲ့ဒီလူကို လုံးဝမေ့ပစ်လိုက်ပြီ... ဒါကို ဒယ်ဒီ လုံးဝမသိဘူး... မာမီပြောပြရင်လည်း မာမီလိမ်ညာပြီးပြောနေတယ်လို့ပဲ သူ ထင်နေတော့ မာမီ မပြောတော့ပါဘူး"

အသက်ကိုခက်ခဲစွာရှူနေသော မာမီ့ကိုကြည့်ကာ သူ့ရင်ထဲ မခံစားနိုင်တော့ပါ။ ဘွားဘွားကလည်း သမီးဖြစ်သူကို ကြည့်ကာ မျက်ရည်မဆည်နိုင်ပါ။

တကယ်ဆို မာမီ့အနားမှာ ဒယ်ဒီ ရှိနေသင့်တာပါ။ ခုတော့ ဒယ်ဒီက ဟိုမိန်းမအနားရောက်နေလေသည်။

"သား ဒယ်ဒီကို သွားခေါ်ပေးရမလား မာမီ"

"မလိုတော့ပါဘူး သားရယ်... မာမီ့ အခြေအနေကို မာမီ သိပါတယ်... သားသာ လိမ်လိမ်မာမာနဲ့နေပါနော်... သား ဒယ်ဒီ ဘာပြောပြော သား ဘာမှပြန်မပြောပါနဲ့ သူဘာအမှားပဲလုပ်ထားထား သူက သားရဲ့အဖေပဲ... သားရဲ့ ညီလေး

ညီမလေးတွေနဲ့လည်း တည့်အောင်ပေါင်းပါ"

သူ့မျက်ဝန်းမှ မျက်ရည်များစီးကျလာသလို နှုတ်ခမ်းမှလည်း ခါးသီးစွာပြုံးလိုက်မိပါသည်။

ဘာ ညီလေး၊ ဘာ ညီမလေးလဲ။ သူ့ဘဝမှာ မာမီက တစ်ယောက်တည်းကိုပဲ မွေးထားတာ ဘယ်သူ့ကိုမှ အသိအမှတ်မပြုနိုင်ပါဘူး။

ခါးခါးသီးသီးခေါင်းအခါ မာမီက မောဟိုက်နေတဲ့ကြားက သူ့ကိုနားချနေပါသည်။

"မာမီ အသက်ထွက်ခက်အောင် မလုပ်လိုက်ပါနဲ့ သားလေးရယ်... သား ဘွားဘွားကလည်း ယောဂီဝတ်သွားပြီဆိုတော့ သား ဘယ်သူ့ကိုအားကိုးမလဲ"

"သားမှာခြေတွေလက်တွေ ရှိနေတာပဲ... ကိုယ့်ဖါသာကိုယ်ရှာစားမယ်"

"သားလေးရယ်"

မာမီကမျက်ရည်များကြားမှ ပြုံးကာ သူ့ကိုငေးကြည့်နေခဲ့ပါသည်။

သံသတ္တုလိုအမိပွါယ်ရှိတဲ့ 'အိုင်းယွန်း' လို့သားလေးကို သူမ မှည့်ခေါ်ခဲ့တာ အဓိပ္ပါယ်ပြည့်ဝသွားပြီပေါ့နော်။





သားလေးရဲ့စိတ်ဓါတ်က သံသတ္တုလို တကယ့်ကိုမာကြောနေခဲ့ပါပြီပဲ။

သူမကတော့ အေးလွန်း၍ အိုက်စ် ICE ရေခဲ လို့မာမီတို့နာမည်ပေးခဲ့အတိုင်း အရည်ပျော်ကာ ဘဝလည်းဆုံးပါးရပါတော့မည်။

တကယ်တော့ သူ့ခင်ပွန်း 'ကိုထွဋ်ခေါင်' ထင်နေသလို သူမရဲ့ အသည်းနှလုံးက မမာကြောလှပါ။

မယူခင်ကသာ သူမရဲ့ချစ်ဦးသူ ကျောင်းဆရာလေး 'ကိုမင်းမောင်' နဲ့ ခွဲခဲ့သူအဖြစ် မုန်းတီးမိပေမယ့်လည်းယူပြီးနောက်ပိုင်းမှာတော့ သူမ အချစ်အားလုံးကို 'ကိုထွဋ်ခေါင်' အပေါ်မှာ သာထားရှိခဲ့ပါသည်။

ရုပ်လည်းချော၊ ပညာလည်းရှိ၊ ဆွေမျိုးဂုဏ်လည်းမြင့်မားသော 'ကိုထွဋ်ခေါင်' က သူ့လိုလူကိုငြင်းခဲ့တဲ့ သူမကိုရှက်စိတ်နာကြည်းစိတ်ဖြင့် မရရအောင်ယူကာ လက်စားချေခဲ့သူဖြစ်လေသည်။

သူမနဲ့ ပေါင်းသင်းနေပါလျှက် သူမ မခံချင်အောင်နောက်တစ်ယောက်နဲ့ထပ်တွဲကာ သူမရဲ့နှလုံးသားကို စိစိညက်ညက်ကြေအောင် ခြေမွခဲ့ပါသည်။

သားလေးနှစ်နှစ်အရွယ်တွင် 'ကိုထွဋ်ခေါင်' ရဲ့နောက် တစ်ယောက်က ကိုယ့်ဝန်ဆောင်နေရပါပြီ။

သူမ ကွာရှင်းခွင့်တောင်းပေမယ့်လည်း 'ကိုထွဋ်ခေါင်' က လုံးဝကွာမပေးဘဲ 'ခင်မေသက်' ကို တရားဝင်ပေါင်းသင်း နေလေသည်။

နှစ်ဘက်မိဘတွေက ကန့်ကွက်ကြကာ 'ကိုထွဋ်ခေါင်' ကို ကွာ ရှင်းခိုင်းပေမယ့် သူနဲ့ကွာရှင်းပြီးလျှင် 'ထား' 'ကိုမင်း မောင်' ကို လက်ထပ်သွားမှာစိုး၍ တမင် ကွာရှင်းမပေးဘဲဆက် လက်ပေါင်းသင်းနေခဲ့ပါသည်။

သားလေးမျက်နှာငယ်မှာစိုး၍သာ 'ကိုထွဋ်ခေါင်' ကို ဆက်လက်ပေါင်းသင်းနေရပေမယ့်လည်း 'ထား' နှလုံးသားက ခံနိုင်ရည်မရှိတော့ပါ။

သားလေးကျောင်းတက်တဲ့ အရွယ်မှာတော့ 'ထား' ရော ဂါက အတော်လေးကို ပြင်းထန်လာခဲ့ပါပြီ။

ကုလိုက်လျှင်ပျောက်မယ်ဆိုတာ သိပေမယ့်လည်း 'ထား' မကုချင်တော့ပါ။ ဒီလိုဘဝကြီးမှာနေနေရတာထက် သေ သွားရတာကမှ ဝဋ်ကျွတ်သွားပါဦးမည်။

ခု 'ထား' သွားရတော့မည်။





'ကိုထွဋ်ခေါင်' တင်မက ချစ်သောသားလေးကိုပါထား ခဲ့ကာ ဟိုးအဝေးကြီးကို သွားရပါတော့မည်။

မပြေလည်သော မိဘနှစ်ပါးရဲ့အိမ်ထောင်ရေးကြောင့် ကြားထဲက သားလေးဘဝ မြေဇာမြက်ဖြစ်ရတော့မည်။

ကြေကွဲစွာမျက်ရည်အကျ…

"မာမီ မငိုနဲ့"

သားက သူမ၏မျက်ဝန်းထောင့်မှ မျက်ရည်များကိုသိမ်း ပေးသည်။

"ကိုယ့်ကိုမချစ်တဲ့လူတစ်ယောက်အတွက် မျက်ရည်ကျရ တာ မတန်ဘူး… တကယ်တော့ ဒယ်ဒီဟာ မာမီ့ကိုချစ်ခဲ့တာ မဟုတ်ဘူး… ဂုဏ်စားပဲချေခဲ့တာ"

"မာမီသိပါတယ် သားရယ်… သူမချစ်ဘူးလို့ထင်တဲ့ မာမီက သူ့ကိုချစ်ခဲ့ပြီး သူ မာမီကို လုံးဝမချစ်ခဲ့ပါဘူး… ဒီပွဲမှာ သူနိုင်ပြီး မာမီ ရှုံးခဲ့ပါတယ်… မာမီလိုပဲသားကို ထပ်မရှုံးစေချင် ဘူး… သားကြီးလာလို့ လက်ထပ်မယ်ဆိုရင် တကယ်ချစ်မှ လက်ထပ်ပါ… တကယ်မချစ်ဘဲ လက်ထပ်ဖို့မစဉ်းစားပါနဲ့… တစ်ဖက်သားကို ဒုက္ခပေးသလို ဖြစ်လိမ့်မယ်"

ရှစ်တန်းကျောင်းသား ဆယ့်လေးနှစ်အရွယ်ကောင်

လေးသူ့အတွက် မာမီ့စကားတွေက ဝေးကွာလွန်းလှပါသည်။

ခုချိန်မှာ သူ ဖြစ်ချင်တာ ဒယ်ဒီ အမြန်ဆုံးရောက်လာစေချင်တာပါပဲ။

ဒါပေမဲ့ သူ့ဆန္ဒမပြည့်ခဲ့ပါ။

"သူ့ကွယ်ရာမှာပဲ မာမီ အသက်ထွက်ချင်တယ်ကွယ်"

မာမီ့ရဲ့ဆန္ဒပဲပြည့်ဝကာ မာမီ သူ့အပါးမှထာဝရပျောက်ကွယ်ခဲ့ရပါသည်။

သည်အဖြစ်တွေက ကြာခဲ့ပြီလို့ ထင်ခဲ့ရသော်လည်း သူ့ရင်ထဲမှာ မနေ့တစ်နေ့ကလိုပဲ ခံစားနေရဆဲပါ။

မာမီရှိစဉ်က မာမီ့ရောဂါကို ကုလို့ရတဲ့ဆရာဝန်ကြီးဖြစ်ချင်၍ စာကို ကြိုးစားကျက်မှတ်ခဲ့ပေမယ့် မာမီ မရှိတော့တဲ့နောက်ပိုင်း သူ စာကိုလုံးဝမကျက်ချင်တော့ပါ။

ပင်ကိုယ်ဉာဏ်ကောင်းလွန်း၍သာ ရှစ်တန်းနဲ့ကိုးတန်းကို လွယ်ကူစွာအောင်မြင်ခဲ့ပေမယ့် ဆယ်တန်းမှာတော့ သူမအောင်တော့ပါ။

မအောင်လေ စာကိုသူ ပိုမကျက်ချင်လေဖြင့် ခုဆို သူဆယ်တန်းကိုကျတာ နှစ်နှစ်ရှိခဲ့ပါပြီ။

သူ့အောက်က 'တာရာ' ပင် ကိုးတန်းကို ရောက်လာခဲ့





ပါပြီ။

နဂိုတည်းကမှ 'ဒေါ်ခင်မေသက်' က သူ့ကိုမကြည်တဲ့ကြားက ဘွားဘွားရဲ့အမွေလွှဲပေးခဲ့မှုကြောင့် ပိုမိုမုန်းတီးကာ သူ့ကိုမြင်တာနဲ့ အ,မနာပပြောပါတော့သည်။

"အလကားလူလေးကြည့်တော့ လက်တောက်လေးနဲ့ ဘဝင်မြင့်နေတာ... ရှင် စာမေးပွဲအောင်စေချင်လည်း သူ ဘယ်တော့မှ အောင်အောင်ဖြေမှာမဟုတ်ဘူး... သူ့အမွေက ဒီတစ်သက်စားလို့မှ မကုန်တာကိုး"

"မင်းထင်လား ငွေကြေးဥစ္စာဆိုတာ တည်မြဲတာမဟုတ်ဘူး... ပညာသာတည်မြဲတာ ငါ့သားကို ငါဆုံးမရင် မင်းဝင်ပါစရာမလိုဘူး"

"ကျွန်မကလည်း ပါချင်တာမဟုတ်ပါဘူး... အမြင်မတော်လို့ဝင်ပြောနေရတာ... မပြောစေချင်ရင် အိမ်မှာခေါ်မထားနဲ့"

"ဖြစ်မလားကွ... သူ့မှာအမေမှမရှိတော့တာ... ဒီတော့ ငါ့မှာ တာဝန်ရှိတာပေါ့... မင်းတောင် မင်းမောင်ကို ခေါ်ထားသေးတာပဲမဟုတ်လား"

ဒယ်ဒီသည် သူနဲ့နှစ်ယောက်ခြင်းတွေ့လျှင် သူ့ကိုနို့မ့်

ချပြီး စကားပြောတတ်သော်လည်း သူ့မိန်းမ 'ဒေါ်ခင်မေသက်' နှိမ်လာလျှင်တော့ တစ်ခွန်းမခံပြန်ပြောတတ်ပါသည်။

"အဲ့ဒါ စမ်းချောင်းအိမ်မှာတုန်းက… အခု သူလည်း အဆောင်မှာပြောင်းနေနေပြီပဲ"

"ဘာပဲဖြစ်ဖြစ် ငါ့သားဒီမှာ လာနေတာ မင်းဘာမှဝင်မပြောနဲ့"

သူလာနေတဲ့ကိစ္စနဲ့ပတ်သက်ကာ ဒယ်ဒီနဲ့ 'ဒေါ်ခင်မေသက်' တို့ ပြဿနာဖြစ်ပြီးတည်းက သူ့ကားဂိုဒေါင်အပေါ်ထပ်ကို ပြောင်းနေဖြစ်ခဲ့တာဖြစ်ပါသည်။

ဖြစ်နိုင်လျှင်သူအိမ်မှာ တစ်မိနစ်၊ တစ်စက္ကန့်လေးတောင် မနေချင်ပေမယ့် ဘွားဘွား က ဘွားဘွားကိုချစ်ရင် မြေးလေး ဖေဖေ့အိမ်မှာပဲ မဖြစ်ဖြစ်အောင်နေနော်ဟု မှာလိုက်သဖြင့် သူ နေနေရခြင်းပါ။

နောက်ကြောင်းများကို ပြန်သတိရနေရာမှ သည်ဘက်ကိုပြန်အလှည့် 'ထားချိုလွင်' ဆိုသော ကောင်မလေးသူ့အပါးကို ရောက်လာခဲ့ပါပြီ။





## ၁၄

'အေးအေးထား' ဆိုသော မာမီ့ရဲ့အလှက တည်ငြိမ်မှုနဲ့အေးချမ်းမှုကို တွေ့မြင်ရပေမယ့် 'ထားချိုလွင်' ဆိုသော ကောင်မလေးအလှကတော့ နုနယ်ခြင်းနှင့်ပျိုမြစ်ခြင်းတွေပေါင်းစုကာ ရွှန်းလက်တောက်ပနေပါသည်။

အိမ်နေရင်း ပန်းနုရောင်ဝတ်စုံလေးနဲ့ပေမယ့်လည်း သူမရဲ့လှပမှု၊ တောက်ပမှုက လုံးဝလျှော့မသွားခဲ့ပါ။ ရွှန်းလဲ့သော သူမမျက်လုံးလေးဖြင့် သူ့ကိုစိုက်ကြည့်ကာ တအံ့တသြမေးလာခဲ့ပါချေသည်။

"ရှင် ဘယ်တုန်းကရောက်နေတာလဲ"

"ကြာပြီပဲ"

"ရှင့်ကို 'ထား' မတွေ့ပါဘူး"

"မင်းတွေ့အောင် ကျုပ်က 'တာရာ' လိုလမ်းသလားပြနေရမှာလား"

" 'မင်း ထွန်း ခေါင်' "

'ထား' စိတ်တိုသလိုအော်လိုက်မိပါသည်။ 'ထား' ကသာ သူ့ကိုတွေ့ပြီး ဝမ်းသာအားရဖြစ်နေမိပေမယ့် သူ့မျက်နှာပေါ်တွင် ဝမ်းသာတဲ့အရိပ်အယောင်ကို ဆံတစ်ချည်မျှင်လေးမျှပင် မမြင်ရပါ။

သူ 'ထား' ကိုမခင်ဘူးလား။

သူကသာ 'ထား' ကိုမခင်တာပါ။ 'ထား' နဲ့အိမ်သစ်တက်ပွဲမှာတစ်ခါပဲတွေ့ဖူးတဲ့ 'တာရာ' ရဲ့ဦးလေး 'ကိုဝေခက်' ကပင် 'ထား' အတန်းကို မတွေ့တွေ့အောင်ရှာကာ တကူးတကလာတွေ့သွားခဲ့ပါသည်။

'တာရာ' ဆိုလည်း ဘာထူးလို့လဲ။ စာလာမေးလို့မေး၊ စာမမေးလည်း 'ထား' မမြင်မြင်အောင် ခြံထဲမှာလမ်းသလားပြနေတာ 'ထား' မြင်နေရတာပဲလေ။





ဒါပေမဲ့ လူ့စိတ်ဆိုသည်ကလည်း ခက်သားလား။

ကိုယ့်ကိုဂရုစိုက်သူတွေကို ကိုယ်ကမခင်ချင်။ ကိုယ့်ကိုအရေးမစိုက်တဲ့လူကိုမှ 'ထား' က အရေးလုပ်ချင်နေမိပါသည်။

သည့်အသိဖြင့် 'မင်းထွန်းခေါင်' ကိုအကြည့် 'မင်းထွန်းခေါင်' က စိတ်ဆိုးမာန်ဆိုးဖြင့် အော်သည်။

"နောက် ကျုပ်ကို 'မင်းထွန်းခေါင်' လို့မခေါ်ပါနဲ့"

"ရှင့်နာမည်က 'မင်းထွန်းခေါင်' မဟုတ်ဘူးလား"

"ဒါ ဒယ်ဒီပေးထားတာ… ကျုပ်နဲ့ မလိုက်ဘူး ကျုပ်နဲ့လိုက်တဲ့နာမည်ရှိတယ်… 'အိုင်းယွန်း' … 'အိုင်းယွန်း' လို့ခေါ်တာပဲကျုပ်ကြိုက်တယ်"

" 'အိုင်းယွန်း' ဆိုတာ သံလား… သံနဲ့လုပ်ထားတဲ့လူလား"

"ကျုပ်အဲ့ဒီလိုပဲ ဖြစ်ချင်တယ်"

ဖြစ်နိုင်လျှင် သူ့နှလုံးသားကိုပါ မာကြောအောင်သံနဲ့ဖွဲ့စည်းထားချင်ပါသည်။ ခက်တာက သူ့နှလုံးသားက သူထင်သလို မမာကြောပါ။

'တာရာ' အပေါ်ကိုသာ သူမာကြောနိုင်ပေမယ့်သူ့အပေါ်တွယ်တာသော 'ကဗျာ' ကို သူ မမာကြောရက်ပါ။

ဒယ်ဒီနဲ့အတူ 'ကဗျာ' ပါလိုက်လာကာ သူ့ကိုလာခေါ်တည်းက သူ လိုက်လာခဲ့မိတာပဲ မဟုတ်ပါလား။

ပြီးတော့ မာမီ့နာမည်နဲ့တူသော မိန်းမလှလေးကိုလည်း သူ့ရင်ထဲ တိတ်တခိုးခင်တွယ်နေမိပါပြီ။ သည်သံယောဇဉ်ဖြင့် 'စတုဂံ' ကိုလာနေဖြစ်သော သူ့အတွက် အခြားသံယောဇဉ်တော့ အထွေအထူးမရှိလှပါ။

အတွေးများဖြင့် 'ထား' ဆိုသော မိန်းမလှလေးကိုခိုးအကြည့်…

" 'မမထား' ပါလား ဘယ်ကိုလာတာလဲ"

'မမထား' ခြံထဲကိုစဝင်လာတည်းက 'တာရာ' မြင်ပြီးသားပါ။ မသိဟန်ဆောင်ကာ ဧည့်ခန်းထဲတွင် စာထိုင်ဖတ်နေဆဲ 'မမထား' ရောက်မလာ၍ 'တာရာ' အပြင်ကိုထွက်လာခဲ့ရခြင်းပါ။

"ဪ 'တာရာ' လာလေ"

'တာရာ' သူတို့အနားကို ရောက်လာပါသည်။

အဖေတူအမေကွဲ ညီအစ်ကိုဖြစ်သော်လည်း 'အိုင်းယွန်း' 'တာရာ့' ကိုမခင်တွယ်လှပါ။

'တာရာ' သည်ရုပ်ကောစိတ်ပါ အမေတူသူဖြစ်ပါ





သည်။ 'အိုင်းယွန်း' အပေါ်ကိုလည်း အနိုင်ယူလိုသူဖြစ်လေသည်။

သည်လိုမျိုးနဲ့များ 'အိုင်းယွန်း' ကို အနိုင်ယူလို့ရစတမ်းလား။

" 'ထား' က တို့ဆီကိုလာတာ… လာလေ 'ထား' "

'ထား' လက်ကိုရုတ်တရက်လှမ်းဆွဲလိုက်တာကြောင့် 'ထား' ကြောင်သွားရကာ 'အိုင်းယွန်း' ကို တအံ့တသြကြည့်လိုက်မိပါသည်။ 'အိုင်းယွန်း' မျက်နှာတွင် 'ထား' တစ်ခါမှ မတွေ့ဘူးတဲ့နူးညံ့မှုမျိုးကို တွေ့ရကာ…

" 'တာရာ့' ကို ဂျိုင့်ပေးလိုက်လေ 'ထား' "

'ထား' သည် 'အိုင်းယွန်း' ရှေ့မှာ စပါးကြီးမြွေအညှို့ခံထားရသလို 'ထား' ကိုယ် 'ထား' မပိုင်တော့ချေ။ 'တာရာ့' ကို ဂျိုင့်လှမ်းပေးလိုက်ရင်း အသံဝင်ဝင်လေးနှင့် ပြောလိုက်မိပါသည်။

"အန်ကယ့်အတွက် မာမီ ထည့်ပေးလိုက်တာ"

"ဘာတွေလည်း 'မမထား' "

"ရဲယိုရှက်နဲ့ ငါးခူဟင်း"

"အိမ်ကိုလာဦးမှာလား"

"တို့ဆီကိုလာမှတော့ မင်းတို့ဆီကိုလာဖို့ 'ထား' မှာ ဘယ်အချိန်ရှိတော့မှာလဲ… လာလေ 'ထား' "

နူးညံ့နွေးထွေးချိုသာသော သူ့အပြုံးအောက်ဝယ် 'ထား' မိန်းမူးသလိုခံစားရကာ သူ့ခေါ်ရာကို လိုက်ပါလာခဲ့မိပါသည်။

'တာရာ' ကတော့ မကျေမနပ်မျက်နှာဖြင့် သူတို့တိုက်ဘက်ကို ပြန်လျှောက်သွားခဲ့ပါသည်။

"ဒါ ကိုယ့်ဗိမ္မာန်ပဲ"

ကားသုံးစီးခန့်ဆန့်သော ဂိုဒေါင်၏နောက်ဘက်ကို အထပ်သားကာကာ 'အိုင်းယွန်း' နေတာဖြစ်ပါသည်။

ဆေးဖြူသုတ်ထားသော အခန်းလေးက မကျယ်ဝန်းသောလည်း ကျဉ်းလည်းမကျဉ်းလှပါ။

"အပေါ်ထပ်မှာ ဘယ်သူနေတာလဲဟင်"

လှေကားတပ်ထားသော အပေါ်ထပ်ကိုကြည့်ကာ 'ထား' မေးလိုက်မိတာဖြစ်ပါသည်။

" 'ဦးလေးဝ' နေတာလေ… ဒီတော့ ကိုယ်ကအောက်ထပ်မှာပဲနေလိုက်တော့တယ်"

'တာရာ' ကို အနိုင်ရလိုက်တာမို့ 'အိုင်းယွန်း' မျက်နှာ





က ချိုရွှင်နေလေသည်။

" 'အိုင်းယွန်း' က အန်ကယ်တို့ရဲ့တိုက်မှာ ဘာလို့လိုက်မနေတာလဲ"

"ပုပ်ပွနေတဲ့မျက်နှာတွေကို မမြင်ချင်ဘူး… ဒီမှာနေတော့ စိတ်ချမ်းသာတယ်"

"အန်ကယ်က ဘာမှမပြောဘူး မဟုတ်လား"

"ဒယ်ဒီကကိုယ်လိုက်နေတာကိုပဲ ကျေနပ်လှပြီ… ကဲ ကိုယ့်ရဲ့ဗိမ္မာန်လေးကိုကြည့်ကြည့်ပါဦး ဘာလိုသေးလဲ"

'အိုင်းယွန်း' ပြောလိုက်တဲ့ ပုံစံက 'ထား' ကို အရမ်းရင်းနှီးတဲ့ပုံစံမျိုးနဲ့ပါ။

'ထား' အံ့သြရသလို ပျော်လည်းပျော်ရွှင်ရသည်။ 'ထား' ဘဝမှာ 'အိုင်းယွန်း' က 'ထား' အတွယ်တာရဆုံး သူစိမ်းယောကျ်ားတစ်ယောက်ပါ။

တစ်ယောက်အိပ်ကုတင်လေးတစ်လုံး၊ စာကြည့်စားပွဲနှင့် ဘီရိုလေးတစ်လုံးကလွဲလျှင် အခန်းတွင်းမှာ ဘာမှမရှိလှပါ။

အဲ အခန်းထောင့်မှာ ဂစ်တာလေးတစ်လုံးတော့ရှိသည်။

" 'အိုင်းယွန်း' က ဂစ်တာလည်းတီးတတ်တယ်လား"

"တီးတတ်တယ် ဆိုယုံလေးပါပဲ"

" 'ထား' ကိုလည်း တီးပြလေ"

" 'ထား' ဘာသီချင်းနားထောင်ချင်တာလဲ"

စိတ်အလိုကျနေသောအခါ 'အိုင်းယွန်း' မျက်နှာက ကြည်လင်နေကာ အရင်တွေ့ဖူးခဲ့တဲ့မျက်နှာထက် ပိုမိုနုနယ်နေတာကိုတွေ့ရပါသည်။

ပခုံးထိရှည်သောဆံပင်တွေကို ခပ်စောင်းဘောင်းပင့်တင်ကာ စုစည်းထားတာမို့ ရှုန်စင်းနေသောနှာခေါင်းလေးက ပိုမိုပေါ်လွင်နေရကာ အနားသတ်လှသော နှုတ်ခမ်းပါးလေးကိုလည်း မြင်နေရပါသည်။

ကုတင်ပေါ်ထိုင်ကာ ခြေထောက်ချိတ်ရင်း ဂစ်တာတီးနေတာမို့ သွယ်သောလက်ချောင်းလေးတွေနှင့် ခြေချောင်းလေးတွေကိုပါ မြင်တွေ့နေရသည်။

'အိုင်းယွန်း' ရဲ့အမေသာ ရှိမယ်ဆိုလျှင် သူ့သားလေး ဒီလိုနေနေရတာ စိတ်ချမ်းသာနိုင်ပါ့မလား။

"ဟေး မေးနေတယ်လေ... ဘာတွေတွေးနေတာလဲ"

"ဩော် မတွေးပါဘူး"

'ထား' ချက်ချင်းလို မျက်နှာကိုပြုံးရင်း 'အိုင်းယွန်း' ကို





လှမ်းပြောလိုက်ရသည်။

" 'အိုင်းယွန်း' ဆိုချင်တာဆိုပါ"

'အိုင်းယွန်း' က သီချင်းတစ်ပုဒ်ကို တိုးတိုးလေးညီးပြသည်။

'ထား' ကြားဖူးတဲ့သီချင်းပါပဲ။ ဒါပေမဲ့ 'ထား' ကြားဖူးတာက မြန်မာသီချင်း။ ယခု 'အိုင်းယွန်း' ဆိုနေတာက အင်္ဂလိပ်သီချင်း။

"အဲ့ဒါ Rဇာနည်ရဲ့ ယဉ်ယဉ်လေးရှုး သီချင်းမဟုတ်လား"

"ဟုတ်တယ် West Life ရဲ့ fool again သီချင်းပေါ့"

" 'အိုင်းယွန်း' က အသံလည်းကောင်းတယ်... အင်္ဂလိပ်စာတွေရတာပဲ... စာမေးပွဲပြန်မဖြေတော့ဘူးလား"

"ဘာလဲ ကိုယ်ဆယ်တန်းမအောင်ရင်ဘဲ မင်းကမခင်တော့ဘူး ဒီလိုလား"

'အိုင်းယွန်း' မျက်နှာကို ရှုံ့ရှုံ့ရှုံ့ရှုံ့ဖြင့် ချက်ချင်းကို တင်းမာလာခဲ့ပါသည်။

'ထား' လေသံကိုပျော့ကာ 'အိုင်းယွန်း' အလိုကျပျော့ပျောင်းပျောင်းစွာပြောလိုက်ရပါသည်။

"မဟုတ်ပါဘူး... 'ထား' က 'အိုင်းယွန်း' ဉာဏ်ကောင်းတယ်လို့ထင်လို့ပါ"

"ကိုယ့်အသိတရားနဲ့ကိုယ်ဆို ဖြေချင်ဖြေမယ်... ကိုယ့်ကိုအတင်းအကျပ်ခိုင်းရင် ကိုယ်မလုပ်ချင်ဘူး"

"ကိုယ့်ဖါသာမဖြေနိုင်လို့ကျတယ်ဆိုလည်း ကျတယ်ပေါ့... အလကား 'မမထား' ရှေ့စကားလှအောင်ပြောနေပြန်ပြီ"

အခန်းထဲကို 'တာရာ' ဝင်လာကာ ပြောလိုက်တာဖြစ်ပါသည်။

'အိုင်းယွန်း' မျက်နှာချက်ချင်းမာကြောသွားကာ 'တာရာ' ကို အော်ထုတ်လိုက်သည်။

"မင်းငါ့အခန်းထဲ ဘာလာလုပ်တာလဲ...ခုချက်ချင်းထွက်သွား"

"သွားမှာပါ 'မမထား' ကိုလာခေါ်တာ... 'မမထား' မာမီခေါ်နေတယ်"

'တာရာ' စကားကြောင့် 'အိုင်းယွန်း' ဒေါသက 'ထား' ဆီကို ဦးတည်လာခဲ့ပါသည်။

"မင်းကိုလည်း ပြောထားရဦးမယ်... သူတို့ဆီလာရင် ငါ့ဆီကိုမလာနဲ့... ငါ့ဆီကို လာရင်လည်း သူတို့ဆီကိုမသွား





နဲ့"

'ထား' မှာလည်း မာမီခိုင်းလိုက်တဲ့ကိစ္စ ရှိနေသေးတာကြောင့် 'တာရာ' ကိုပဲ လှမ်းပြောလိုက်ရပါသည်။

"'မမထား' လာခဲ့မယ် 'တာရာ' သွားနှင့်နော်"

'တာရာ' မကျေမနပ်နဲ့ထွက်သွားချိန် 'ထား' 'အိုင်းယွန်း' ကို တောင်းပန်လိုက်မိပါသည်။

"'ထား' 'အိုင်းယွန်း' ဆီကို သပ်သပ်လာခဲ့ပါ့မယ် 'အိုင်းယွန်း' ရယ်... 'တာရာ' ကိုလည်း စိတ်ဆိုးမနေပါနဲ့... 'ထား' သွားမယ်နော်... ရန်လည်းဖြစ်မနေနဲ့ဦး"

'အိုင်းယွန်း' က မကျေမနပ်စိုက်ကြည့်နေတာမို့...

"'ထား' ပြောတာကြားရဲ့လား"

"ကျုပ်ဖါသာ ရန်ဖြစ်တော့ ခင်ဗျားနဲ့ဘာဆိုင်လဲ"

"အရင်ကမဆိုင်တာ ဟုတ်တယ်... အခု 'ထား' နဲ့ 'အိုင်းယွန်း' က သူငယ်ချင်းတွေဖြစ်သွားကြပြီလေ... 'ထား' စိတ်ပူတယ်"

"စိတ်ပူတယ်... ဘာကိုစိတ်ပူတာလဲ"

"အားလုံးပေါ့... 'အိုင်းယွန်း' ထမင်းမစားရမှာလည်းပူတယ်... 'အိုင်းယွန်း' အန်ကယ်နဲ့မတည့်မှာကိုလည်း ပူတယ်...

'အိုင်းယွန်း' တစ်ခုခုဖြစ်နေမှာကိုလည်း စိုးရိမ်ဟယ်"

"ဘာဖြစ်လို့ စိုးရိမ်တာလဲ"

"မသိဘူး"

"အဲ့ဒါ မင်းတို့ကို စိတ်ဝင်စားနေလို့ ဟုတ်တယ်မဟုတ်လား"

'အိုင်းယွန်း' ရဲ့လေသံတိုးတိုးနဲ့အတူ စူးရှတဲ့အကြည့်စူးစူးကြောင့် 'ထား' ရဲ့ရင်တွေ ချက်ချင်းလိုခုန်လာခဲ့ပါသည်။

'အိုင်းယွန်း' 'ထား' ရဲ့အနားကိုရောက်လာတဲ့အခါမှာတော့ 'ထား' 'အိုင်းယွန်း' အနားမှာမနေရဲတော့ပါ။ ရုတ်ချည်းလိုနောက်ကိုဆုတ်ကာ သွေ့ခြောက်စွာ ပြောလိုက်မိသည်။

"'ထား' ပြန်တော့မယ်"

'အိုင်းယွန်း' က 'ထား' လက်ကိုလှမ်းဆွဲလိုက်တဲ့အခါ 'ထား' လန့်ပြီး ယောင်အော်လိုက်မိပါသည်။

"ဘာလုပ်တာလဲ"

"ဒါ မင်းလက်ကိုင်ပုဝါမဟုတ်လား"

အိမ်ကထွက်လာစဉ်တည်းက 'ထား' လက်မှာကိုင်လာသော လက်ကိုင်ပုဝါပန်းနုရောင်လေးပါ။

ခုနက 'အိုင်းယွန်း' သီချင်းဆိုနေစဉ် စာရေးစားပွဲတွင်





ဝင်အထိုင် မေ့ကျန်ခဲ့တာဖြစ်ရမည်။

'ထား' အဖြစ်ကို 'ထား' ရှက်လိုက်တာနော်။

မျက်နှာနီနီလေးဖြင့် အခန်းပြင်ကိုခပ်သွက်သွက်အထွက် 'အိုင်းယွန်း' က 'ထား' နဲ့အတူ လိုက်လာရင်း 'ထား' ကိုခပ်တိုးတိုးပြောသည်။

"မင်းအတော်ချောတာပဲ... ဒါကြောင့်လည်း 'ဝေခက်' က အရူးအမူးစိတ်ဝင်စားနေတာနေမှာ"

"ရှင် ဘယ်လိုလုပ်သိလဲ"

အိမ်သစ်တက်ပွဲ လုပ်ပြီးတည်းက အကြောင်းမရှိအကြောင်းရှာကာ 'ဝေခက်' အိမ်ကိုလာနေတာ 'အိုင်းယွန်း' ရိပ်စားမိပါသည်။

"ဘာပဲဖြစ်ဖြစ် ရှင် ရန်မဖြစ်ချင်ပါနဲ့"

"မင်းကလည်း... အားအားယားယား ငါကပဲ အလကားပြဿနာလိုက်ရှာနေတဲ့အကောင် ကျနေတာပဲ..."

'အိုင်းယွန်း' မျက်နှာက ချက်ချင်းလို တင်းမာလာခဲ့ပါသည်။

"ဒါနဲ့ အန်ကယ်လည်း သင်္ဘောပြန်တက်တော့မယ်ဆို"

'ထား' ရဲ့ဖခင်ကိုင်သော နိုင်ငံခြားသင်္ဘောလိုင်းတွင်

'အန်ကယ်ဦးထွဋ်ခေါင်' က ချိဖ်အင်ဂျင်နီယာတစ်ယောက်ပါ။

"ဒါကြောင့်လည်း ငါဒီမှာ မနေချင်ဘဲနေပေးနေရတာ ပေါ့"

"အေးပါ... 'အိုင်းယွန်း' ကလိမ္မာပါတယ်"

"မလိမ္မာချင်ပါဘူး... လိမ္မာတယ်ဆိုတာ ပင်ပန်းတယ်"

"မိုက်တယ်ဆိုတာကကော မပင်ပန်းလို့လား"

'အိုင်းယွန်း' က နှုတ်ဆိတ်ငြိမ်သက်နေသည်။

'ထား' 'အိုင်းယွန်း' ကို လက်ပြနှုတ်ဆက်ကာ တစ်ဖက်ခန်းကိုကူးလာချိန် အန်တီ့ရဲ့မကျေမနပ်မျက်နှာနှင့်ရင်ဆိုင်လိုက်ရပါသည်။





## ၁၅

" 'ထား' လာတယ်ဆိုလို့ အန်တီကစောင့်နေတာ 'သား' က ဟိုဘက်ခန်းကိုရောက်နေတာကိုး"

"ဟုတ်တယ် အန်တီ... 'အိုင်းယွန်း' နဲ့တွေ့နေလို့ပါ"

'ထား' ဧည့်ခန်းတွင်းရှိ ကုလားထိုင်တွင် ဝင်ထိုင်ရင်း ဖြေလိုက်တာဖြစ်ပါသည်။

" 'ကဗျာ' တို့အဖေပေါ့ကွယ်... သွားခေါ်လာခဲ့တာ"

'ဒေါ်ခင်မေသက်' ၏မျက်နှာက သေချင်စော်နံနေသောမျက်နှာနှင့်ပါ။

"ကောင်လေးက ဂျစ်ကန်ကန် မိုက်ကန်းကန်းလေးဆို တော့ အန်တီကခေါ်မထားချင်ဘူး"

"ယောကျ်ားလေးတစ်ယောက်ရှိတော့ အဖော်ရတာပေါ့ အန်တီရယ်"

"'တာရာ' လည်းရှိနေသားပဲ"

"ဩော် အန်တီရယ်... 'တာရာ' ကကျောင်းနဲ့ကျူရှင်နဲ့ ဆိုတော့ အန်ကယ်ပြန်ထွက်ရင် အန်တီတစ်ယောက်တည်းဖြစ် မှာစိုးလို့ အန်ကယ်က 'အိုင်းယွန်း' ကိုခေါ်ထားတာနေမှာပါ"

"အောင်မယ်လေးကွယ်... တစ်ယောက်တည်းကမှ အေး ချမ်းပါသေးတယ်... ဒင်းနဲ့ကျမှ တစ်နေ့တစ်နေ့ ပြဿနာပဲ ထိုင်ရှင်းနေရတာ"

"မာမီကလည်း ကိုကို ဒီလောက်မဆိုးပါဘူး"

ကျူရှင်ပြီးသွား၍ အခန်းပြင်ထွက်လာသော 'ကဗျာ' က ဝင်ပြောတာဖြစ်ပါသည်။

"ကောင်မလေး အေးအေးဆေးဆေးနေစမ်း...လူကြီးတွေ စကားပြောတာ ဝင်မပါနဲ့"

'ကဗျာ' နှုတ်ခမ်းကိုစူကာ အပြင်ထွက်သွားတာကိုတွေ့ လိုက်ရပါသည်။





"တွေ့လား 'ထား'... သူ ဟိုဘက်ခန်းကိုသွားတာ သူ့ အဖေနဲ့သူနဲ့ကတစ်ဂိုဏ်း... အန်တီနဲ့ 'တာရာ' နဲ့ကတစ်ဂိုဏ်း လေ"

"အန်ကယ်ကော အန်တီ"

"သွားကာနီးပြီဆိုတော့ အလုပ်ရှုပ်နေတယ်လေ... လာ ကာနီးပါပြီ... အစ်ကိုကြီးနဲ့ မမတို့ကို ကျေးဇူးတင်ပါတယ်လို့ ပြောပေးပါ 'ထား' ရယ်... 'ထား' အန်ကယ်က အဲ့ဒီဟင်းကို အရမ်းကြိုက်တာ... အန်တီက ဒီလိုရဲယိုရွက်လေးတွေချက်မပေး တတ်ဘူး"

"ရပါတယ် အန်တီရယ်... အိမ်မှာချက်တိုင်း 'ထား' လာပို့ပေးမှာပါ"

"အားနာစရာတော့ ဖြစ်နေပါပြီ သမီးရယ် အန်တီလည်း လာခဲ့ဦးမယ်"

"ဟုတ်ကဲ့... 'ထား' မာမီ့ကိုပြောပြလိုက်ပါ့မယ်... 'ထား' ပြန်ဦးမယ်အန်တီ"

'ထား' နေရာမှထကာ နှုတ်အဆက် 'ဒေါ်ခင်မေသက်' က အိမ်ခန်းတွင်းကိုလှမ်းအော်လိုက်ပါသည်။

"သား 'တာရာ' ရေ... 'မမထား' ကို လိုက်ပို့ပေးလိုက်ဦး"

"ရပါတယ် အန်တီ... ဟိုဘက်ခြံနဲ့ ဒီဘက်ခြံပဲဥစ္စာ"

"မဟုတ်တာ ကိုယ့်ဆီကိုတကူးတက လာတဲ့သူကို အန်တီတို့ ဒီအတိုင်းပြန်မလွှတ်နိုင်ပါဘူး... သား 'တာရာ' 'မမထား' ကိုအိမ်ထဲအထိပြန်ပို့ပေးနော်"

"ဟုတ်ကဲ့ပါ"

'တာရာ' က ရှုံ့ကိုကိုင်ကာ ခြံထဲမှာကြိုစောင့်နေတာမို့ 'ထား' အန်တီ့ကိုမြန်မြန်နှုတ်ဆက်ကာ ထွက်အလာ 'တာရာ' က မကျေမနပ်လှမ်းပြောသည်။

" 'မမထား' က မမိုက်ပါဘူး"

"ဘာဖြစ်လို့လဲ 'တာရာ' ရဲ့"

"ဘာဖြစ်လို့ ဟိုကောင်နဲ့သွားအရောဝင်ရတာလဲ"

"ဟယ် အဲ့ဒါ 'တာရာ့' ရဲ့အစ်ကိုပဲလေ...သူဟာအန်ကယ့်ရဲ့သားပဲ မဟုတ်ဘူးလား"

"ဟုတ်ပါတယ် ဒီကောင်ကြောတာကို 'မမမထား' လည်းသိရဲ့နဲ့"

"ဩော် 'တာရာ' ရယ် သူ့မှာအမေမှမရှိတာ"

"အမေမရှိရင် ပိုလို့တောင် ရို့ကျိုးရဦးမှာ... ခုတော့သူ့ပုံစံက ဆောင့်ကြွားကြွားနဲ့ ဒယ်ဒီကလည်း ပြောမယ့်သာပြော





တာ... သူ့သားကိုသိပ်ချစ်တာ"

"မိဘပဲကွယ်... 'တာရာ့' ကိုလည်းချစ်မှာပါ"

" 'မမထား' မသိပါဘူး... 'တာရာ' ကလိမ္မာတော့ ဟိုကောင့်လောက် အချစ်မခံရဘူး... ဆိုးတဲ့သားသမီးကိုမှ မိဘတွေက ပိုချစ်ကြတာ... ဘိုးဘိုးဘွားဘွားဆိုလည်း ဒီလိုပဲ ရှိသမျှအမွေတွေ ဒီကောင့်ကိုပဲ ပုံပေးခဲ့တာ... ဒါကြောင့် ဒီကောင်မာန်တက်နေတာ"

"ဟုတ်လား 'အိုင်းယွန်း' က ဘာအမွေရထားလို့လဲ"

"စမ်းချောင်းကခြံကြီးကိုရထားတာလေ 'မမထား' ရဲ့... အဲ့ဒီခြံကြီးကို သံရုံးငှားထားတာကပဲ ဒေါ်လာအတော်ရလို့ ဒီကောင်ဝင်ငွေကပဲ တစ်လတစ်လနည်းတာမဟုတ်ဘူး"

"ဟုတ်လို့လား... 'မမထား' သူ့ကိုတွေ့တိုင်း ဒီအတိုင်းပါပဲ"

တီရှပ်အကျီ၊ ဂျင်းဘောင်းဘီဖြင့် 'အိုင်းယွန်း' ပုံစံကဘယ်တုန်းကမှ တောက်တောက်ပြောင်ပြောင် မရှိလှပါ။

"ဒီတိုင်းပဲနေမှာပေါ့ 'မမထား' ရဲ့... ဒါမှလူတွေကသူ့ကိုသနားမှာလေ... 'မမထား' တောင် နေရင်းထိုင်ရင်းသူ့ကိုသနားနေပြီမဟုတ်လား"

"'တာရာ' ကလည်း…"

'ထား' နှစ်ခြိုက်စွာ ရယ်မောလိုက်မိပါသည်။

ဘယ်လိုပဲဖြစ်ဖြစ် 'အိုင်းယွန်း' အတွက် သူမ ရင်အေးရပါသည်။

"သူကစာမေးပွဲ ပြန်မဖြေဘဲ ဘာလုပ်နေတာလဲ"

"ကားဝယ်ရောင်းလုပ်မလို့ဆိုပြီး ဒယ်ဒီကိုပူဆာနေတယ်"

"သူ့ပိုက်ဆံတွေကကော"

"မသိပါဘူး… ဒယ်ဒီကလည်း အဲ့ဒီသားဘက်ခပ်ပါပါပါ… မာမီကလည်း ဒါကြောင့်ကြည့်လို့ကိုမရတာ… တကယ်ဆို 'ဦးခက်' နဲ့သူနဲ့အတူတူပဲ… 'ဦးခက်' ဆို ဆေးတက္ကသိုလ်နောက်ဆုံးနှစ်တောင်တက်နေပြီ"

"'ကိုဝေခက်' ကိုပြောတာလား"

"အင်းလေ မာမီ့ရဲ့မောင်အငယ်ဆုံးလေ"

'ထား' ခေါင်းညိတ်လိုက်မိပါသည်။

'ကိုဝေခက်' ဘဝနဲ့ 'အိုင်းယွန်း' ဘဝနဲ့က တူမှမတူတာဘဲ။ 'ကိုဝေခက်' က မိဘလည်းရှိသည်။ အစ်မလည်းရှိသည်။ 'အိုင်းယွန်း' မှာက အဖေတစ်ယောက်ကလွဲ၍ ဘယ်သူမှ မရှိ





တာဘဲ။

"ဘာပဲဖြစ်ဖြစ် 'အိုင်းယွန်း' က 'တာရာ့' အစ်ကိုပဲမဟုတ်လား… အားလုံးချစ်ချစ်ခင်ခင်ရှိကြတာ ပိုမကောင်းဘူးလား"

"ဒယ်ဒီကလည်း ဒီလိုပဲပြောတာပါပဲ… တကယ်တော့ ဒီကောင့်ကို ဒယ်ဒီပိုချစ်တာ ကျွန်တော်သိပါတယ်"

ပြောရင်း 'တာရာ' မျက်ရည်ဝဲနေ၍…

"'တာရာ' ထင်လို့ပါကွယ်… ဘယ်မိဘမဆို သားသမီးအားလုံးကိုချစ်ကြတာပါပဲ"

"ဒါဆို 'မမထား' ကကော… 'တာရာ့' ထက်ဒီကောင်ကို ဘာလို့ပိုခင်နေရတာလဲ"

"'တာရာ့' ကိုလည်း 'မမထား' ခင်ပါတယ်"

"မသိဘူး… နောက် 'တာရာ' တို့ဆီကိုလာရင် ဒီကောင့်ဆီကို 'မမထား' မဝင်ရဘူး"

"အေးပါ"

'တာရာ့' အလိုကျပြုံးကာ 'ထား' ခေါင်းညိတ်လိုက်ရ၏။

တကယ်တမ်းဟိုဘက်ခြံကိုရောက်လျှင် 'အိုင်းယွန်း' ဆီကိုမဝင်ဘဲနဲ့မနေနိုင်ပါ။

'အိုင်းယွန်း' ဆီကိုဝင်ချင်တော့လည်း 'တာရာ' မရှိတဲ့ အချိန်ကိုမှရွေးသွားဖြစ်ပါသည်။

သည်လိုနှင့် 'ထား' နဲ့ 'အိုင်းယွန်း' ကြား သံယောဇဉ်ကြိုးတွေ ပိုမိုခိုင်မာလာခဲ့ပါသည်။



# ၁၆

"ခု 'ထား' တို့အခြေအနေက ဘယ်လိုလဲ… ချစ်သူဖြစ်နေကြပြီလား"

"ကိုယ်သူ့ကိုချစ်တာ သူသိပါတယ်"

"ဒါဆို သူ့ဘက်ကအခြေအနေကကော"

'ထားချို' က ဘာတစ်လုံးမှ မဖြေပါ။

"မင်းကွာ…"

'ဝင်းနီ' 'ထားချို' ကို စိတ်ပျက်သလို ကြည့်လိုက်မိပါသည်။

'ထား' အခြေအနေ၊ 'ထား' ရုပ်ရည်နဲ့ ဒီလိုကောင်ကို ချစ်ရတယ်လို့များ။

"ခုလည်း ဟိုတစ်နေ့က 'ထား' 'အိုင်းယွန်း' ကိုသွားတွေ့တာ ဘယ်သူပြောလိုက်တယ်မသိပါဘူး... မာမီတို့က 'ထား' ကိုမကြည့်ကြဘူး"

"'ဝင်းနီ' သာ 'ထား' ရဲ့အမေဆိုရင်လည်း ကြည်မှာမဟုတ်ပါဘူး.... ဒီကောင်က ဘာကောင်မို့လို့လဲ"

'ဝင်းနီ' ပြောသမျှ 'ထား' က ငြိမ်ခံနေလေတော့ သနားရပြန်ပါသည်။

"နောက်တစ်ပတ်ဆို အန်ကယ် ပြန်ရောက်မယ်... အဲ့ဒီအချိန် 'အိုင်းယွန်း' ကို အိမ်မှာပြန်နေစေချင်တယ်"

ပထမတစ်ခေါက် အန်ကယ်ပြန်လာစဉ်က 'အိုင်းယွန်' အိမ်မှာရှိနေတာကို မှတ်မိနေပါသေးသည်။

ခြံထဲက မြက်ခင်းစိမ်းလေးပေါ်တွင် မိသားစုအားလုံးစုစည်းကာ စားပွဲလေးကျင်းပခဲ့ပါသည်။

ထိုအချိန်က 'ထား' တို့မိသားစုကိုပါ ဖိတ်တာကြောင့် ဒယ်ဒီနဲ့မာမီက ခဏာလိုက်လာကာ 'ထား' က 'ကဗျာ' ခေါ်ထား၍ ကျန်ရစ်ခဲ့သည်။





နိုင်ငံခြားမှာနှစ်နှစ်ကျော် နေလာခဲ့တာမို့ အန်ကယ်အသားတွေဖြူဖွေးစိုဖတ်ပြီး ပန်းနုသွေးရောင်ပြေးနေကာ နေပူထဲလျှောက်သွားနေတဲ့ 'အိုင်းယွန်း' အသားနဲ့ကွာချင်တိုင်းကွာနေတာမို့ အန်ကယ်ကစပါသည်။

"နိုင်ငံခြားကို သွားရမှာက ဒယ်ဒီမဟုတ်ဘူး... 'မင်းထွန်းခေါင်' သွားရမှာ... ဒါမှ ဒီကောင်အသားတွေဖြူဖွေးလာမှာ"

"ကိုကိုသွားတော့ ပညာမတတ်တော့ ကုန်းပတ်ပဲတိုက်ရမှာပေါ့... အဲ့ဒီတော့ မည်းမှာကမည်းမှာပါပဲ"

ဆယ်တန်းတွင် ဂုဏ်ထူးလေးဘာသာဖြင့် အောင်ထားသော 'တာရာ' က ဝင်ပြောတာဖြစ်ပါသည်။

'ဒေါ်ခင်မေသက်' ကလည်း မဲ့ရင်း...

"ဟုတ်ပါ့... ပညာတတ်ရင်သာ နေရာကောင်းရမှာ ... ပညာမတတ်လို့ကတော့ သူများခိုင်းတာပဲ လုပ်ရမှာ"

"အဲ့ဒါခင်ဗျားသွားလုပ်ပေါ့... ခင်ဗျားကကော ပညာဘယ်လောက်တတ်နေလို့လဲ"

'အိုင်းယွန်း' က ခုံကိုခပ်ကြမ်းကြမ်းဆွဲဖယ်ကာနေရာမှ ထရင်းပြောလိုက်တာဖြစ်ပါသည်။

"ဟဲ့ ငါက မိန်းမ...လင်လုပ်စာကိုထိုင်စားလို့ရတယ်...

နှင်ကန်နှင်ယူတဲ့မိန်းမကို ရှာကျွေးရမှာ"

"ဘယ်သူကကော မိန်းမယူဖို့ စိတ်ကူးနေလို့လဲ"

"သိဘူးလေ"

'ဒေါ်ခင်မေသက်' ၏ မထေမဲ့မြင်မျက်နှာကို ရွံမုန်းစွာကြည့်ကာ 'အိုင်းယွန်း' နေရာမှ ထွက်လာခဲ့လိုက်ပါသည်။

ဒယ်ဒီပြန်လာချိန်မို့ ပြဿနာမဖြစ်ချင်၍ သည်းခံနေတာကို ဒီမိန်းမဝင်ပြီး ပနာယူနေပြန်ပါသည်။

"ကိုကို..."

'ကဗျာ' အစ်ကိုနောက်ကို ပြေးလိုက်ဖို့ စီစဉ်ရင်းအမေဖြစ်သူကို လှမ်းပြောလိုက်ပါသည်။

"မာမီကလည်း ပြဿနာပါပဲ"

"ဟဲ့ မပြောမပြီး မတီးမမြည်ပဲ...ဒီလိုမပြောလို့ရလို့လားလူကဖြင့် ဘာပညာမှမရှိဘူး... ကြိုက်တော့ဖြင့် ဘုရင့်စားတော်ပွဲမှ"

"'မင်းထွဋ်ခေါင်' က ဘယ်သူ့ကိုကြိုက်နေလို့လဲ"

"မပြောချင်ပါဘူး"

'ဒေါ်ခင်မေသက်' ၏ မပြောချင်ပါဘူးက 'ထား' ကိုစောင်းပြောတယ်ဆိုတာကို 'ထား' ရိပ်မိလိုက်ပါသည်။





'အိုင်းယွန်း' လို လင်ပါသားထက် သူ့မောင်နှင့်ဖြစ်သွားလျှင် 'ထား' ပိုင်ဆိုင်ခွင့်ရှိသမျှ သူ့မောင်ပိုင်ဆိုင်လာလိမ့်မည်ဟု မျှော်လင့်ထားပုံရပါသည်။

'ထား' 'ကိုဝေခက်' ကို စိတ်မဝင်စားပါ။

နေရာမှထကာ 'ကဗျာ' နောက်ကိုလိုက်လာကာ 'ကဗျာ' ကအစ်ကိုဖြစ်သူကို ချော့နေသံကြားရပါသည်။

"ကိုကိုကလည်း မာမီ့မျိုးအရေးလုပ်လို့ မာမီဒီလိုပဲခဏခဏပြောတတ်တာ သိရဲ့နဲ့..."

"ဒါ ကိုကို့ဒယ်ဒီရှေ့မှာ ကိုကို့ကို အရှက်ခွဲတာ ကိုကိုသိတယ်... ဒါကြောင့်လည်း ကိုကို ဒီမှာမနေချင်တာ"

သည်စတုဂံမှာလာမနေလည်း 'အိုင်းယွန်း' အတွက်ကသိုက်မြုံပျောက်တဲ့ငှက်အသွင်ပါ။

'အိုင်းယွန်း' ဘယ်ရင်ခွင်မှာ ခိုနားရပါ့မလဲ။

အတွေးဖြင့်မျက်ဝန်းမှ မျက်ရည်များဝဲအလာ 'ထား' သူတို့နားကိုရောက်လာပါသည်။

သူ့အပေါ်ကြင်နာတတ်တဲ့ 'ထား' ကို သူ ခင်ပါသည်။ ချစ်ဖို့လက်ထပ်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်တဲ့အဖြစ်မှန်း 'အိုင်းယွန်း' လည်းသိပါသည်။

ဒါကို 'ဒေါ်ခင်မေသက်' လူရှေ့မှာဘာလို့ ဖွင့်ဟနေရတာလဲ။

"'အိုင်းယွန်း' ကို 'ထား' နားလည်ပါတယ်… ခုကိစ္စမှာ 'အိုင်းယွန်း' ဘက်ကမမှားဘူးဆိုတာလည်း 'ထား' သိတယ်… ဒါပေမဲ့"

"ဘာလဲ လူကြီးကိုပြန်ပြောတာ ရိုင်းတယ်လို့ ခင်ဗျားက ဆိုလိုချင်တာလား"

"မဟုတ်ပါဘူး အန်ကယ့်ရှေ့မှာ'အိုင်းယွန်း'ကိုလူလိမ္မာအဖြစ်ပဲမြင်စေချင်လို့ပါ"

"တော်စမ်းပါဗျာ… ခင်ဗျားတို့မြင်စေချင်တိုင်း မြင်ရအောင် ကျုပ်ကနွားမဟုတ်ဘူး… လူဗျလူ… ခံစားတတ်တဲ့နှလုံးသားနဲ့လူ… ဒီလိုလူကိုမှ နွားတစ်ကောင်အတင်းလုပ်လာရင်တော့ နွားသိုးဖြစ်အောင်လုပ်ပြီး ဒင်းကိုပဲအရင်ဝှေ့ပစ်မှာ…ဒါမှ ကျုပ်တို့မိသားစု သူ့ကြောင့်မပြိုပျက်မှာ"

တကယ်တမ်းအမေကိုထိလာတော့ 'ကဗျာ' မျက်နှာလေး ပျက်ကာ ငိုမဲ့မဲ့ဖြစ်လာခဲ့ပါသည်။

'ထား' ပျော်စရာညလေးမှာ ဘယ်သူ့ကိုမှ မထိခိုက်မနစ်နာစေချင်တာကြောင့်လည်း …





"'ကဗျာ' သွားရင်သွားတော့လေ… 'မမထား' ပဲ 'အိုင်းယွန်း' ကိုခေါ်လာခဲ့တော့မယ်"

'ကဗျာ' ထွက်အသွား 'ထား' 'အိုင်းယွန်း' ကိုချော့လိုက်မိပါသည်။

"ကဲပါ 'အိုင်းယွန်း' ရယ်… စိတ်ဆိုးမနေနဲ့တော့နော်… ဒီပြင်လူ ဘယ်သူနားလည်လည်မလည်လည် 'အိုင်းယွန်း' ကို 'ထား' နားလည်တယ်… အန်ကယ်လည်း စိတ်ချမ်းသာအောင် 'အိုင်းယွန်း' ပြန်လိုက်ခဲ့နော်"

မျက်ရည်ဝဲသောမျက်ဝန်းများဖြင့် 'အိုင်းယွန်း' က 'ထား' ကိုငေးကြည့်နေပါသည်။

တီရှပ်အဖြူ ဂျင်းဘောင်းဘီမိုးပြာရောင်လေးဖြင့် 'အိုင်းယွန်း' သည် ယနေ့ညမှာ ကြည့်လို့ကောင်းလွန်းလှပါသည်။

ပခုံးခန့်ထိဆံပင်ကို စုစည်းထားတာကြောင့်လည်းချွန်စင်းသောနှာတံလေးက ပိုထင်းနေရကာ…

"ထလေ"

နှာသီးဖျားထိပ်လေးကို လက်ညှိုးလေးဖြင့်ထိကာ 'ထား' ကအပြော 'အိုင်းယွန်း' ဆီက လေသံသဲ့သဲ့ထွက်လာခဲ့သည်။

"ကိုယ်ပြန်မလိုက်ချင်ဘူးနော်... ဒါပေမဲ့ 'ထား' ကြောင့် ကိုယ်ပြန်လိုက်ခဲ့မယ်"

"ကျေးဇူးတင်ပါတယ် 'အိုင်းယွန်း' ရယ်"

ထိုနေ့ညက 'ထား' ကျေးဇူးဖြင့် မိသားစုလေးပြန်လည် သင့်မြတ်သွားတာကိုကြည့်ကာ 'ထား' ကြည်နူးရပါသည်။

သည်လို ကြည်နူးမှုမျိုးကို 'ထား' နောက်တစ်ခါပြန်တွေ့ချင်ပါသည်။

သည်စိတ်ဖြင့် 'အိုင်းယွန်း' ကို ပြန်လည်ခေါ်နေမိတာလည်းဖြစ်ပါသည်။

"အခု သူက ဘယ်မှာနေတာလဲဟင်"

"သူ့အဘွားဇရပ်မှာလို့ ထင်တာပဲ"

'ထားချို' က ပြောရင်းတွေဝေနေတာကြောင့်လည်း ကျွန်မ သက်ပြင်းချကာ အလိုက်သင့်ပြောလိုက်မိပါသည်။

"'ထားချို' သွားချင်ရင်သွားလေ...ကိုယ်လိုက်ခဲ့ပေးမယ်"

"တကယ်..."

'ထားချို' ရဲ့ ဝမ်းသာပျော်ရွှင်သွားသော မျက်နှာလေးက ချစ်စရာကောင်းလွန်းလှပါသည်။





သည်လိုချစ်စရာကောင်းသူလေးကို ဥပေက္ခာပြုရက်တဲ့ 'အိုင်းယွန်း' ဆိုတဲ့အကောင်ကိုလည်း ပိုလို့သာမုန်းတီးမိပါသေးသည်။

'ထားချို' မျက်နှာသာမရှိလို့ကတော့ ဒီလိုအကောင်မျိုးကို ငြုတ်ဆုံထဲထည့်ကာ ကြေညက်အောင်ထုထောင်းပစ်လိုက်ချင်ပါသည်။

'အိုင်းယွန်း' အကြောင်းကို တွေးမိလေ 'ဘောလုံး' ကိုသတိ ရမိလေပါ။

'ဘောလုံး' ကို သတိရစိတ်ဖြင့် နှာခေါင်းထိပ်ဖျားလေးကို အကိုင် 'ထားချို' က 'ဝင်းနီ' ကိုကြည့်ကာ တအံ့တဩပြောလာ ပါသည်။

"ခုမှကြည့်မိတယ်...'ဝင်းနီ' နှာသီးထိပ်ဖျားလေးက ကော့ကော့လေးနော်... 'အိုင်းယွန်း' လည်း အဲ့ဒီလိုပဲ"

ပြောပြီးမှ 'ဝင်းနီ' မကြိုက်တာကိုသိကာ အားနာသလိုနှုတ်ဆိတ်အသွား ကျွန်မ 'ထားချို' ကိုကြည့်ကာ သက်ပျင်းချလိုက်မိပါသည်။

'ထားချို' ရဲ့အတွေးထဲမှာ 'အိုင်းယွန်း' က အမြဲလိုပဲစိုးမိုး ကာ နေရာယူထားပုံရသည်။

ကျောင်းအဆင်း ကျွန်မနဲ့ 'ထားချို' ရွှေတိဂုံဘုရားအလယ်ပစ္စယံကို ထွက်လာခဲ့ကြပါသည်။

ကျွန်မပါ ပါလာသည်ဆိုတော့ 'ထားချို' မျက်နှာကပြုံးပျော်ကာ ကျွန်မကိုလည်း စကားတွေ တွတ်ထိုးမဆုံးပါတော့ချေ။





## ၁၇

"တကယ်တော့ 'အိုင်းယွန်း' က အပြောမချိုတာကလွဲရင် စိတ်ထားကောင်းပါတယ် 'ဝင်းနို' ရယ်... သူဒီလိုအပြောမချိုတာကလည်း သူ့ဘဝက မချောမွေ့ခဲ့ဘူးမဟုတ်လား"

'ဘောလုံး' ဘဝလည်း ဘာထူးလို့လဲ။ ဒါပေမဲ့ သူ့လိုမည်းမည်းသည်းသည်း ရုပ်ဆိုးဆိုးကြီးမဟုတ်ပါ။

'ဘောလုံး' ပါးလေးတွေက နုချောညက်နေကာ ချွန်စင်းသောနှာခေါင်း တိကျသေသပ်သော နှုတ်ခမ်းလှလှလေး

ဖြင့် ချစ်စရာကောင်းသူပါ။

ဆံပင်ဆိုလည်း သူ့လိုရှည်ရှည်ကြီးမဟုတ်ပါ။ ဆိုတို တိုတိုသေသေသပ်သပ်လေးဖြင့် လေးစားစရာကောင်းသူ တစ်ယောက်ပါ။

ဗဟန်းဘက်မှဒ်တွင် ကားရပ်ကာခါတ်လှေကားစီးပြီး အလယ်ပစ္စယံကိုနှစ်ယောက်သားလျှောက်အလာ 'ထားချို' ကစိုးရိမ်သလို လှမ်းပြောသည်။

"'ဝင်းနီ' ဒီကိုရောက်ဖူးလား"

"ဟင့်အင်း"

ရွှေတိဂုံဘုရားကိုသာ ခဏခဏရောက်ဖူးသော်လည်း ဒီလိုဇရပ်တွေကို တစ်ခါမှမတွေ့ဘူးပါ။

"'ထား' လည်းတစ်ခါမှမရောက်ဖူးဘူး... 'အိုင်းယွန်း' ကိုတွေ့ချင်လွန်းလို့သာလာခဲ့ရတာ"

"ဒီနေရာကော ဟုတ်ရဲ့လား"

ကျွန်မပတ်ဝန်းကျင်ကို ကြည့်ကာ မေးလိုက်မိတာဖြစ်ပါသည်။

" 'ကဗျာ' ပြောလိုက်တဲ့အတိုင်းဆို ဟုတ်ပါတယ် ဗဟန်းမှဒ်ဘက်က တက်သွားရင် အလယ်ကဇရပ်ပဲတဲ့... ဇ





ရှေ့မှာသနပ်ခါးပင်ရှိတယ်တဲ့"

'ထားချို' နဲ့နှစ်ယောက်အတူလျှောက်လာရင်း သနပ်ခါးပန်းများဝေဆာစွာပွင့်နေသော ဇရပ်ကြီးတစ်ခုရှေ့ကို အရောက်နှစ်ယောက်သား စုံရပ်လိုက်ကြသည်။

"ဒီဇရပ်နဲ့တူတယ်နော်"

"ဇရပ်ပိုင်ရှင်က ဘယ်သူလဲ"

ကျွန်မဇရပ်ထဲကို အကဲခတ်ကာကြည့်ရင်း 'ထားချို' ကို မေးလိုက်မိသည်။

" 'ဒေါ်အေးကြည်' လို့ 'ကဗျာ' ရေးပေးလိုက်တာပဲ"

ကျွန်မ 'ထားချို' ထက်အရင် ခြံဝကိုလျှောက်သွားကာ အော်မေးလိုက်မိပါသည်။

"ဒီဇရပ်က 'ဒေါ်အေးကြည်' ဇရပ်ပါလား"

"ဟုတ်ပါတယ်ကွယ်... ဘယ်သူနဲ့တွေ့ချင်လို့ပါလဲ"

ဇရပ်တွင်းမှ အသက်ခြောက်ဆယ်ကျော်ခန့် ယောဂီဝတ်စုံဖြင့် မိန်းမကြီးတစ်ယောက်ထွက်လာကာ 'ဝင်းနီ' ကိုလှမ်းမေးပါသည်။

" 'ထားချို' ပြောလိုက်လေ"

" 'ဝင်းနီ' ပဲပြောလိုက်ပါကွာ"

တကယ့်တကယ်ဆိုတော့ 'ထားချို' သတ္တိမရှိပါ။

ခေါင်းကြီးငုံ့ကာ မတ်တပ်ရပ်နေတာကြောင့်လည်း ကျွန်မပဲ ပြောလိုက်ရပါသည်။

"ဟို 'အိုင်းယွန်း' များရှိမလားလို့ပါ"

"သမီးတို့က ဘယ်သူတွေလဲ"

အဖွားကြီးက သူတို့နှစ်ယောက်ကို စူးစမ်းသလိုစေ့စေ့စပ်စပ်ကြည့်နေတာကြောင့်လည်း ကျွန်မ 'ထားချို' ကိုစိတ်တိုသလိုအော်လိုက်မိပါသည်။

"'ထားချို' မင်းလာပြောလေကွာ"

သည်တော့မှ 'ထားချို' ကျွန်မရဲ့ရှေ့ကိုထွက်လာကာ တွန့်တွန့်ဆုတ်ဆုတ်ဖြင့် ပြောလိုက်ပါသည်။

"ဟို ဟို 'ထား' တို့က 'အိုင်းယွန်း' ရဲ့ သူငယ်ချင်းတွေပါ"

"ဩော် အဘွားကတစ်ခါမှမမြင်ဘူးလို့ပါ 'အိုင်းယွန်း' ရှိတယ်... အပေါ်မှာအိပ်နေတယ် လာကြ လာကြ"

အဘွားကြီးက ရှေ့ကဦးဆောင်ကာ ဇရပ်တွင်းကို အဝင်...

"ဟယ် ကားပေါ်မှာ 'ကဗျာ' ပေးလိုက်တဲ့ပစ္စည်းထုပ်





ကျန်ရစ်ခဲ့ပြီ"

"ဘာလဲ 'ထားချို' ရဲ့"

"စားစရာနဲ့တူပါရဲ့... သူ့အစ်ကိုကြိုက်တယ်တဲ့... 'ဝင်းနီ' ခဏစောင့်ဦးနော်... 'ထား' ပြေးယူလိုက်ဦးမယ်"

'ထားချို' က ကျွန်မတစ်ယောက်တည်း ထားခဲ့ကာ ကားရှိရာကို ပြေးထွက်သွားတာကြောင့် ကျွန်မ အူကြောင်ကြောင်ဖြင့် ဇရပ်ထဲကိုဝင်ခဲ့ရပါသည်။

ဖယောင်းပုဆိုးခင်းထားသည့် ဇရပ်အတွင်းပိုင်းလေးက အေးချမ်းကာ တရားအားထုတ်တဲ့သူတွေပဲနေတာကြောင့် ဘာ ပကာသန၊ ဘာအဆောင်အယောင်မှ ရှိမနေခဲ့ပါ။

"ထိုင်ဦးလေ သမီး...အဘွားမြေးကိုသွားနှိုးလိုက်ဦးမယ်"

အဖွားကြီးအပေါ်ထပ်ကိုတက်သွားတာကြောင့် ကျွန်မတစ်ယောက်တည်း အောက်ထပ်မှာငေါင်ငေါင်ကြီး ထိုင်နေရဆဲ ငှက်ဆိုးထိုးသံလို 'အိုင်းယွန်း' ရဲ့ အသံဆိုးကို ကျွန်မကြားလိုက်ရပါတော့သည်။

"ဘယ်သူများလဲလို့ ဘာကိစ္စလဲ"

ရှည်လျားသောဆံပင်တွေက သပ်ရပ်စွာဖီးသင်မထား

တာကြောင့် ရှုပ်ပွနေကာ ဆီပြန်နေသောမျက်နှာ အဝတ်အစားက ဖရိုဖရဲနှင့် မုန်းချင်စရာမို့ မျက်နှာကိုအရှုံ့ နောက်ထပ်ပိုမုန်းချင်စရာကောင်းတဲ့ အသံက ထပ်ထွက်လာပြန်လေသည်။

"မေးနေတယ်လေကွာ... ဘာကိစ္စလဲလို့"

"ကျွန်မကိစ္စမဟုတ်ဘူး... 'ထားချို' လာချင်တယ်ဆိုလို့ ကျွန်မကအဖော်လိုက်လာပေးတာ"

"ဒါဖြင့်ရင် 'ထား' က ဘယ်မှာလဲ"

"ကားပေါ်မှာ... ရှင့်ကိုပေးဖို့ ပစ္စည်းကျန်ရစ်ခဲ့လို့ တဲ့ သွားပြန်ယူနေတယ်"

"ကိုယ့်ဖါသာကိုယ် အေးအေးဆေးဆေးလာနေနေတာ မနေရဘူး... သိပ်ရှုပ်တာပဲ"

တကူးတကလိုက်လာတဲ့သူကို ကျေးဇူးတင်ဖေါ်မရဘဲ အပြစ်ပင်တင်နေသေးတဲ့ 'အိုင်းယွန်း' ကို ကျွန်မအငေါ်တူးလိုက်မိပါသည်။

"အေးလေ အဲ့ဒီ 'ထားချို' တော်တော်ရှည်တယ်... ကျွန်မကတော့ ရှင့်ဆီကိုလုံးဝလိုက်လာချင်တာ မဟုတ်ဘူး... 'ထားချို' ကိုအားနာလို့လိုက်လာပေးတာ"

"ကျေးဇူးတင်ပါတယ် နောက်လုံးဝမလာပါနဲ့"





ကျွန်မဒေါသဖြစ်စွာ နေရာမှထရင်း ထိုလူကိုရန်ထောင်လိုက်မိပါသည်။

"စိတ်ချ ခုလည်းမလာဘူး... နောင်လည်းမလာဘူး... ဘယ်တော့မှလည်း လာမှာမဟုတ်တော့ဘူး"

"အံမယ်လေး စိတ်ချမ်းသာလိုက်တာ ကြွ ကြွ"

ထိုလူက ကျွန်မကိုကြည့်ကာအပြော ကျွန်မမျက်နှာကိုမဲ့ရင်း ထိုလူကြားအောင် ထပ်ပြောလိုက်မိပါသည်။

"မီးလိုပူတဲ့လူမို့ ရှင့်မိဘက ရှင့်ကို 'အိုင်းယွန်း' လို့ပေးတာနေမှာ... ရှင်ဟာ မီးပူ မီးလိုပူတဲ့လူ"

"ငါ့မိဘပေးထားတဲ့အဓိပ္ပါယ်က မင်းတွေးသလို မီးပူဆိုတဲ့အဓိပ္ပါယ်မဟုတ်ဘူး... သံလိုသတ္တုလိုမာတဲ့လူ မင်းမယုံရင် ငါ့အသားကိုလာကိုင်ကြည့်ပါလား"

ထိုလူက သူ့လက်မောင်းမှကြွက်သားကို ညှစ်ထုတ်အပြ ကျွန်မမျက်နှာကို ပိုအရုပ်ဆိုးအောင် မဲ့ပစ်လိုက်မိပါသည်။

'ထားချို' သာ မျက်စေ့မှောက်လို့ သူ့လိုလူကိုအထင်ကြီးချင်ကြီးမည်၊ ကျွန်မကတော့ လုံးဝကိုအထင်မကြီးနိုင်တာမို့ ဇရပ်ရှေ့ကအထွက် ဇရပ်တွင်းက အဖွားကြီးကထွက်လာကာ ကျွန်မကို လှမ်းပြောပါသည်။

"သမီး ပြန်တော့မလို့လား"

"ဟုတ်ကဲ့ အဖွား... သူငယ်ချင်းကိုစောင့်ပေးနေတာပါ"

"မြေးကလည်း ကိုယ့်ဆီကိုလာတဲ့လူကို စကားကောင်းကောင်းပြောလေကွယ်"

"မှန်လို့ပေါ့ အဖွားရဲ့... သူကမှ ကျွန်တော့်ကိုမိတ်ဆွေလိုအသိအမှတ်မပြုတာ... ကျွန်တော်ကကော ပြုစရာလား"

"ရှင့်ကိုမိတ်ဆွေလို အသိအမှတ်ပြုရအောင် ရှင်နဲ့ကျွန်မနဲ့ ဘာမှဆိုင်တာမဟုတ်ဘူး"

"ကျုပ်ကကော ဆိုင်ပါတယ်လို့ ပြောနေလို့လား"

'အိုင်းယွန်း' လေသံကျယ်ကျယ်နဲ့ကို အော်လိုက်မိသည်။ ကိုယ့်ဘဝနဲ့ကိုယ်ပင် မပြေလည်ရတဲ့ကြားထဲ စတွေ့တည်းက သူ့ကိုဂြိုဟ်ကြည့်ကြည့်နေသော ဒီကောင်မလေးကို သူကလည်းလုံးဝကြည့်မရပါ။

ကိုယ်လုံးကိုယ်ထည် ပါးပါးလျှားလျှား၊ ဆံပင်တိုတိုမျက်မှန်ထူထူဖြင့် သူ့ကိုမြင်တိုင်း ရန်သူလိုဆက်ဆံနေသော ကောင်မလေးကို သူကလည်း ရန်သူလိုပဲမြင်မိပါသည်။

နှာတံလေးက ထိပ်ဖျားကော့ကော့လေးဖြင့် လှပကာ





နှုတ်ခမ်းလေးကလည်း ပါးပါးလှပ်လှပ်ဖြင့် ချစ်စရာကောင်းသလောက် ထိုနှုတ်ခမ်းဖျားက ထွက်လာသောစကားတွေက မုန်းစရာတည်း။

'ထား' ကလည်း သည်လိုသူငယ်ချင်းမျိုးကိုများ ဘယ်လို ရွေးပေါင်းနေပါလိမ့်။

စိတ်တိုတိုဖြင့် ဇရပ်အတွင်းကိုပြန်အဝင်...

" 'အိုင်းယွန်း'..."

'ထား' ရဲ့ ဂရုဏာသံလေးကို သူ ကြားလိုက်ရပါသည်။ ဟိုကောင်မလေးရဲ့လေသံနဲ့များ တခြားစီ။

" 'ထား'..."

အရှုံ့တိုက်ချင်စိတ်ဖြင့် 'ထား' ဆီကိုခြေလှမ်းကျဲဖြင့် လျှောက်အလာ 'ဝင်းနီ' မျက်နှာကိုမဲ့ကာ တစ်ဘက်သို့လှည့်ပစ်လိုက်ပါသည်။

" 'ထား' ကိုယ့်ဆီကိုလိုက်လာတယ်နော်... ကိုယ်လွမ်းလိုက်တာ"

တစ်ခါဘူးမျှမကြားဘူးတဲ့ 'အိုင်းယွန်း' ဆီက တမ်းတတဲ့စကားသံကိုအကြား 'ထား' မျက်ဝန်းတွင် မျက်ရည်တွေဝေ့သီလာခဲ့ရပါသည်။

"'အိုင်းယွန်း' ရယ်"

နှစ်ယောက်သား တစ်ဦးလက်ကိုတစ်ဦး ဆုပ်အကိုင်...

"အဟမ်း ဟမ်း"

ကျွန်မ 'ထားချို' မကြား့ကြားအောင် ချောင်းဟန့်လိုက်ရပါသည်။

လာတွေ့တာပင် တော်လှပါပြီ။ တစ်ယောက်နဲ့တစ်ယောက်အလွမ်းသည်နေရအောင် ကျွန်မတို့ရောက်နေတဲ့နေရာက ပန်းခြံမဟုတ်ပါ။ ဘုရားပေါ်မှာမို့လည်း ကျွန်မမျက်နှာကိုတမင်တင်းအထား 'ထားချို' က ကျွန်မကြည့်မှန်းသိ၍ လက်ထဲပါလာသော အထုပ်ကို 'အိုင်းယွန်' ကိုပေးလိုက်ပါသည်။

"ဒါ 'ကဗျာ' ပေးလိုက်တာ"

"ဘာတွေလဲ"

"သူ့အစ်ကို ကြိုက်တတ်တာတွေတဲ့"

'အိုင်းယွန်း' အထုပ်ထဲမှပစ္စည်းတွေကို ထုတ်အကြည့်၊ ကြက်ပေါင်ခြောက်၊ အားလူးကြော်၊ တစ်ခါစားလက်ဘက်ထုပ်တွေကို တွေ့လိုက်ရပါသည်။

သူ့အစ်ကိုအတွက် 'ကဗျာ' က ပူပုံရပါသည်။

ဒါကြောင့်လည်း 'အိုင်းယွန်း' 'ကဗျာ' ကိုချစ်မိတာပါ။





နောက်တစ်ထုပ်ကိုဖွင့်အကြည့် ဂျော်ဒါးနီးတံဆိပ် သရီးကွာတားမီးခိုးရောင် ဘောင်းဘီတိုနှင့် ခဲရောင်တီရှပ်တစ်ထည်ကိုအတွေ့ 'ထား' ကို မေးလိုက်မိသည်။

"ဒါက ဘယ်သူဝယ်ပေးတာလဲ"

"'ထား' ဝယ်ပေးတာပါ"

နဂိုစိတ်ရင်းအတိုင်းဆို 'ထား' ကိုအော်မိမှာဖြစ်ပေမယ့် 'ဝင်းနီ' ဆိုတဲ့ကောင်မလေး အနားမှာရှိနေတာကြောင့် တမင်ချွဲနွဲ့ကာ ပြောလိုက်မိပါသည်။

"ဒါတွေကြောင့်လည်း 'ထား' ကိုချစ်နေရတာ"

ကျွန်မ 'ထားချို' မမြင်အောင် ဝေ့ကနဲလုပ်ပြလိုက်ပါသည်။

ချောတဲ့လှတဲ့လူ၊ ဒီလိုချွဲနွဲ့တဲ့စကားပြောလျှင် နားထောင်လို့ကောင်းမှာ အသေအချာဖြစ်ပေမယ့် သူ့လိုမည်းသည်းနေတဲ့လူက ပြောလိုက်တော့ ရုပ်ကြမ်းကြီးနဲ့နွဲ့သလိုဖြစ်နေကာ နားကြားပြင်းကတ်လှတာမို့ 'ထားချို' ကို စိတ်တိုသလို လှမ်းပြောလိုက်ပါသည်။

"'ထားချို' ကိုယ်ကားပေါ်ကပဲ စောင့်နေတော့မယ် မြန်မြန်ပြန်လာနော်"

ကျွန်မခြေလှမ်းကျဲနဲ့ ဇရပ်ရှေ့ကအထွက် မီးပူရဲ့အသံ
က ကျွန်မနောက်ပါးတွင် တစ်ပါတည်းကပ်ပါလာခဲ့ပါသည်။

"မျက်စေ့ရှုပ် နားရှုပ်သက်သာသွားတာပဲ... 'ထား' က
တစ်ခါတလေမှလာတာဆိုတော့ အေးဆေးပဲပေါ့... ကိုယ်
'ထား' ကို တစ်ခုခုကျွေးပါရစေ"

"'ထား' ကိုယ်အကြာကြီး မစောင့်နိုင်ဘူးနော်... ငါး
မိနစ်ပဲ"

ကျွန်မ တမင်ယုတ်မာကာ လှည့်အပြော...

"တစ်ခါတလေမှလာတာ မိနစ်ငါးဆယ်တော့ပြည့်အောင်
နေရမယ်... ကဲ ပြော ဘာစားမလဲ... ကိုယ့်စေတနာက Only
One ပဲ... 'ထား' တစ်ယောက်တည်းအတွက်"

"အံမယ်လေး ဒီကလည်းစားချင်လွန်းလို့ ပေါ့"

ကျွန်မ မီးပူကြားအောင် တမင်အော်ပြောကာ စောင်း
တန်းတလျှောက် ပြေးဆင်းလာခဲ့မိပါသည်။

စိတ်ထဲမှာလည်း ဒီလူကို အမှန့်ခြေပစ်ချင်နေမိပါသည်။

'အိုင်းယွန်း' က ရယ်လိုက်ရင်း...

"ကဲ ပြောလေ 'ထား'"

"နေပါစေ 'အိုင်းယွန်း' ရယ်"





"မဟုတ်တာ အပူလား အအေးလား"

ဇရပ်မှာအအေးလည်းမရနိုင်တာကိုသိ၍...

"ကာဖီဆိုရပါပြီ"

"capuccino လား... cafe latee လား"

"အဲ့ဒါဘာတွေလဲ"

"ကော်ဖီဆိုင်မှာ ကိုယ်သောက်နေကြ ကော်ဖီတွေ
လေ"

"'အိုင်းယွန်း' ကပြောတော့မယ်... ကဲပါ ကော်ဖီလည်း
မသောက်တော့ပါဘူး... 'ဝင်းနီ' စိတ်တိုနေလိမ့်မယ် 'အိုင်းယွန်း'
တို့ဂံကိုဘယ်တော့ပြန်လာမှာလဲ"

"ဒယ်ဒီ ပြန်လာကာနီးမှ ပြန်လာမယ်"

"အန်ကယ်က ရှေ့အပတ်ထဲ ပြန်ရောက်မှာလေ"

"အဲ့ဒီတော့မှပဲ ကိုယ်ပြန်လာမယ်...နင်မို့ဆိုဖြစ်မှာမဟုတ်
ဘူး"

ဒယ်ဒီထွက်သွားတည်းက 'ဒေါ်ခင်မေသက်' သည် သူ့
ဂုဝမ်းကွဲတွေကို အိမ်မှာခေါ်တင်ထားလေသည်။

ဒေါ်မကျိုးတဲ့ ထိုအကောင်တွေနဲ့ 'အိုင်းယွန်း' ဘယ်လို
ဆက်ဆံ၍မဖြစ်တာကြောင့် အပြင်ကိုရှောင်ထွက်လာခဲ့ခြင်း

ဖြစ်ပါသည်။

ဖြစ်နိုင်လျှင် 'ထား' ကတော့ 'အိုင်းယွန်း' ကို စတုဂံမှာပဲ ပြန်နေစေချင်ပါသည်။

'အိုင်းယွန်း' စတုဂံမှာရှိလျှင် 'ထား' စိတ်ချသည်။

"မနက်ဖြန်လာခဲ့ကွာ... 'အိုင်းယွန်း' လာမယ်ဆို 'ထား' ကြိုစောင့်နေလိုက်မယ်"

"မလာချင်သေးဘူးကွာ"

"လာပါ 'အိုင်းယွန်း' ရယ်... ဒီမှာနေရတာ အဖွားကိုအားနာစရာ"

ဒါကိုတော့ 'အိုင်းယွန်း' လည်းသိပါသည်။ ဒါပေမဲ့ အဖွားရဲ့အရိပ်မှာမှ မခိုလျှင် 'အိုင်းယွန်း' ဘယ်အရိပ်မှာ သွားခိုရပါ့မလဲ။

သက်ပြင်းကိုအချ...

"မနက်ဖြန် 'ထား' စတုဂံမှာသွားစောင့်နေမယ်နော် 'အိုင်းယွန်း' လာမှာလား"

မျှော်လင့်သလိုငေးကြည့်နေသော 'ထား'ရဲ့မျက်ဝန်းလေးတွေကို မညှိုးမှိန်စေချင်တာကြောင့်လည်း ခေါင်းကိုအညိတ် မျက်ဝန်းထဲကို 'ဝင်းနီ' ရဲ့အချိုးမပြေသော ပုံစံကတိုးဝင်လာခဲ့





ပါသည်။

" 'ထားချို' ပြန်မယ်လေ"

"မပြန်နဲ့ဦး 'ထား' "

'အိုင်းယွန်း' 'ထား' လက်ကိုဆွဲကာအပြော 'ဝင်းနီ' အနားကို လျှင်မြန်စွာရောက်လာခဲ့ပါသည်။

" 'ထား' မနက်ဖြန်ပရယ်တီကယ်လည်း ဝင်ရဦးမှာ ရှင်ဘာလို့အတင်းတားနေရတာလဲ"

"ဟာ 'ထား' က ငါ့ချစ်သူပဲ... ငါ့ဖာသာ တားတားမတား တား နင်နဲ့ဘာဆိုင်လဲ"

"ဆိုင်တယ် 'ထားချို' က ငါ့သူငယ်ချင်း... 'ထား' ပြန်မယ်... မင်းဒီလူနဲ့ဆက်ပတ်သက်နေရင် မင်းအိမ်နဲ့ပြဿနာတက်လိမ့်မယ်"

"ဒါ 'ထား' ကိစ္စ... နင်ဝင်ပါစရာမလိုဘူး... နင်အဲ့ဒီလိုနေရာတကာ ဝင်ပါနေလို့ကို နင့်မျက်မှန်ထူနေတာ... လထူက လထူလိုနေ"

"ဟင် လူပါးဝလိုက်တာ... 'ထားချို' မင်းမပြန်ဘူးလား မင်းမပြန်ရင် ကိုယ်အရင်ပြန်နှင့်တော့မယ်နော်"

ကျွန်မဒေါသဖြင့် အော်ကာ 'ထားချို' ရှေ့ကဆောင့်

အောင့်ပြီးထွက်အလာ...

"'အိုင်းယွန်း' ကလည်း ဘာတွေလျှောက်ပြောနေတာလဲ 'ဝင်းနီ' က သဘောကောင်းပါတယ်"

"ကိုယ့်ကို မီးပူ လို့ခေါ်တာ သဘောကောင်းတာလား"

"အိုင်းယွန်းဆိုတာ မီးပူလို့ပဲခေါ်တယ်လေ"

"အဲ့ဒီအဓိပ္ပါယ်မဟုတ်ဘူးလို့ ကိုယ်ပြောပြီးပြီပဲ... သူ ပြင်ခေါ်ပေါ့... သူမပြင်ရင်ကိုယ့်ဘက်ကလည်း လုံးဝကိုမပြင် နိုင်ဘူး... လထူဟာလထူပဲ"

"'ဝင်းနီ' နဲ့ 'အိုင်းယွန်း' အတွက်လည်း 'ထား' စိတ် ညစ်ပါတယ်... ကဲ ကဲ 'ထား' ပြန်တော့မယ်... မနက်ဖြန်ဆက် ဆက်လာခဲ့နော်"

"အင်းပါ... ကိုယ် 'ထား' ကိုလိုက်ပို့ပေးမယ်"

"မပို့နဲ့ 'ဝင်းနီ' ရှိတယ်"

"သူရှိလို့ကို တမင်လိုက်ပို့မှာ"

'အိုင်းယွန်း' 'ထား' လက်ကိုတွဲကာ ကားနားကိုလျှောက် အလာ 'ဝင်းနီ' မျက်နှာပုပ်ပုပ်ဖြင့် ထိုင်နေတာကိုတွေ့လိုက်ရပါ သည်။

'ဝင်းနီ' စိတ်ဆိုးနေတာကိုသိ၍ 'ထား' 'အိုင်းယွန်း' ကို





နှုတ်ဆက်လိုက်သည်။

"ကဲ 'ထား' တို့သွားတော့မယ်... 'အိုင်းယွန်း' ပြန်တော့ လေ"

"အင်းပါ ပြန်မှာပါ... 'ထား' ကားပေါ်ကိုတက်"

'ထား' ကားပေါ်ကိုရောက်သည်နှင့် 'အိုင်းယွန်း' 'ထား' ကို နှုတ်ဆက်လိုက်သည်။

"နောက်သူငယ်ချင်းပေါင်းရင် ရွေးပေါင်း... လထူတွေနဲ့ ပေါင်းရင် ကိုယ်ပါထူတတ်တယ်"

ကျွန်မ 'အိုင်းယွန်း' ကိုကြည့်ကာ ဒေါသတွေထွက်လာ သည်မှာ 'ထားချို' ရှိနေပါလားဆိုတာကိုပင် မညှာနိုင်တော့ပါ။

"အေး ငါကထူယုံထူတာ... နင့်လိုတော့ ဒူမနေဘူး နင် ကသာ ဒူ...နင့်လို ဒူကို 'ထား' သာ မျက်စေ့မှောက်လို့ကြိုက် တာ... 'ထား' မျက်စေ့ကိုလှန်တဲ့သူ ပေါ်လာလိမ့်မယ်... အဲ့ဒီ တော့မှ နင်သေပေတော့"

'ထား' မှာ 'ဝင်းနီ' နဲ့ 'အိုင်းယွန်း' အဖြစ်ကိုကြည့်ကာ ရယ်လည်းရယ်ချင်၊ငိုလည်းငိုချင်မို့ ဒရိုင်ဘာဦးလေးကြီးကိုသာ လှမ်းပြောလိုက်ရပါတော့သည်။

"ဦးကြီး သွားမယ်"

ဒရိုင်ဘာဦးလေးကြီးကလည်း အလိုက်တသိပင် ကားကို မြန်မြန်မောင်းထွက်လာ၍ 'ထား' သက်ပြင်းချကာ နောက်ဘက်ကိုလှည့်အကြည့် 'ထား' တို့ကိုလက်ပြ၍ကျန်ရစ်ခဲ့သော 'အိုင်းယွန်း' ကိုတွေ့လိုက်ရပါသည်။

'ဝင်းနီ' မျက်နှာကိုခိုးအကြည့် ဒေါသအရှိန် မသေသေးသော မျက်နှာနီပုပ်ပုပ်ကြီးကြောင့် အသာကလေးငြိမ်ကာ လိုက်ပါလာခဲ့မိပါတော့သည်။





# ၁၈.

ခေါင်းမှ အမာရွတ်ကိုမြင်တိုင်း မဟော်သခါကိုသတိရတဲ့ 'ကေးဝင့်' ပုဏ္ဏားလို မျက်မှန်ထူထူကိုတပ်ရတိုင်း မီးပူကို သတိရမိတတ်ပါသည်။

ဘာတဲ့ သူကများ လူကို လထူတဲ့။

သူကမှ ငဒူ။

ငဒူမို့လို့သာ ဆယ်တန်းကိုခုချိန်ထိ မအောင်သေးတာ နေမှာ။

ခု လောလောဆယ်တော့ စတုဂံကိုပြန်ရောက်ကာ

'ထားချို' နဲ့ အဆင်ပြေနေပုံပင်။ 'ထားချို' ဆီကလည်း မီးပူ အကြောင်းဘာတစ်ခွန်းမှ ပြောသံမကြားရပါ။

'ထားချို' ပြောလျှင်လည်း 'ဝင်းနီ' မကြိုက်မှန်းသိ၍ 'ထားချို' ကိုယ်တိုင် ရေငုံနှုတ်ပိတ်နေပုံရပါမည်။

နားအေးတာပေါ့အတွေးဖြင့် ကျောင်းစာအုပ်ကိုထုတ်ကာ စာထိုင်ဖတ်နေဆဲ 'ထားချို' ကျွန်မနားကို ရောက်လာခဲ့ပါသည်။

'ထားချို' မျက်နှာကပျက်ယွင်းနေတာကြောင့် ကျွန်မစိုးရိမ်စွာမေးလိုက်မိပါသည်။

" 'ထားချို' ဘာဖြစ်လို့လဲဟင် "

'ထားချို' က အကဲခတ်သလိုငဲ့ကြည့်ပြီးမှ မျက်ရည်ဝဲဝဲနှင့် တိုးတိုးလေးပြောလာပါသည်။

" 'အိုင်းယွန်း' အဖမ်းခံရလို့တဲ့…အခုပဲ 'ကဗျာ' ဖုန်းဆက်တယ် "

ကျွန်မ ဘာမှမပြောနိုင်ဘဲ ပါးစပ်ပိတ်နေမိပါသည်။

'ထားချို' သာ ကျွန်မရှေ့မှာ မျက်ရည်ဝဲဝဲလေးနှင့်ရပ်မနေဘူးဆိုလျှင် ကောင်းတာပေါ့ဟု ကျွန်မအော်လိုက်မိမှာအသေအချာပါ။



ခုတော့ 'ထားချို' ကိုအားနာ၍ ပါးစပ်ပိတ်ထားရဆဲ…

" 'ထား' သူ့ကိုသွားတွေ့ချင်လိုက်တာ "

"ရှုပ်ရှုပ်ယှက်ယှက် 'ထားချို' ရယ်… ဘာသွားလုပ်ရမှာလဲ… ပြီးတော့ ဘာဖြစ်လို့အဖမ်းခံရမှန်းလဲ မသိဘဲနဲ့ "

" 'ထား' သိတယ် ရန်ဖြစ်လို့အဖမ်းခံရတာ… 'အိုင်းယွန်း' နဲ့ 'အန်တီမေသက်' ရဲ့တူတွေနဲ့လုံးဝတည့်တာမဟုတ်ဘူး… ဟိုတစ်နေ့က 'ထား' သွားတော့တောင် 'အိုင်းယွန်း' အရမ်းဒေါသဖြစ်နေတာ"

"သူ့ဖါသာ ရန်ဖြစ်လို့အဖမ်းခံရတာပဲ 'ထားချို' ရယ်… ဘာလို့တွေ့ချင်ရတာလဲ "

" 'ထား' မသွားရင် ဘယ်သူသွားမလဲ "

ပြောရင်း 'ထားချို' မျက်ဝန်းမှမျက်ရည်များ စီးကျလာခဲ့ပါသည်။ 'အိုင်းယွန်း' ဘဝမှာ 'ထား' တစ်ယောက်ကလွဲ၍ ဖေးမနှစ်သိမ့်ပေမယ့်သူမရှိတာ 'ထား' ကောင်းကောင်းသိသည်။

'ကဗျာ' ဆိုတာလည်း 'အိုင်းယွန်း' ကို ချစ်တယ်ဆိုပေမဲ့ ကလေးသာသာအရွယ်ဖြစ်ကာ အမေကိုလည်းကြောက်ရသူမို့ 'အိုင်းယွန်း' ကို ဘယ်လောက်ပဲစိတ်ပူပူ ကူညီပေးနိုင်မယ့်သူ

မဟုတ်ပါ။

'တာရာ' ကဆို 'ထား' နဲ့ 'အိုင်းယွန်း' ခင်မင်ပြီးနောက် ပိုင်းထဲက 'အိုင်းယွန်း' ကို ရန်သူလိုဆက်ဆံလာသူဖြစ်ပါသည်။

ခုနောက်ပိုင်း သူ့အစ်ကိုဝမ်းကွဲတွေနဲ့ပေါင်းကာ 'အိုင်းယွန်း' ကို ပိုတိုက်ခိုက်လာတာကို တွေ့ရပါသည်။

ဖြစ်နိုင်လျှင် အနက်ကယ့်ကို အမြန်ဆုံးပြန်လာစေချင်နေပါပြီ။

သည်စိတ်တွေနှင့် 'ထား' စိုးရိမ်ပူပန်နေသမျှ ခုတော့ 'ထား' ထင်သလိုဖြစ်လာခဲ့ပါချေပြီ။

"လိုက်ခဲ့ပေးပါ 'ဝင်းနီ' ရယ် နော်"

"'ဝင်းနီ' မှ သူနဲ့မတည့်တာ... ပြီးတော့ထောင်တို့ရဲ့စခန်းတို့ကို 'ဝင်းနီ' တစ်ခါမှရောက်ဖူးတာမဟုတ်ဘူး... "

"'ထား' က 'ဝင်းနီ' ထက်ပိုဆိုးပါတယ် 'ဝင်းနီ'ရယ်... ဒီလိုမှမသွားရင် အိမ်ကလုံးဝပေးလွှတ်မှာ မဟုတ်ဘူး... 'ထား' ကိုချစ်ရင် လိုက်ခဲ့ပေးပါ သူငယ်ချင်းရယ်... ကိုယ် 'ဂင်းနီ' ကို ကျေးဇူးတင်ပါတယ်"

ရှိုးမတတ်တောင်းပန်နေသော သူငယ်ချင်းကိုကြည့်ကာ





'ဝင်းနီ' ဘယ်လိုအားအင်နဲ့ ငြင်းရက်ပါ့မလဲ။

သည်တော့ 'ထားချို' ရဲ့အကောင် မီးပူ ကိုပဲမေတ္တာပို့မိသည်။

"အဲ့ဒီလိုကောင်မျိုးကို ကြိုက်မိတာ မင်းရဲ့အမှားပဲ 'ထားချို'... မင်းဒီလိုလိုက်နေမှန်းသိရင် ဒီကောင်ဒီလိုပဲ ရန်ဖြစ်နေရင်ဘယ်နှယ့်လုပ်မလဲ"

"'အိုင်းယွန်း' ရဲ့စိတ်ကို ကိုယ်သိပါတယ် 'ဝင်းနီ'ရယ် သူဟာ သူ့ကိုမထိလို့ကတော့ ဘယ်တော့မှစပြီး ရန်မမူတတ်တဲ့သူပါ... ခုဟာက 'ဇော်ဇော်' တို့ပဲလွန်တာနေမှာပါ"

"'ဇော်ဇော်' တို့ဆိုတာက"

"'ဇော်ဇော်' နဲ့ 'မော်မော်' က 'အန်တီမေသက်' ရဲ့တူနှစ်ယောက်ပါ... နယ်ကနေ ဆယ်တန်းလာဖြေကြတာ"

ကျွန်မ သက်ပြင်းကိုချကာ အိတ်ကိုကောက်လွယ်လိုက်မိသည်။

ကျွန်မမလိုက်ဘူးဆိုလျှင် 'ထားချို' စိတ်ဆင်းရဲရတာပဲ အဖတ်တင်ပါလိမ့်မည်။ 'ထားချို' ကို ကျွန်မ စိတ်မဆင်းရဲစေချင်တာကြောင့်လည်း...

"ကဲ သွားရအောင်... မင်းအကောင်ကို ဘယ်မှာဖမ်း

ထားတာတဲ့လဲ"

"အချုပ်ထဲမှာလို့ ပြောတာပဲ... ဒရိုင်ဘာဦးလေးကြီးသိမှာပါ"

နှစ်ယောက်သားကားဆီကို လာကာ ဒရိုင်ဘာဦးလေးကြီးကိုပြောအပြ ဦးကြီးက ခေါင်းညိတ်ပြသည်။

"ဦးကြီး သိတယ်... ဒါပေမဲ့ သမီးသွားလို့ဖြစ်ပါ့မလားကွယ်"

"သမီးမသွားရင် ဘယ်သူ့မှသွားမှာမဟုတ်ဘူး... အန်ကယ်ကလည်း မနက်ဖြန်ပြန်ရောက်တော့မှာဆိုတော့ 'ထား' 'အိုင်းယွန်း' ကို ကူညီချင်တယ်"

'ထား'ရဲ့ပူပင်မှုက မျက်နှာပေါ်တွင် အထင်းသားပေါ်လွင်နေတာကြောင့်လည်း...

"ကဲပါ ဦးကြီးရယ်... 'ဝင်းနို' တို့လိုက်ပို့ပေးကြရအောင်ပါ"

ကျွန်မပါ တိုက်တွန်းပြောဆိုလာသည်ဆိုတော့ ဦးကြီးလည်း တင်းမနေနိုင်တော့ပါ။

အားလုံးက 'ထား'မျက်နှာကိုကြည့်ကာ 'ထား'ကိုစိတ်ချမ်းသာစေချင်ကြသည် မဟုတ်ပါလား။





အသက်တစ်ရာမနေရ၊ အမှုတစ်ရာပွေရတဲ့ လောကကြီးတွင် အမှုပေါင်းစုံကို ကိုင်တွယ်ဖြေရှင်းရာဌာနက ရဲဌာနမို့ အမှုပေါင်းစုံ လူပေါင်းစုံဖြင့် စည်ကားရှုပ်ထွေးနေပါသည်။

ကိုယ့်ဖါသာကိုယ် စာအေးအေးဆေးဆေးဖတ်၊ ကိုယ့်ဖါသာကိုယ် ဆေးတက္ကသိုလ်တက်နေတဲ့ဆေးကျောင်းသူလေးအဖြစ်မှ တစ်ခါမှမရောက်ဖူးသော ရဲစခန်းကို လာခဲ့ရတာဆိုတော့ ကျွန်မစိတ်ထဲ ရှက်ရွံ့မိသလို ကြောက်လည်းကြောက်လန့်ကာ အားငယ်နေမိသည်။

ကျွန်မလိုရဲရင့်သူတစ်ယောက်ပင် သည်လိုခံစားမိလျှင် 'ထားချို'ဆို ဘယ်လိုနေမှာပါလိမ့်။

သည်အသိဖြင့် 'ထားချို'ကိုငဲ့အကြည့် 'ထားချို'မျက်နှာလေးက ပိုသေးငယ်ကာ မျက်ဝန်းတွင်မျက်ရည်တွေ ဝေ့သီနေတာကိုအတွေ့ ကျွန်မ 'အိုင်းယွန်း' ကို ပိုမိုလို့သာမုန်းတီးနေမိပါသည်။

ဒင်းသာ 'ထားချို'ကိုတန်ဖိုးထားမယ်ဆိုလျှင် ဒီလိုအဖြစ်မျိုးတွေ ဖြစ်လာစရာလား။ 'ထားချို'လည်း ဒီကိုလာစရာလား။

ဒေါသဖြင့် ကျွန်မရဲ့မျက်နှာက တင်းအသွား 'ထားချို'

က ကျွန်မရဲ့လက်ကို အားကိုးတကြီးဆုပ်ကိုင်လိုက်ပါသည်။

သည်အပြုအမူက ကျွန်မရဲ့ဒေါသကို အရှိန်လျှော့စေသလို အပြုအမူမျိုးမို့ မျက်နှာကိုပြင်ကာ မေးမြန်းစုံစမ်းပြီး စခန်းအတွင်းကိုဝင်အလာ အချုပ်ခန်းအတွင်းမှ 'အိုင်းယွန်း' ၏ မာကြောကြောမျက်နှာကို တွေ့လိုက်ရပါသည်။

"ဘာဖြစ်လို့လိုက်လာတာလဲ"

ကြည့်မေးပုံကိုက အလုပ်မဟုတ်တာ။

ဒင်းရဲ့မျက်နှာကိုမကြည့်ချင်တာကြောင့် တစ်ဖက်ကိုချာကနဲအလှည့် 'ထားချို' က 'အိုင်းယွန်း' အနားသွားကာ စိုးရိမ်သလိုမေးလေသည်။

"ဘယ်လိုဖြစ်ရတာလဲ 'အိုင်းယွန်း' ရယ်... 'ထား' စိုးရိမ်လိုက်ရတာ"

"ဘာစိုးရိမ်စရာလိုလဲ ... ဒီပြင့်လူတစ်ယောက်ဆိုရင်လည်း ဒီလိုမျိုးဖြစ်မှာပဲ"

"ဟိုဘက်က ခေါင်းကွဲသွားတယ်ဆို"

စခန်းမှကြားလာသမျှကို 'ထား' ပြန်မေးနေတာဖြစ်ပါသည်။

"ကိုယ်လက်ဘက်ရည်ဆိုင်ကိုသွားတော့ အဲ့ဒီကောင်နှစ်ယောက်နဲ့ လမ်းမှာဆုံတယ်... သူတို့ကစပြီး ကိုယ့်ကိုစော်ကားတာပဲ... ကိုယ်လည်း သည်းမခံနိုင်တာနဲ့ အနားကအုတ်ခဲနဲ့ ကောက်ထုထည့်လိုက်တာ"

"အန်ကယ် မနက်ဖြန်ပြန်လာတော့မယ်ဆိုတော့ဘယ်လိုလုပ်မလဲ"

"ဘယ်လိုမှလုပ်စရာမလိုဘူး သူတို့ပိုသဘောကျမှာပါ"

'အိုင်းယွန်း' အေးစက်စက်ဖြင့် မာကြောစွာဖြေလိုက်မိသည်။ အဖေ့မျက်နှာကို ထောက်ထား၍သာ စတုဂံကိုပြန်လာခဲ့ ရပေမယ့် 'အိုင်းယွန်း' တစ်မိနစ်၊ တစ်စက္ကန့်မှလေးမျှပင် မနေချင်ပါ။ သည်တော့ တတ်နိုင်သလောက် အပြင်မှာပဲနေတာများသည်။

သူလုပ်နေတဲ့ ကားဝယ်ရောင်းအလုပ်ကလည်းအမြဲတမ်းဖြစ်သည်မဟုတ်ပါ။ အောက်ကားလေးဝယ် ပြင်စရာရှိတာပြင် မြတ်လျှင်ပြန်ရောင်းဖြင့် အရင်းအနှီးနည်းပါးစွာလုပ်နေရတာပါ။

အရင်းအနှီးနည်းတော့ အမြတ်ကလည်း နည်းပါးသည်။ လောလောဆယ် သူငယ်ချင်းတစ်ယောက်

နှင့်ပေါင်းကာ အောက်ကားတစ်စီးကို ပြင်ပြီးပြန်ရောင်းလိုက်ရာ အမြတ်လေးတော်တော်များများရလိုက်သည်ဟု ပျော်နေဆဲ ကားဈေးက အဆမတန်ခုန်တက်သွားခဲ့သည်။

ကိုယ်ရောင်းလိုက်တဲ့ကားကိုပင် ပြန်မလိုက်နိုင်တော့၍ စိတ်ညစ်နေဆဲ သည်ပြဿနာပေါ်လာခဲ့ခြင်းဖြစ်ပါသည်။

တကယ်တော့ သူ စတုဂံကိုပြန်ရောက် လာတည်းက သည်ကောင်နှစ်ကောင်နှင့် တစ်နေ့တော့ ထိပ်တိုက်တွေ့ရတော့မည်ဟု ကြိုတင်ခန့်မှန်းထားခဲ့တဲ့အတိုင်း တွေ့ခဲ့ရတာဖြစ်၏။

သူ ဒီလိုဖြစ်သွားတဲ့အတွက်လည်း 'ဒေါ်ခင်မေသက်' ကျေနပ်နေလိမ့်မည်ဟုထင်ပါသည်။

"အန်တီ့ကို 'ထား' သွားတောင်းပန်ပေးမယ်လေ"

"မလုပ်ပါနဲ့... အောက်ကျပါတယ် ... ကိုယ့်အပြစ်နဲ့ကိုယ်ခံရတာပဲ... 'ထား' ပြန်ပါ"

" 'ထား' ဒယ်ဒီတို့ကိုပြောကြည့်ပါဦးမယ်... "

အပြန်လမ်းတွင် 'ထား' က စားစရာတချို့ကိုဝယ်ကာ 'အိုင်းယွန်း' ဆီကို ပြန်ပို့ပေးပါသေးသည်။

'အိုင်းယွန်း' အပေါ်ကိုထားတဲ့ 'ထား' ရဲ့မေတ္တာအတိမ်





အနက်ကို ကျွန်မ မအုံ့ဩမိပေမယ့် 'ထား' အပေါ်ဆက်ဆံတဲ့ 'အိုင်းယွန်း' ရဲ့အပြုအမူကိုတော့ ကျွန်မ အံ့ဩမိပါသည်။။

သည်လောက်လှပပြီး အပြစ်အနာအဆာ ကင်းမဲ့တဲ့ချစ်သူလေးကို တန်ဖိုးထားရမယ့်အစား တန်ဖိုးနိမ့်ကျတဲ့နေရာကိုပင် ရောက်လာအောင်စွမ်းဆောင်နိုင်တာလည်း ဒီလူရဲ့အစွမ်းအစပဲထင်ပါရဲ့။

ကြာလျှင် 'ထားချို' ဘဝသည့်ထက် ပိုနိမ့်ကျသွားမှာစိုးတာကြောင့်လည်း ကျွန်မအမုန်းခံကာ တားမြစ်လိုက်မိပါသည်။

"မင်း 'အိုင်းယွန်း' ကို မပြုပြင်တော့ဘူးလား"

"ဘာကိုပြုပြင်ရမှာလဲ"

'ထားချို' ရဲ့မျက်နှာက တကယ့်ကို အရိုးခံပါ။

"မင်းနဲ့ထိုက်တန်တဲ့ လူတစ်ယောက် ဖြစ်ဖို့ကိုပြောနေတာပါ... မင်းကမကြာခင်မှာ ဆရာဝန်တစ်ယောက်ဖြစ်တော့မှာ မင်းနဲ့တွဲနေတဲ့လူက လူတောထဲမှာ ချပြလို့ရတဲ့လူမဟုတ်ဘူး"

သည်စကားကိုကြားခိုက် 'ထားချို' မျက်နှာပျက်သွားတာကို ကျွန်မတွေ့လိုက်ရပါသည်။

"မင်းသူ့ကို ဒီလိုပဲလက်တွဲသွားမှာလား... မင်းအိမ်ကကော မင်းအတွက် အစီအစဉ်မရှိဘူးလား"

"ရှိပါတယ်... ဒယ်ဒီတို့မာမီတို့ သဘောတူထားတဲ့လူရှိတယ်"

"သူက ဘယ်မှာလဲ"

"ကနေဒါမှာပါ... စီးပွားရေးလုပ်ငန်းရှင် တစ်ဦးပါပဲ"

"အဲ့ဒါဆို မင်း 'အိုင်းယွန်း' ကို ဘာလို့ သံယောဇဉ်ထားနေရတာလဲ"

"ကိုယ် သူ့ကိုချစ်တယ် သနားလည်းသနားတယ်... သူ့ဘဝကိုလုံခြုံမှုပေးချင်တယ်"

ပြောရင်း 'ထား' ငိုချလိုက်မိပါသည်။ 'အိုင်းယွန်း' ဘဝကသိုက်မြုံပျောက်နေတဲ့ ငှက်ကလေးနဲ့တူသည်။

သည်ငှက်လေးကိုကောက်ယူကာ နွေးထွေးတဲ့ သိုက်မြုံလေးတစ်ခု သူမ လုပ်ပေးချင်ပါသည်။

ခက်တာက 'အိုင်းယွန်း' ကိုယ်တိုင် သည်အသိုက်အမြုံလေးမှာမနေချင်။

"ကိုယ်ဘာလုပ်ရမလဲ 'ဝင်းနီ' ရယ်"

'ထားချို' ငိုမြဲငိုတော့လည်း 'ဝင်းနီ' ပါ မနေနိုင်ပါ။





သူငယ်ချင်းကိုဖက်ကာ သူမပါ မျက်ရည်အကျ...

"အခု အိမ်က 'ကိုဖရက်ဒီ' နဲ့ စေ့စပ်ပေးတော့မယ် 'ထား' သူ့ကိုမမေ့နိုင်ဘူး"

"အဲ့ဒါဆိုလည်း သူ့ကို 'ထား' ဘက်ကလက်ခံနိုင်တဲ့ အခြေအနေဖြစ်အောင် ကြိုးစားဖို့ပြောပါလား"

"ကိုယ်ပြောပါတယ်... 'အိုင်းယွန်း' က ခေါင်းမာတာ 'ဝင်းနီ' လည်းသိသားနဲ့"

"ဒါကတော့ သူ 'ထား' ကို တကယ်ချစ်တယ်ဆို 'ထား' စကားကိုနားထောင်ရမှာပေါ့"

"လောလောဆယ် သူ့ အချုပ်ကလွတ်ဖို့ ကိုယ် 'အန်တီမေသက်' ကို သွားတောင်းပန်ရဦးမယ်... ပြီးမှ ကိုယ်တို့ကိစ္စကိုစီစဉ်ကြတာပေါ့"

မျက်ရည်တစွန်းတစ ခိုတွယ်နေဆဲဖြစ်သော 'ထား' မျက်ဝန်းလေးကိုကြည့်ကာ ကျွန်မ ရေငုံနှုတ်ပိတ်ကာသာ ကားပေါ်ပါလာခဲ့ပါတော့သည်။

## ၁၉

ခုတလော ကျောင်းကိစ္စတွေ လက်တွေ့ဆင်းနေရတာတွေနှင့်အလုပ်ရှုပ်ကာ ကျွန်မကော 'ထားချို' ပါမအားကြပါ။

ကျွန်မက ကလေးဆေးရုံ၊ 'ထားချို' က ဗဟိုအမျိုးသမီးဆေးရုံကို လက်တွေ့ဆင်းရတာမို့ တစ်ခါတလေ ဖြတ်သွားဖြတ်လာလောက်ပဲတွေ့ကာ 'ထားချို' နဲ့ 'အိုင်းယွန်း' တို့ရဲ့ ခရီးလမ်းကိုလည်း မေ့လျော့နေမိပါသည်။

သည်နေ့တော့ လက်တွေ့စောစောပဲဆင်းတာမို့ ဂျူ





တီကုတ်ကိုကိုင်ကာ ကလေးဆေးရုံထဲကအထွက်...

" 'ဝင်းနီ' ..."

'ထားချို' ဆေးရုံရှေ့မှာ စောင့်နေတာကိုတွေ့လိုက်ရပါသည်။

စီးနေကြပရာဒိုးကားမဟုတ်သလို ဒရိုင်ဘာဦးကြီးလည်း မပါပါ။

ငွေပြာရောင် မာစီဒီးကားလှလှကြီးကို 'ထားချို' ကိုယ်တိုင်မောင်းလာခဲ့ပုံရပါသည်။

"အားလား"

"ဘယ်သွားမလို့လဲ"

"ကိုယ် 'အိုင်းယွန်း' နဲ့ချိန်းထားလို့... 'မင်းလိုက်ခဲ့ပေးပါလား"

"သူများ သမီးရည်းစားကြား ရှုပ်ရှုပ်ယှက်ယှက်"

" 'အိုင်းယွန်း' နဲ့မင်းနဲ့လည်း တော်တော်ခင်နေကြတာပဲ"

ကျွန်မ လှုပစ္စာမဲ့လိုက်မိပါသည်။

ကျွန်မနဲ့ 'အိုင်းယွန်း' ခင်တယ်လို့မထင်ပါ။ ကျွန်မသူ့ကိုကြည့်မရတာ သူလည်း သိနေမှာပါပဲ။

"သွားပါကွာ... ကိုယ်မလိုက်ချင်ပါဘူး... "

"လိုက်ခဲ့ပါ 'ဝင်းနီ' ရယ်... ကိုယ်မင်းကိုဘယ်လောက်အားကိုးတယ်ဆိုတာ မင်းသိရဲ့နဲ့"

ကျွန်မ တွေဝေသွားမိပါသည်။ လူ့သဘောကိုက အမုန်းကိုအမုန်းနဲ့တုံ့ပြန်တိုက်ခိုက်ကြပေမယ့် အချစ်ကိုအချစ်နဲ့ပဲပြန်လည်ပေးဆပ်တတ်ကြပါသည်။

ကျွန်မကြောင့်လည်း သူငယ်ချင်းကို စိတ်မဆင်းရဲစေချင်ပါ။

"ကဲပြော ဘယ်မှာချိန်းထားတာလဲ"

"Cafe Aroma မှာ"

ကျွန်မ 'ထားချို' ကားပေါ်ကိုတက်အထိုင် 'ထားချို' က ကျွန်မကိုပြုံးကာ ကြည့်နေခဲ့ပါသည်။

"အဲ့ဒါကြောင့် ကိုယ်မင်းကိုချစ်ရတာ"

"ကိုယ်ကတော့ မင်းလူကိုလိုက်မချစ်နိုင်ပါဘူးနော်"

"အေးပါ မချစ်ပါနဲ့... ကိုယ့်ကိုချစ်ရင်ရပြီ"

ခုနောက်ပိုင်း အန်ကယ်ပြန်ရောက်လာပြီမို့ အစစပြန်လည်အေးချမ်းကာ 'အိုင်းယွန်း' လည်း သူ့ ကားဝယ်ရောင်းအလုပ်ဖြင့် အေးချမ်းနေတာကိုတွေ့ရပါသည်။



ဘာပဲဖြစ်ဖြစ် 'အိုင်းယွန်း' ဘဝအေးချမ်းလျှင် 'ထား' လည်း စိတ်ချမ်းသာရပါသည်။

သည်နေ့က 'ထား' နဲ့ 'အိုင်းယွန်း' တို့ဆုံတွေ့ခဲ့ကြတာ ခြောက်နှစ်ပြောက်နေ့မို့ 'အိုင်းယွန်း' ကို အမှတ်တရ လက်ဆောင်လေးပေးမလို့ ချိန်းလိုက်တာပါ။

အိမ်ကိုသွားလျှင်လည်း ဖြစ်ပေမယ့် 'တာရာ' တို့အန်တီတို့မျက်ဝန်းတွေကို 'ထား' မနှစ်သက်ပါ။

အန်ကယ်က သူ့သားဆီကိုလာတာမို့ သဘောကျပေမယ့် 'ထား' စိတ်ထဲ မလုံမလဲခံစားရပါသည်။

ဒါကြောင့် 'အိုင်းယွန်း' ထိုင်နေကြ ဒီကော်ဖီဆိုင်လေးကိုပဲ ချိန်းလိုက်ရတာဖြစ်ပါသည်။

"'ဝင်းနီ' ကြိုက်တာမှာလေ... ဆာလာရောပေါ့"

ကျွန်မ ကော်ဖီမှာသောက်ရင်း 'ထားချို' ကိုငေးကြည့်နေမိပါသည်။

တကယ်ဆို 'ထားချို' ကို 'အိုင်းယွန်း' က စောင့်ရမှာ။

ခုတော့ ငါးဖယ်ကပြောင်းပြန်၊ 'ထားချို' က 'အိုင်းယွန်း' ကိုပြန်စောင့်နေရသည်။

စိတ်ထဲကမကျေနပ်ချက်ကို ဖွင့်ထုတ်လိုက်မိသည်။

"မင်းဥစ္စာက မိန်းမရွေးကျတယ်... သူကကိုယ့်ကို စောင့်ရမှာ... ကိုယ်ကများ ပြန်စောင့်နေရတယ်လို့"

"တကယ့်အချစ်မှာ မိန်းမယောကျ်ားမရှိဘူး... တန်ဖိုးခွဲခြားမသတ်မှတ်ထားဘူး... အချစ်ပဲရှိဖို့လိုတယ်... ကိုယ်သူ့ကို ချစ်တယ်"

ကဲ မှတ်ထားဟု သူ့ကိုယ်သူဆုံးမကာ ကော်ဖီကိုမော့သောက်နေလိုက်ပါသည်။

ခုချိန် 'ဘောလုံး' ကော ဘယ်ရောက်နေသနည်း။ ကျွန်မထက်နှစ်နှစ်ကြီးတာဆိုတော့ ဆရာဝန်ဖြစ်နေလောက်ပြီထင်သည်။

ဖြူဖွေးသော 'ဘောလုံး' အသားအရည်၊ နူးညံ့ချိုသာသောအပြုံးနှင့် 'ဘောလုံး' ဘယ်လောက်များကြည့်လို့ကောင်းနေလိုက်မလဲ။

တွေ့ချင်လိုက်တာ 'ဘောလုံး' ရယ်။

ချစ်သူကိုတမ်းတစိတ်ဖြင့် ကျွန်မရဲ့မျက်ဝန်းတွေက နူးညံ့အသွင်း...

"'ဝင်းနီ' မှာကော ချစ်သူမရှိဘူးလားဟင်"

'ထားချို' ဆီက စူးစမ်းသောအသံလေး ထွက်လာခဲ့ပါ





သည်။ ကျွန်မ မညာချင်တာကြောင့်လည်း အမှန်အတိုင်းဖွင့်ပြောလိုက်မိပါသည်။

"ရှိတယ် ငယ်ငယ်လေးတည်းက ကွဲသွားတာကြာပြီ"

"ပြန်မတွေ့သေးဘူးလား ဟင်"

"အဲ့ဒီအချိန်ကို ကိုယ်စောင့်နေတာ"

"ပြန်တွေ့ရင် အရမ်းဝမ်းသာမှာပဲနော်"

ဒါပေါ့။ ချစ်သူရဲ့အောင်မြင်မှုအတွက်လည်း ကျွန်မဂုဏ်ယူရပါဦးမည်။ ပြီးတော့ သူ့စကားအတိုင်း တသွေမတိမ်းကြိုးစားခဲ့တဲ့ ကျွန်မရဲ့လက်ရှိအခြေအနေကိုပြကာ ကျွန်မရဲ့အချစ်ကိုဖော်ထုတ်ရပါဦးမည်။

"သူက ချောလားဟင်"

ကျွန်မခေါင်းညိတ်ရင်း 'ထားချို' ရဲ့ နှာခေါင်းထိပ်လေးကိုလက်ညှိုးလေးနဲ့ထိလိုက်မိပါသည်။

"ကိုယ်နဲ့စတွေ့တုန်းက သူ ကိုယ့်ကို အဲ့ဒီလိုပဲအမြဲလုပ်တယ်"

"'ဝင်းနီ' နှာခေါင်းဖျားလေးက ချွန်ပြီးကော့နေတာကိုး"

'ထား' လည်း 'အိုင်းယွန်း' ကို ဒီလိုပဲလုပ်ခဲ့တာ မှတ်မိနေပါသေးသည်။

'ထား' နဲ့ 'အိုင်းယွန်း' သံယောဇဉ်ကို ဒယ်ဒီကယော ကျားပီပီဘာမှမပြောသော်လည်း မာမီကတော့ လုံးဝကိုလက် မခံပါ။

"ယောကျ်ားဆိုတာ ကြိုးစားရမှာပေါ့... ဆယ်တန်း လေးတောင် အောင်,အောင်မဖြေနိုင်တဲ့ လူတစ်ယောက်က ဘဝအတွက်ဘာဖြစ်လာမှာလဲ... 'တာရာ' တို့ 'ကဗျာ' တို့ဆို တာလည်း သူ့နောက်ကတက်လာတဲ့ ကလေးငှေပဲမဟုတ် လား... အကုန်လုံးအောင်ကုန်ကြပြီ... မခံချင်စိတ်ရှိရင် ပိုကြိုး စားရမှာပေါ့"

စတုဂံကိုနှစ်နှစ်အကြာတွင် 'တာရာ' ဂုဏ်ထူးလေးလုံး ဖြင့် အောင်မြင်ခဲ့သလို နောက်နှစ်နှစ်အကြာတွင် 'ကဗျာ' လည်း အောင်မြင်ခဲ့ပါသည်။

"အောင်မြင်တဲ့အသီးအပွင့်ကို ခံစားနေကြတဲ့လူအားလုံး ဟာ ကြိုးစားကြလို့ပဲ... ကိုယ်ကတော့မကြိုးစားဘဲ သူများအ သီးအပွင့်ခံစားနေတာကို မနာလိုမရှု့စိမ့်ရင် ကိုယ်ပဲကျရှုံးရမှာ ပဲ"

"'အိုင်းယွန်း' မှာ အဲ့ဒီစိတ်ဓါတ်မရှိတာ 'ထား' သိပါ တယ်... အထီးကျန်နေတဲ့သူ့ဘဝကို 'ထား' က ဖြည့်ဆည်း





ပေးယုံသက်သက်ပါ"

"သမီးဘယ်လောက်အထိ ဖြည့်ဆည်းပေးချင်တာ လဲ... သမီးဖြည့်ဆည်းလို့ကော သူ့ဘဝလုံခြုံအေးချမ်းသွား မယ်လို့ သမီးထင်လား"

'ထား' ဘာမှမပြောနိုင်ပါ။

"လူဆိုတာကိုယ့်ဘဝကိုယ် ဖန်တီးပြီး ကိုယ့်လမ်းကိုယ် လျှောက်ကြရတာ... မာမီ သမီးကိုဘာမှမပြောချင်တော့ဘူး... ဒီလကုန် 'ဖရက်ဒီ' တို့မိသားစု မြန်မာပြည်ကိုလာမယ် သမီးနဲ့ စေ့စပ်ပေးပြီး ကျောင်းပြီးတာနဲ့ လက်ထပ်ပေးမယ်"

"သမီးမှ 'ကိုဖရက်ဒီ' ကို မချစ်တာ"

"ဘဝကိုတည်ဆောက်တဲ့နေရာမှာ အချစ်ကရှေ့တန်းက မရှိပါဘူး... သမီးအရွယ်က ဘဝကိုတည်ဆောက်ရတော့မယ့် အရွယ်ပါ... သမီး မာမီပြောတာကို လေးလေးနက်နက်စဉ်းစား ပါ"

မာမီက စကားအပိုတွေ ရှည်ရှည်ဝေးဝေးမပြောဘဲ နေရာ မှ ထထွက်သွားပါသည်။

'ကိုဖရက်ဒီ' လာရင် 'ထား' ဘယ်လိုစကားတွေနဲ့ဆီး ကြိုရမှာပါလဲ။

အတွေးများကိုလက်စသတ်ရင်း လက်ထဲမှအထုပ်လေးကိုငုံ့ကြည့်လိုက်မိပါသည်။

အထုပ်လေးထဲတွင် အဝါရောင်ငှက်ရုပ်ကလေးရှိပါသည် 'အိုင်းယွန်း' အတွက် ယုဇနပလာဇာက တကူးတကဝယ်လာခဲ့သော ငှက်ရုပ်ကလေးဖြစ်ပါသည်။

အဖော်မဲ့နေသော 'အိုင်းယွန်း' အတွက် ငှက်ရုပ်ကလေးက သီချင်းဆိုပြပါလိမ့်မည်။

ငှက်ကလေးသီချင်းဆိုဖို့အတွက် 'ထား' က သီချင်းရွေးပေးရသည်။

'ထား' ကို 'အိုင်းယွန်း' ဆိုပြဖူးတဲ့ west life ရဲ့ fool again သီချင်းဖြစ်သည်။

ဒီအရုပ်လေးကိုမြင်လျှင် 'အိုင်းယွန်း' ကျေနပ်မည်ထင်ပါသည်။

"မင်းလူက ကြာလှချည်လား"

'ထား' က အရုပ်လေးကိုကြည့်ကာ စိတ်ကူးယဉ်နေ၍ အချိန်ကိုမေ့နေပေမယ့် ကျွန်မကတော့ မမေ့ပါ။

ကျွန်မတို့ ဒီကော်ဖီဆိုင်ထဲမှာ ထိုင်နေတာ နာရီဝက်ပင်ကျော်သွားခဲ့ပြီ မဟုတ်ပါလား။





"မင်း သေသေချာချာချိန်းထားရဲ့လား"

"ချိန်းထားပါတယ်… 'အိုင်းယွန်း' အလုပ်များမပြတ်လို့လားမသိဘူး"

'ထားချို' က ချစ်စိတ်နှင့်ဖြေတွေးနိုင်ပေမယ့် ကျွန်မလို 'အိုင်းယွန်း' ကို မုန်းတီးနေတဲ့သူအတွက်ကတော့ ဖြေတွေးလေးပင် တွေးမပေးချင်ပါ။

သူသာ 'ထားချို' ကို တကယ်တမ်းတန်ဖိုးထားတဲ့သူဆိုရင် အလုပ်ကိစ္စ ဘယ်လောက်အရေးကြီးကြီးချိန်းထားတဲ့အချိန်ရောက်အောင် လာခဲ့သင့်တာပေါ့။

ခုတော့ 'ထားချို' ကို အရေးမထားသလို သူ မေ့ထားခဲ့ပုံရပါသည်။

"မင်း ဆက်စောင့်ဦးမှာလား"

ကျွန်မနေရာကထရင်း 'ထားချို' ကို စိတ်တိုသလို မေးလိုက်မိပါသည်။

ကျွန်မသာဆို ဆက်မစောင့်နိုင်တော့ပါ။

ယောကျ်ားလေးနဲ့ မိန်းကလေး စောင့်ခြင်းစောင့်လျှင် ယောကျ်ားလေးကစောင့်ရတာ သဘာဝကျသည်။ လူမြင်လို့လည်းကောင်းသည်။

ခုတောင် ကျွန်မပါပါလာလို့၊ ကျွန်မသာ မပါလာလျှင် 'ထားချို' တစ်ယောက်တည်း ဘယ်လောက်များ စိတ်အားငယ်နေရှာမလဲ။

'ထားချို' မျက်နှာကိုကြည့်လိုက်တော့လည်း မျက်နှာငယ်နှင့်မို့ ကျွန်မ ပြန်အထိုင် 'ထားချို' ဆီမှ တိုးလျှိုးတောင်းပန်သံလေးက ထွက်လာခဲ့ပါသည်။

"နောက်ထပ် ဆယ့်ငါးမိနစ်လောက်တော့ စောင့်ပေးပါ 'ဝင်းနီ' ရယ်… အဲဒီအချိန်အတောအတွင်းမှာမှ သူ ရောက်မလာရင် 'ထား' တို့ ပြန်ကြတာပေါ့နော်"

သနားစရာ 'ထားချို' မျက်နှာကိုကြည့်ကာ ကျွန်မဘာယ်လိုမှ မငြင်းနိုင်တော့ပါ။

'ထားချို' ဒီလောက်တောင်မှပဲ 'အိုင်းယွန်း' ဆိုတဲ့လူကို ချစ်ရသတဲ့လား။

ချစ်တဲ့သူနဲ့ အချစ်ခံရသူနှစ်ဦးတွင် ကျွန်မ အချစ်ခံရသူပဲဖြစ်ချင်ပါသည်။ ချစ်ရတဲ့သူမဖြစ်ကြပါ။ 'ထားချို' ကိုကြည့်ကာ ကျွန်မ ရင်မောရပါသည်။

ထိုနေ့က နောက်ထပ်နာရီဝက်ကြာအောင် စောင့်နေကြသေးပေမယ့် 'အိုင်းယွန်း' ရောက်မလာ၍ ကျွန်မတို့ပြန်ခဲ့





ကြပါသည်။

အိမ်ပြန်လာရာလမ်းတလျှောက်တွင် 'ထားချို' ကော ကျွန်မပါ နှုတ်ဆိတ်နေမိကြပါသည်။

## ၂၀

နောက်ဆုံးနှစ်စာမေးပွဲ ဖြေပြီးချိန်တွင် 'ထားချို' မျက်စေ့ပျက်မျက်နှာပျက်ဖြင့် ကျွန်မအိမ်ကို ရောက်လာခဲ့ပါသည်။

" 'ဝင်းနီ' အားလားဟင်"

'ထားချို' ဆီက သည်စကားကြားရတည်းက ကျွန်မ အပြင်ကိုလိုက်ရတော့မည်ဆိုတာ ကြိုသိထား၍ ကျွန်မခေါင်းညိတ်ရင်း အိမ်နေရင်းလက်ပြတ်အကျႌလေးပေါ်က ရှပ်အကျႌ တစ်ထည်ကောက်ထပ်လိုက်ပါသည်။



ဘောင်းဘီကတော့အိမ်နေရင်း ဝတ်ထားတဲ့ သရီးကွာတားမိုးပြာရောင်လေးက သစ်လွင်နေဆဲပါ။

ဘွတ်ရှူးအမည်းရောင်လေးကိုစီးကာ ကြိုးချည်နေဆဲ 'ကိုလေး' အနားကို ရောက်လာကာ တီးတိုးလာမေးပါသည်။

"ငါကော လိုက်ဖို့လိုသေးလား"

" 'ထားချို' ကလေးရလာရင် ကိုလေးကိုကွန်ပြူတာသင်ခိုင်းဖို့ လိုချင်လို့မှာပေါ့... အဲ့ဒီအခါကျရင် ကိုလေး လိုက်ဖို့ပြင်ထား"

ကျွန်မ တမင်ပင် ကိုလေး ရှေ့က ဆတ်ဖော့လတ်ကော့ဖြင့်ထွက်အလာ ကိုလေး ကျွန်မကို ဆဲကာကျန်ရစ်ခဲ့မယ်ဆိုတာ သိနေပါသည်။

ကျွန်မ 'ထားချို' ရဲ့ကားပေါ်ပြုံးကာအတက်...

"ဘာဖြစ်လာတာလဲ"

'ထားချို' က ကားစက်နှိုးရင်းမှ လှမ်းမေးသည်။

"အလကားပါ... ကိုလေး အုန်းစားနေလို့... ကဲပြောပါဦး 'ထားချို' ကကော ဘာဖြစ်လို့လဲ"

" 'ကိုဖရက်ဒီ' တို့သဘက်ခါရောက်မယ်... 'ထား' တို့ကို တစ်ခါတည်းလက်ထပ်ပေးပြီး 'ထား' လိုက်သွားရမယ်

လို့ မာမီကပြောနေတယ်… 'ထား' ဘယ်လိုလုပ်ရမလဲ 'ဝင်းနီ' ရယ်"

'ထားချို' ရဲ့မျက်ဝန်းမှ မျက်ရည်များစီးကျလာခဲ့ပါသည်။

အခြားကားပေါ်က ကားမောင်းသူတွေက 'ထားချို' ကို လှမ်းကြည့်လာကြတာမို့…

"ကိုယ်တို့တစ်နေရာရာမှာ အေးအေးဆေးဆေး စကားသွားပြောကြရင် မကောင်းဘူးလား"

'ထားချို' ခေါင်းညိတ်ကာ ကားကိုကန်တော်ကြီးထဲကို မောင်းဝင်လာခဲ့ပါသည်။

ကန်ရေကိုဖြတ်တိုက်လာတဲ့လေက အေးမြလှပေမယ့် 'ထားချို' ရဲ့ရင်ထဲမှာ မအေးမြနိုင်ပါ။

'ထား' တကယ်ပဲ 'အိုင်းယွန်း' ကို ခွဲရတော့မှာလား။

"ဒီအကြောင်း မင်းလူကိုပြောပြပြီးပြီလား"

"သူလည်း ကြားမှာပါ"

မနေ့က 'အန်တီမေသက်' အိမ်ကိုလာ၍ မာမီပြောပြနေတာ 'ထား' ကြားလိုက်ရပါသည်။

နဂိုတည်းကမှ 'အိုင်းယွန်း' နဲ့ သဘောမတူတဲ့ 'အန်တီ





မေသက်' ရဲ့ ဝမ်းသာအားရအသံကိုလည်း ကြားလိုက်ရပါသည်။

"အံမယ်လေး 'ထားလေး' အတွက် ဝမ်းသာလိုက်တာ ဖိတ်ခြင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်စေချင်ပေမယ့် မတန်မရာနဲ့တော့မဖြစ်စေချင်ပါဘူး"

'အိုင်းယွန်း' ကိုစောင်းပြောနေတာဆိုတာလည်း သိပါသည်။

'တာရာ' ကိုကော 'အန်တီမေသက်' ရဲ့မောင် 'ကိုဝေခက်' ကိုပါ 'ထား' စိတ်မဝင်စားမှန်းသိ၍ မစားရတဲ့အမဲ သဲနဲ့ပက်တယ်ဆိုတာကိုလည်း 'ထား' သိနေသည်။

"'ဖရက်ဒီ' တို့မိသားစုနဲ့ 'ထားလေး' နဲ့ကလည်း ဟိုးငယ်ငယ်လေးတည်းက ရင်းနှီးခဲ့ကြတာဆိုတော့ မမတို့အနေနဲ့က မငြင်းချင်ဘူးလေ"

"ခု ကောင်လေးက ဘာလုပ်တာလဲ"

"စပိဘုတ်ကုမ္ပဏီမှာ အမှုဆောင်အရာရှိချုပ်ဖြစ်နေပြီဆိုတော့ သူတို့သားလေးကိုလည်း သူ့အိုးသူ့အိမ်နဲ့နေစေချင်ပြီနဲ့တူပါတယ်"

"'ထားလေး' ကံကောင်းပါတယ်… ဒီထက်ကံကောင်း

အောင်မြန်မြန်သာနေရာချပေးလိုက်ပါ မမရယ်”

စကားတွေတာဝပြောပြီး သွက်လက်စွာပြန်သွားသော 'အန်တီမေသက်' ရဲ့ပုံစံက ကြည်နူးပြုံးပျော်နေတာ မဖုံးနိုင်မဖိနိုင်အောင်ပါ။

သူ့သားနဲ့သူ့မောင် 'ထား' ကိုမရတာထက် 'အိုင်းယွန်း' မရတာကိုပိုကျေနပ်နေသလိုမို့ 'ထား' 'အိုင်းယွန်း' ကိုပိုလို့လည်း သနားနေမိပါသည်။

ဖြစ်နိုင်လျှင် 'အိုင်းယွန်း' ဆီ ပြေးသွားကာ နှစ်သိမ့်ချင်ပေမယ့်လည်း မာမီက အပြင်ကိုပေးမထွက်တော့ပါ။

ခုတော့ မာမီတို့စီစဉ်တဲ့အတိုင်း လိုက်နာပါမည်ဟု ကတိပေးခဲ့တာကြောင့် 'ဝင်းနီ' ဆီကိုထွက်လာခွင့်ရခြင်းပါ။

“'ထား' သူ့ကိုတွေ့ချင်တယ်”

“တွေ့ပြီးတော့ကော ဘာလုပ်မှာလဲ”

“သူ့သဘောထားကိုမေးချင်တယ်”

“သူ့ဘက်က မီးစိမ်းပြရင် 'ထား' ဘဝကို သူနဲ့ပဲမြှုပ်နှံတော့မယ့်သဘောလား”

“ကိုယ် 'အိုင်းယွန်း' ကို ချစ်တယ်… ကိုယ့်ဘဝမှာကိုယ့်အချစ်ရဆုံး သူစိမ်းယောကျ်ားက 'အိုင်းယွန်း' ပဲ… 'အိုင်းယွန်း'





ရဲ့ရင်ခွင်ကလွဲရင် ကိုယ် ဘယ်သူ့ရဲ့ရင်ခွင်ကိုမှ မဝင်နိုင်ဘူး”

“သူ့ရဲ့ရင်ခွင်က မင်းဘဝကြီးတစ်ခုလုံးကို ထာဝရနွေးထွေးလုံခြုံစေနိုင်မှာမို့လို့လား”

“ကိုယ့်အတွက်တော့ မသိဘူး… သူ့အတွက်တော့ နွေးထွေးလုံခြုံတဲ့ ရင်ခွင်လေးရစေမှာပါ”

ကျွန်မ 'ထားချို' ကိုကြည့်ကာ သက်ပြင်းချယုံကလွဲ၍ ဘာမှမပြောလိုတော့ပါ။

'ထားချို' က သူမဘဝအတွက်ထက် 'အိုင်းယွန်း' ရဲ့ဘဝလုံခြုံငြိမ်းချမ်းမှုကိုလည်း ဦးစားပေးကာ ရွေးချယ်ချင်သူတစ်ယောက်ဖြစ်နေရလေသည်။

“ဒါဆို မင်းဘာလုပ်မလဲ”

“သူ့ကိုသွားတွေ့မယ်… ကိုယ်တို့နှစ်ယောက် လက်ထပ်ဖို့အစီအစဉ်ဆွဲမယ်… ကိုယ်တို့ဆုံဆည်းဖို့ ကြားထဲမှာတစ်ရက်ပဲကျန်တော့တယ်”

“အခု သူ ဘယ်မှာရှိတယ်ဆိုတာ 'ထားချို' သိလား”

“သိတယ် ကားပွဲစားတန်းမှာ သူရှိတယ်”

“ဒါဆိုသွားလေ… ကိုယ်လိုက်ခဲ့ပေးမယ်”

ဝက်ဖြစ်မှတော့ မစင်ကြောက်နေ၍ မဖြစ်တော့ပါ။

'ထားချို' ရဲ့သူငယ်ချင်းဖြစ်နေမှတော့ 'ထားချို' စိတ်ချမ်းသာအောင် ကျွန်မကူညီပေးဖို့ ဆုံးဖြတ်ကာ ကားပွဲစားတန်းကို ပါလာခဲ့ရပါတော့သည်။

'အိုင်းယွန်း' အမြဲလိုလိုရှိနေတတ်တဲ့ ကားပွဲစားတန်းကိုအရောက် 'အိုင်းယွန်း' ကိုမနည်းလိုက်ရှာရပါသည်။

ယောကျ်ားလေးတွေပဲ အများဆုံးလှုပ်ရှားတဲ့နေရာမှာ မိန်းကလေးနှစ်ယောက်တည်း 'အိုင်းယွန်း' ကိုရှာရတာဆိုတော့ ဘယ်လောက်များ ဒုက္ခရောက်လိုက်ရှာမလဲ။

'ထားချို'အနေခက်လေ 'ဝင်းနီ' 'အိုင်းယွန်း' ဆိုတဲ့ကောင်ကို သတ်ပစ်ချင်လေပြီ။

တကယ်ဆို ဒီကိစ္စက 'ထားချို' ပူရမှာလား၊ ဒင်းပူရမှာလား။

ခုတော့ မိန်းကလေးဖြစ်တဲ့ 'ထားချို' က အစစအရာရာလိုက်ပူပင်နေရသည်။

စိတ်ထဲတွင် မခံချင်စိတ်တွေများပြားလာတော့ ကျွန်မဒေါသက 'ထားချို' အပေါ်ကိုသာ ရောက်ရှိ၍သွားပါတော့၏။

"မင်းကွာ ကြိုက်စရာရှားလို့... မင်းနဲ့ဒီနေရာနဲ့ဘာဆိုင်လို့လဲ"





'ထားချို' က ဘာတစ်လုံးမှ ပြန်မပြောရှာပါ။

ကျွန်မမှာသာ ဒေါသတွေအရမ်းထွက်ရင်း မျက်လုံးကဆံပင်အရှည်နဲ့လူတွေကို လိုက်အရှာ လက်ဘက်ရည်ဆိုင်တစ်ဆိုင်၏ ထောင့်ကျကျနေရာတွင် ထိုင်နေသော 'အိုင်းယွန်း' ကို တွေ့လိုက်ရပါသည်။

ရုတ်တရက်ဆိုတော့ ကျွန်မရဲ့ဒေါသကို မထိန်းလိုက်နိုင်ပါ။ ဆိုင်ထဲကိုခပ်သွက်သွက်ဝင်လာရင်း 'အိုင်းယွန်း' ကိုရန်ထောင်လိုက်မိပါသည်။

"ရှင်ဘယ်လိုလုပ်တာလဲ"

"ကျုပ်က ဘာလုပ်လို့လဲ"

'အိုင်းယွန်း' ရဲ့ပုံစံက ခပ်အေးအေးဆေးဆေးပါ။

'ထားချို' မှာ မျက်ရည်နဲ့မျက်ခွက်ဖြစ်နေသလောက် ဒင်းပုံစံက ခံစားချက်မရှိတဲ့ပုံစံ။

ဘာလဲ နာမည်နဲ့လိုက်အောင် ဒင်းအသည်းက သတ္တုအသည်းဖြစ်နေပြီလား။

" 'ဝင်း နီ' "

'ထား' ရဲ့တိုးတိတ်တဲ့အသံနဲ့အတူ ကျွန်မရဲ့လက်ကိုခပ်ကြပ်ကြပ်လေးဆုပ်ကိုင်လိုက်တဲ့ အထိအတွေ့ကြောင့်

လည်း ကျွန်မဒေါ်သကို အချိန်မီ ပြန်ဘရိတ်အုပ်လိုက်မိပါသည်။

ယခုကိစ္စက ကျွန်မရဲ့ကိစ္စမဟုတ်ပါ။ 'ထား' တစ်ဘဝလုံးရဲ့ကိစ္စမို့လည်း 'ထား' စိတ်ချမ်းသာအောင် ကျွန်မ ကားရပ်ထားရာနေရာကို ရှောင်ထွက်အလာ 'ထား' 'အိုင်းယွန်း' နဲ့ စကားပြောနေတာကိုတွေ့လိုက်ရပါသည်။

ဘယ်လိုပဲဖြစ်ဖြစ် 'ထားချို' စိတ်ချမ်းသာလျှင် ကျွန်မကူညီဆောင်ရွက်ပေးရကျိုးနပ်ပါပြီ။

နာရီဝက်ခန့်အကြာမှာတော့ 'ထားချို' ပြန်ရောက်လာခဲ့ပါသည်။

ပြုံးပျော်နေတဲ့ 'ထား' ရဲ့မျက်နှာက အလိုကျနေသောကလေးတစ်ယောက်ရဲ့ မျက်နှာမျိုးပါ။

"မနက်ဖြန် 'ထား' နဲ့သူ မဟာဝိဇယမှာ ချိန်းထားတယ်"

" 'ထား' သွားမှာလား"

" 'အိုင်းယွန်း' နဲ့သာအတူနေရမယ်ဆိုရင် 'ထား' အရာအားလုံးကိုစွန့်လွှတ်ရပါတယ်...ဘယ်လိုဘဝမျိုးပဲရောက်ရောက်ပေါ့"

'ထား' ရဲ့ ဆုံးဖြတ်ချက်က ခိုင်မာပြတ်သားလှပါသည်။





"မနက်ဖြန် 'ဝင်းနီ' ကူညီပါဦးနော်"

"ကိုယ်ဘယ်လို ကူညီရမှာလဲ"

" 'ထား' နဲ့လိုက်ခဲ့ပေးပါ... 'ထား' ညတုန်းကအဝတ်အစားအိတ်ကို ကားထဲမှာထည့်ထားလိုက်မယ်"

"ပြီးတော့ကော"

" 'အိုင်းယွန်း' ရှိတဲ့ မဟာဝိဇယကိုသွားမယ်... မသွားခင်တုန်းက အိမ်မှာစာရေးခဲ့လိုက်မယ်"

"ဖြစ်ပါ့မလား 'ထားချို' ရယ်"

"ဘာလို့မဖြစ်ရမှာလဲ 'ထား' အရွယ်ကကလေးမှမဟုတ်တော့တာဘဲ"

ဆုံးဖြတ်ချက်ချပြီးပြီဆိုတော့လည်း ရဲရင့်မှုနဲ့အတူ တက်ကြွမှုတွေကပါကြီးစိုးကာ 'ထားချို' ရဲ့ အသွင်က ပိုမိုသွက်လက်ဖျတ်လတ်နေပါသည်။

" 'ထား' နဲ့ 'အိုင်းယွန်း' တို့လက်ထပ်ပြီးရင် 'အိုင်းယွန်း' ဘဝ ဒီလိုမသိမ်ငယ်စေရဘူး... 'ထား' ရဲ့အချစ်နဲ့ 'အိုင်းယွန်း' ရဲ့ဘဝလေး နွေးထွေးလုံခြုံစေရမယ်... 'ဝင်းနီ' ယုံကြည်လားဟင်"

'ထား' 'အိုင်းယွန်း' အပေါ်မှာ ထားတဲ့အချစ်ကို ကျွန်မ

အကြွင်းမဲ့ယုံကြည်ပါသည်။

ဘယ်လိုပဲဖြစ်ဖြစ် မနက်ဖြန်သည် ကျွန်မသူငယ်ချင်း 'ထားချို' ရဲ့ ဘ၀ခရီးအစမို့ ကျွန်မ တတ်စွမ်းသလောက်ကူညီဖို့ဆုံးဖြတ်ကာ အိမ်ကိုပြန်လာခဲ့လိုက်ပါသည်။



## ၂၁

နောက်တစ်နေ့မှာတော့ ကျွန်မက စောစီးစွာပဲ အိပ်ယာကနိုးနေပါသည်။

ကာယကံရှင်ဖြစ်တဲ့ 'ထားချို' ရဲ့ ရင်မှာ ဘယ်လိုခံစားရမယ်ဆိုတာမသိပါ။ ကျွန်မရဲ့ရင်ထဲမှာတော့ ထိုင်လို့မရထလို့မရဖြင့် အရမ်းလှုပ်ရှားနေတာကြောင့် ကျွန်မကိုကြည့်နေတဲ့ 'ကိုလေး' ကလှမ်းဆူပါသည်။

" 'ဝင်းနီ' နင်ဘာဖြစ်နေတာလဲ"

"ဘာဖြစ်လို့လဲ"

ကျွန်မ ကိုလေး ကိုပြန်အော်လိုက်မိပါသည်။

"ထိုင်ရင်လည်းထိုင် ထရင်လည်းထပေါ့... ခုတော့ နင့်ဥစ္စာက ထိုင်လိုက်ထလိုက်နဲ့ ကလေးကျနေတာပဲ... ဘယ်သူလာမှာမို့လို့လဲ"

" 'ထားချို' ကိုစောင့်နေတာပါ"

"ကြည့်ရတာနင်တို့ မဟုတ်တာ တစ်ခုခုလုပ်တော့မယ်နဲ့တူတယ်... ဟုတ်လား"

" ကိုလေး ကလည်း"

ကျွန်မ မလုံသလို ကိုလေး ကိုမျက်စောင်းလှမ်းထိုးလိုက်ပါသည်။

ကျွန်မကိုယ်ကျွန်မလည်း ဘာလို့ဒီလောက်ကြီးတောင်မှုပျက်နေရသလဲ စဉ်းစားနေမိပါသည်။

ကိုးနာရီလောက်တွင် 'ထားချို' ရဲ့ကားလေး အိမ်ရှေ့ကိုအဆိုက် ကျွန်မအိမ်ပေါ်က ပြေးဆင်းလာခဲ့ပါသည်။

"အဆင်ပြေပါတယ် မာမီတို့လုံးဝ မရိပ်မိကြဘူး" နှစ်ယောက်သားကားပေါ်တွင်ပါအလာ ကျွန်မ 'ထားချို' ရဲ့လက်ကို လှမ်းဆုပ်ကိုင်လိုက်မိပါသည်။

ချွေးစေးများဖြင့် စေးကပ်နေသော 'ထားချို' ရဲ့လက်





တွေက ကျွန်မရဲ့လက်လိုပဲ အေးစက်နေပါသည်။

"မင်းတို့ဘယ်သွားကြဖို့ ဆုံးဖြတ်ထားလဲ... ဒီရန်ကုန်မှာပဲနေလို့တော့ ဖြစ်မှာမဟုတ်ဘူးနော်"

" 'ထား' မသိဘူး... 'အိုင်းယွန်း' သူ့ဖါသာသူ စီစဉ်လိမ့်မယ်... ခုလောက်စွန့်စားရတာတောင် 'ထား' ရင်ခုန်လှပြီ"

"မင်းရင်ခုန်တာက ချစ်သူနဲ့တွေ့ရင် ဆွေးထွေးသွားမှာပါ ကိုယ်ကတော့ မင်းအိမ်ကလိုက်လာရင် ဘယ်လိုဖြေရမယ်ဆိုတာမသိဘူး"

" 'ထား' စာရေးထားခဲ့တာပဲ... မာမီတို့လိုက်လာမယ်မထင်ပါဘူး"

မဟာဝိဇယစေတီမုဒ်ဦးပေါက်မှဝင်လာကာ ဘုရားထဲတွင် 'အိုင်းယွန်း' ကိုနှစ်ယောက်သား ထိုင်စောင့်နေမိကြပါသည်။

ဒီလောက်အရေးကြီးနေတဲ့အချိန်မှာတောင် 'အိုင်းယွန်း' ဆိုတဲ့လူကို ပြန်စောင့်နေရတာဆိုတော့ ကျွန်မစိတ်ထဲမကြည်လင်တော့ပါ။

"မင်း မနေ့က သေသေချာချာမှာထားရဲ့လား"

"မှာထားပါတယ်"

"မှာထားရင် သူ အရင်ကြိုစောင့်နေရမှာပေါ့… မင်းက ကြီးပဲ စောင့်နေရတဲ့အဖြစ်ပါလား… မင်းဥစ္စာ ဟုတ်မှဟုတ် သေးရဲ့လား 'ထားချို' ရယ်"

ကျွန်မ 'ထားချို' ဘက်မှမခံချင်စိတ်ဖြင့် ပြောရင်း သကြ်န်မိုးရုပ်ရှင်ထဲက 'ခင်သန်းနု' ကို ပြန်မြင်ယောင်လာမိပါ သည်။

ခု 'ထားချို' လည်း 'ခင်သန်းနု' လို့ဖြစ်ရဦးမှာလား။

နောက်ရုပ်ရှင်ကားတစ်ကား ရှိပါသေးသည်။

ပြဿဒါးဘုရားမှာစောင့်နေတဲ့ 'ထွန်းအိန္ဒြဗို'။

ကျွန်မ ထိုင်ပင်မထိုင်နိုင်တော့ပါ။

ခိုးရာလိုက်တဲ့ကိစ္စကိုသာ ယောကျ်ားလေးဘက်က ဦး ဆောင်ရမှာမဟုတ်ဘူးလား။

ခု ဘယ်ကိစ္စကိုပဲ ကြည့်လိုက်ကြည့်လိုက် 'အိုင်းယွန်း' ဦးဆောင်တာ ဘာတစ်ခုမှကိုမရှိပါ။

ကျွန်မ 'ထားချို' အတွက် သည်းခံနိုင်မှုအတိုင်းအတာ ဟာ ကုန်လွန်ခဲ့ပြီထင်ပါသည်။

"မင်း 'အိုင်းယွန်း' ကို ဘယ်နှစ်နာရီချိန်းထားတာလဲ"

"ဆယ်နာရီ"





"ဆယ့်နှစ်နာရီအထိ ကိုယ်စောင့်ပေးမယ်… အဲ့ဒီနာရီ ထက်ကျော်ရင်တော့ မင်း ဆက်မစောင့်နဲ့တော့…သူရောက်လာ မှာမဟုတ်တော့ဘူး"

'ထားချို' ၏ မျက်ဝန်းအိမ်တွင် မျက်ရည်များရစ်ဝဲလာ ပါသည်။

"'ထား' ပြန်သွားလို့ သူ ရောက်လာခဲ့ရင်ကော"

"ရောက်လာခဲ့ရင်လည်း သူ့ကံပဲပေါ့… တကယ်ဆို မိန်းကလေးတစ်ယောက်ကသူ့ဘဝကြီးတစ်ခုလုံးကိုတောင်စွန့် ပြီးလိုက်လာမှတော့ သူ ကြိုစောင့်မနေသင့်ဘူးလား"

နာရီလက်တံတွေ တရွေ့ရွေ့ရွေ့တိုးသွားသလို မျက် ဝန်းမှမျက်ရည်တွေလည်း ပြိုဆင်းကျလာခဲ့ပါသည်။

"သူ 'ထား' ကို မချစ်ဘူး"

"ခုလို စောစောစီးစီးသိရတာ ပိုလို့တောင်ကောင်းပါ သေးတယ် 'ထားချို' ရယ်… ကိုယ်လည်းမင်းကို အဲ့ဒီလိုကောင် မျိုးနဲ့မဆုံဆည်းစေချင်ပါဘူး… 'ထား' ကိုယ်မင်းကိုအိမ်ပြန်ပြီး ပို့ပေးမယ်… ဒီလောက်အချိန်လေးနဲ့တော့ မင်း အိမ်ကမရိပ်မိ လောက်ပါဘူး"

ကျွန်မ 'ထားချို' နဲ့အတူ 'ထားချို' တို့အိမ်ကိုအရောက်

အားလုံးက ပြာပြာသလဲဆီးကြိုကြပါသည်။

အားလုံးရဲ့မျက်နှာက 'ထားချို' ရဲ့အဖြစ်ကို ရိပ်မိပုံမရပါ။

ဟန်မဆောင်နိုင်တဲ့ 'ထားချို' မှာသာ အိပ်ခန်းထဲကို တန်းဝင်သွားတာကြောင့် ကျွန်မ အားလုံးကိုနှုတ်ဆက်ကာပြန်လာခဲ့လိုက်ပါသည်။

နောက်တစ်ရက်တွင် 'ထားချို' သူ့အိမ်ကပေးစားတဲ့ 'ကိုဖရက်ဒီ' နဲ့လက်ထပ်လိုက်တဲ့သတင်း ကျွန်မ ပြန်ကြားရပါသည်။

ဘာပဲဖြစ်ဖြစ် ကျွန်မချစ်သော 'ထားချို' အတွက်ဝမ်းသာကြည်နူးရပါသည်။

မီးလိုပူတဲ့ 'အိုင်းယွန်း' ဆိုတဲ့လူရဲ့လက်က လွတ်သွားခဲ့တာပေါ့။

လက်ထပ်ပြီး သုံးလအကြာတွင် 'ထားချို' သူ့ခင်ပွန်းနဲ့အတူ ကနေဒါကိုလိုက်သွားခဲ့ပါသည်။

လေဆိပ်ကိုလိုက်ပို့ပေးတဲ့ ကျွန်မကို 'ထားချို' က မျက်ရည်ဝဲရင်း နှုတ်ဆက်ခဲ့ပါသည်။

"မင်းစကားကိုနားထောင်ပြီး 'ကိုဖရက်ဒီ' ကိုလက်





ထပ်ခဲ့ပေမယ့် 'ထား' ဘဝရဲ့အချစ်ဦးဟာ 'အိုင်းယွန်း' ပါ… 'ထား' ဘယ်ဘဝကိုပဲရောက်ရောက် သူ့ကိုအမြဲတမ်းသတိရနေမှာပါ"

" 'ထားချို' သူနဲ့ထပ်တွေ့သေးလား"

" 'ကိုဖရက်ဒီ' ကိုလက်ထပ်ပြီးတည်းက သူတို့တိုက်ရှိတဲ့ ရွှေတောင်ကြားလမ်းမှာလိုက်နေလို့ မတွေ့ရတော့ဘူး"

"မတန်တဲ့လူဆိုတော့ ဘယ်တွေ့ရဲပါ့မလဲ… သူ့အပြစ်ရှိလို့ သူ့ဖါသာရှောင်နေတာပဲ ဖြစ်မှာပါ… ရှေ့လျှောက် 'ထားချို' ဘဝသာသာယာဖြောင့်ဖြူးတော့မှာပါ"

"ဒါလင် ကိုယ်တို့ဝင်ကြရအောင်"

ကျွန်မနဲ့ 'ထား' နဲ့ စကားပြောနေကြဆဲ 'ကိုဖရက်ဒီ' ရောက်လာကာ 'ထားချို' ကိုလာခေါ်သွားပါသည်။

အသားဖြူဖြူ အရပ်မြင့်မြင့်၊ ချောမောခန့်ညားသော 'ကိုဖရက်ဒီ' နှင့် 'ထားချို' တို့နှစ်ယောက်က နေနဲ့လရွှေနဲ့မြလို တင့်တယ်လိုက်ဖက်လွန်းလှပါသည်။

ကျွန်မမြင်ချင်သော 'ထားချို' ရဲ့ဘဝကလည်း ထိုကဲ့သို့သော ဘဝမျိုးပါ။

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မ သဘောမတူသော 'အိုင်း

ယွန်း’ လိုကောင်မျိုးနဲ့ ကွဲသွားတဲ့အတွက် ကျွန်မရင်ထဲက ကြိတ်ပြီးတော့တောင် ဝမ်းသာနေမိပါသေးသည်။

အိမ်ကိုပြန်အရောက် မျက်စေ့သွားပြဖို့ တိုကင်ယူထားတာကို သတိရမိသည်။

“အတော်ပဲ ဖေဖေလည်း မျက်မှန်လဲချင်လို့ လိုက်ခဲ့မယ်”

ဖေဖေလိုက်မယ်ဆိုတော့ ကျွန်မကို ကိုလေး လိုက်ပို့ပေးစရာမလိုတော့ပါ။

စက်ရုံလမ်းနှင့် ယုဇနပလာဇာအနီးရှိ နှင်းဆီလမ်းထိပ်တွင် မေတ္တာဦးဆေးခန်းရှိသည်။

ကျွန်မ ပြနေကြမျက်စေ့ကုသမားတော်ကြီး ‘ဒေါက်တာဦးမြအောင်’ က အင်္ဂါနှင့် သောကြာနေ့တွင်ထိုင်တာမို့ ‘ဦးမြအောင်’ ကိုလာပြသော လူနာတွေနှင့် ဆေးခန်းတစ်ခုလုံး ပြည့်ကြပ်နေပါသည်။

ကျွန်မက ကိုယ့်အလှည့်မရောက်သေး၍ စောင့်နေစဉ် ဖေဖေက မျက်မှန်ကောင်တာတွင် မျက်မှန်ကိုင်းတွေ သွားရွေးနေသည်။

ကျွန်မအလှည့်ရောက်လို့ စမ်းသပ်ခန်းအတွင်းဝင်ပြီး





ပြန်အထွက်အလာ ကျွန်မမျက်မှန်ကောင်တာရှိရာကို လျှောက်လာခဲ့လိုက်ပါသည်။

မှန်မျက်ကောင်တာတွင်ရပ်ကာ မျက်မှန်ကိုင်းများကို ကြည့်ရင်း ‘အိုင်းယွန်း’ ဆိုတဲ့လူကို သတိရမိပါသည်။

ကျွန်မမျက်မှန်အထူကြီးကိုကြည့်ကာ ကျွန်မကို လထူ ဟုခေါ်ခဲ့တာကိုလည်း မှတ်မိနေပါသေးသည်။

ဒီတစ်ခါတွေ့လို့ကတော့ ကျွန်မကို လထူ ဟုခေါ်လို့မရအောင် မျက်ကပ်မှန်ပြောင်းတပ်ဖို့ စဉ်းစားကာ မျက်ကပ်မှန်များကိုငုံ့ကြည့်နေဆဲ…

**“သမီး ‘ဝင်းနီ’ …”**

ခုနက ဘယ်ရောက်နေမှန်းမသိသော ဖေဖေက လူတစ်ယောက်ကိုလက်ဆွဲကာ ကျွန်မရှိရာဆီ လျှောက်လာတာကိုတွေ့လိုက်ရပါသည်။

ဖေဖေ့အနားကလူက ဖေဖေတို့လို အသက်ကြီးကြီး လူတစ်ယောက်ဖြစ်ကာ မြင်ဖူးသလိုရှိတာမို့ ကျွန်မငေးကြည့်နေဆဲ ဖေဖေ့ရဲ့ဝမ်းသာအားရ အသံကြီးထွက်လာခဲ့ပါသည်။

“သမီး မှတ်မိလား… ဒါ ‘ကိုထွဋ်ခေါင်’ လေ… ဖေဖေတို့ မော်လမြိုင်ကိုပြောင်းရတုန်းက ဖေဖေတို့နဲ့ ခြံချင်းကပ်

လျက်နေခဲ့တာ… ဒါ ကျွန်တော့်သမီးအငယ်ဆုံး 'ခင်ဝင်းနီ' ဒေါက်တာ 'ခင်ဝင်းနီ' ဖြစ်နေပြီ"

"မော်လမြိုင်ကိုပြောင်းလာတုန်းက ချာတိတ်မလေးပဲ ရှိသေးတယ်လေ"

ကျွန်မ ဝမ်းသာအားရခေါင်းညိတ်ကာ 'ဘောလုံး' ကို အမှတ်ရမိပါသေးသည်။

ဒီ 'ဦးထွဋ်ခေါင်' ဆိုတာ 'ဘောလုံး' ရဲ့အဖေ။

'ဘောလုံး' ကော 'ဘောလုံး'။ 'ဘောလုံး' ဘယ်ကို ရောက်နေသနည်း။

'ဘောလုံး' ကိုတွေ့ချင်လွန်း၍ စောင့်ခဲ့ရတဲ့နှစ်တွေက လည်းမနည်းတော့ပါ။

ခုတော့ ကျွန်မရဲ့ဆန္ဒပြည့်ဝပါတော့မည်။ ကျွန်မ မအောင့်အီးနိုင်တော့သလို အန်ကယ့်ကိုမေးလိုက်မိပါသည်။

"ဟို 'ဘောလုံး' ကော အန်ကယ်"

"သားလား… အန်ကယ့်သား 'မင်းထွဋ်ခေါင်' လား"

ကျွန်မ 'ဘောလုံး' ရဲ့ နာမည်ကိုပင် သိခဲ့သူမဟုတ်ပါ။

"သူ ဘယ်ဆေးရုံမှာလဲဟင်"

"ဆေးရုံမှာဖဟုတ်တော့ဘူး… အိမ်မှာပြန်ရောက်နေ





ပြီ… အခုသူ့ကိုလာပြတာ"

"ရှင်"

ကျွန်မ နားမလည်ပါ။ ကျွန်မနဲ့သိတဲ့ 'ဘောလုံး' က ဆရာဝန်ဖြစ်ဖို့ ကြိုးစားခဲ့သူ။ ကျွန်မကိုလည်း သူ့လိုဆရာဝန် ဖြစ်အောင် ကြိုးစားခဲ့စေသူ။

"သူ ဆရာဝန် မဖြစ်ဘူးလား"

ကျွန်မအမေးကြောင့် အန်ကယ်က အူလိုက်သည်း လိုက်ရယ်ကာ ကျွန်မကို ရင်းနှီးစွာလှမ်းပြောပါသည်။

"အံမယ်လေး…ဆရာဝန်ဖြစ်ဖို့ နေနေသာသာဆယ် တန်းတောင် မအောင်ခဲ့ဘူး"

"ခု သူ ဘယ်မှာလဲဟင်"

"အခန်းထဲမှာ ပြနေတယ်"

ကျွန်မ အလောတကြီးပင် အခန်းတွင်းကိုဝင်အလာ ဘေးနားက နာစ်မတစ်ယောက်တွဲကာ အခန်းပြင်ကိုထွက်လာ သော 'အိုင်းယွန်း' နဲ့ ရင်ဆိုင်လိုက်ရပါသည်။

ရှည်လျားသောဆံပင်အစား၊ တိုတိုတိတိလေးဖြင့် 'အိုင်းယွန်း' က ကျွန်မရင်ထဲက တွယ်တာခဲ့ရသော 'ဘောလုံး' တဲ့လား။

မယုံကြည်နိုင်သောမျက်ဝန်းမျိုးဖြင့် 'အိုင်းယွန်း' မျက်နှာကိုငေးကြည့်နေဆဲ အန်ကယ်ရဲ့လှုပ်ရှားသော စကားသံက နားထဲကိုတိုးဝင်လာပါသည်။

"သူ့အမေဆုံးသွားတည်းက သူ့ဘဝလည်း ပျက်စီးသွားလိုက်တာ ခု အခြေအနေကိုရောက်ရတော့တာပါပဲ"

"သူ့မျက်စေ့က ဘာဖြစ်တာလဲ"

"ကားတိုက်မိတာ"

"ဘယ်လောက်ကြာပြီလဲ ဟင်"

ဖေဖေက နာစ့်မအကူအညီဖြင့် ထိုင်ခုံလွတ်တစ်ခုံတွင် စမ်းတဝါးဝါးထိုင်နေသော 'အိုင်းယွန်း' ကိုငေးကြည့်ကာ ဂရုဏာသက်သလိုအမေး အန်ကယ်ရဲ့ စိတ်မောသလိုပြောနေသံကိုကြားလိုက်ရပါသည်။

"သုံးလကျော်ပြီ... စဖြစ်ကာစက ကျွန်တော်လည်းဒီမှာမရှိဘူး... သူ့အဘွားဆီရောက်နေတာ... ခု ကျွန်တော်ပြန်လာမှ သူ့ကိစ္စတွေစီစဉ်ပေးရတာ"

"ဖြစ်မှဖြစ်ရလေဗျာ...အခြေအနေကော ကောင်းရဲ့လား"

ဖေဖေက 'အိုင်းယွန်း' မျက်နှာကိုငေးကြည့်ကာ စိတ်မ





ကောင်းဖြစ်နေပုံရသည်။

"ခုတော့ကျွန်တော် သူ့အနားမှာ နာ့စ်တစ်ယောက်လည်းခေါ်ထားပေးတယ်... ဆရာဝန်တစ်ယောက်လည်း ခေါ်ထားပေးမလားလို့"

"ခု 'ကိုထွဋ်ခေါင်' တို့က ဘယ်မှာနေတာလဲ"

"ကျွန်တော်တို့က ဘောက်ထော်မှာနေတာပါ... သားကတော့ သူ အမွေရထားတဲ့ စမ်းချောင်းကခြံကြီးမှာနေတာ"

"အတူမနေဘူးလား"

"'မေသက်' နဲ့အတူနေလို့မဖြစ်ဘူး... သားကလည်းလိုက်မနေချင်တာနဲ့ သံရုံးငှားထားတဲ့ခြံကြီးက နှစ်စေ့လို့ပြန်ယူပြီး သားကိုအဲဒီမှာပဲ ထားထားလိုက်တာ"

"အဆင်ပြေရဲ့လား"

"ဒီလိုပါပဲ... ပြေအောင်တော့ စီစဉ်ရတာပေါ့"

ကျွန်မတို့စကားပြောနေဆဲ နာ့စ်မလေး အပြေးလာကာလာပြောပါသည်။

"အန်ကယ်ကြီး... 'ကိုမင်းထွဋ်ခေါင်' က အိမ်ပြန်တော့မယ်လို့ပြောနေပါတယ်"

"အန်ကယ် လိုက်လာခဲ့မယ်"

အန်ကယ်က ကျွန်မတို့ကိုနှုတ်ဆက်ကာ ကောင်တာရှိရာကိုထွက်အသွား ကျွန်မ 'အိုင်းယွန်း' ကို စိတ်မကောင်းစွာ ငေးကြည့်နေမိပါသည်။

ကြည့်ပါဦး။ ကျွန်မ အလွန်မုန်းခဲ့တဲ့လူက ကျွန်မအရှိမ်းကို တွယ်တာခဲ့ရတဲ့လူဖြစ်နေပါလား။

မထင်လိုက်တာ။

'ထားချို' သာ သိမယ်ဆိုရင်လည်း ဘယ်လောက်များ အံ့သြသွားရှာလေမလဲ။

ကျွန်မ မပြောတော့ဘူးဟု ဆုံးဖြတ်လိုက်မိပါသည်။

လောလောဆယ် ကျွန်မ လုပ်နိုင်တာဆိုလို့...

"ဖေဖေသမီး 'ကိုမင်းထွဋ်ခေါင်' ကို စောင့်ရှောက်ပေးလို့ရမလား"

"သမီး သဘောလေ... သမီးလည်းအလုပ်ဝင်ရသေးတာမှမဟုတ်တာ... 'ကိုထွဋ်ခေါင်' ကလည်း ဆရာဝန်တစ်ယောက်လောက် ခေါ်ထားချင်တယ်ဆိုတော့ အတော်ပဲပေါ့... ဖေဖေ 'ကိုထွဋ်ခေါင်' ကိုပြောပေးမယ်"

ဖေဖေ့ရဲ့အကူအညီဖြင့် ကျွန်မ 'ဘောလုံး' နားတွင်ကူညီစောင့်ရှောက်ခွင့်ရခဲ့ပါပြီ။





[ ၂၂ ]

မနက်ကိုးနာရီဆို ကျွန်မ 'ဘောလုံး' ဆီကိုပုံမှန်ရောက်ကာ ဆရာဝန်ကြီးညွှန်ကြားထားတဲ့ ဆေးတွေကိုတိုက်ရပါသည်။

ကျွန်မ စရောက်တဲ့နေ့က 'ဘောလုံး' နဲ့ ပြဿနာတက်ရပါသေးသည်။

"ခင်ဗျားနာမည်ဘယ်သူ"

"'ခင်ဝင်းနီ' ပါ"

"ခင်ဗျား 'ထားချိုလွင်' ရဲ့ သူငယ်ချင်းလား"

"မဟုတ်ပါဘူး"

ကျွန်မလေသံကိုလျှော့ကာ ခပ်ဖျော့ဖျော့ဖြေလိုက်ရ၏။

"ကျွန်တော် 'ဝင်းနီ' ဆိုတဲ့ ဆေးကျောင်းသူတစ်ယောက်ကို ခင်ဖူးတယ်… သူ့မှာမျက်မှန်အထူကြီးပါတယ်… ခင်ဗျားမှာကော"

'ဘောလုံး' က လက်နဲ့စမ်းသလို ကျွန်မမျက်နှာနားကို ရောက်လာတာမို့ ကျွန်မ နောက်ဆုတ်လိုက်မိပါသည်။

"ကျွန်မမှာ မျက်မှန်မရှိပါဘူး"

"မယုံဘူး… ခင်ဗျားလေသံက 'ဝင်းနီ' လေသံနဲ့တစ်ထပ်တည်းပဲ… ခင်ဗျားမျက်နှာကို ကျွန်တော့်ကိုပေးစမ်း… ပေးမစမ်းရင် ခင်ဗျားကိုကျွန်တော့်နားမှာ မထားနိုင်ဘူး"

"ဒါဆိုလည်း စမ်းရှင်"

ကျွန်မမျက်နှာကို ရှေ့ကိုတိုးအပေး၊ မျက်မှန်မရှိတော့တဲ့ ကျွန်မရဲ့မျက်နှာကို စမ်းမိသွားကာ 'အိုင်းယွန်း' ငြိမ်ကျသွားပါသည်။ ကျွန်မမျက်ကပ်မှန်တပ်ထားတာကို 'အိုင်းယွန်း' မသိပါ။

"သူက ကျွန်တော့်ကိုသိပ်မုန်းတာ"





"ဘယ်သူကလဲ"

ကျွန်မ 'အိုင်းယွန်း' မျက်နှာကို ဂရုဏာသက်သလိုစိုက်ကြည့်ကာအမေး 'အိုင်းယွန်း' က မမြင်ရသောမျက်ဝန်းများကို အဝေးသို့ပို့ကာ ကျွန်မအား တွေတွေငေးငေးကြီးဖြေသည်။

"'ဝင်းနီ' ဆိုတဲ့ 'ထားချို' ရဲ့သူငယ်ချင်းကပေါ့… 'ထား' ဆိုတာကျွန်တော့်ရဲ့ချစ်သူလေ"

ပြောရင်း 'အိုင်းယွန်း' က ခပ်နွမ်းနွမ်းပြုံးနေပါသည်။

အိမ်ထဲမှာအနေကြာလို့လား၊ ဒါမှမဟုတ် ဆံပင်တိုညှပ်လိုက်လို့လား မသိပါ။ 'အိုင်းယွန်း' အသားက အရင်တုန်းကလောက်မမည်းတော့ပါ။

ရုပ်လည်းအရင်ကလောက် မဆိုးတော့ပါ။

"အခု အဲ့ဒီချစ်သူကကောဟင်"

ကျွန်မကအမေး 'အိုင်းယွန်း' မျက်နှာပျက်သွားကာ ကျွန်မကိုအော်ပါတော့သည်။

"ခင်ဗျားစပ်စုလှချည်လား… ခင်ဗျားနဲ့ဘာဆိုင်လို့လဲ… ခင်ဗျားအလုပ်က ကျုပ်ကိုဆေးကုဖို့ပဲမဟုတ်လား… "

ကျွန်မ ဘာမှမပြောဘဲ ငြိမ်နေတော့မှ 'အိုင်းယွန်း' ဆီကစကားသံအချို့ ထွက်ကျလာခဲ့ပါသည်။

"သူ ယောကျ်ားယူသွားပြီ… သူ ဟိုးအဝေးကြီးကို ထွက်သွားခဲ့ပါပြီ"

"ရှင် အရမ်းခံစားရမှာပေါ့နော်"

'အိုင်းယွန်း' က ဘာမှမပြောဘဲ ငြိမ်သက်နေသည်။

"ရှင် သူ့ကိုအရမ်းချစ်တာပဲလား"

ကျွန်မသွေးတိုစမ်းသလို ခပ်တိုးတိုးမေးလိုက်မိပါသည်။

'အိုင်းယွန်း' က မဖြေပါ။ သူ စိတ်တိုလျှင် ကျွန်မကို အော်ချင်လည်းအော်နိုင်တာမို့ ကျွန်မ ထပ်မမေးဘဲ ဆေးစာရွက်ကို လျှောက်လှန်ကြည့်နေဆဲ…

"ကျွန်တော် သူ့ကိုချစ်ပါတယ်… သိပ်ချစ်လွန်းလို့လည်း ဒီလိုလုပ်လိုက်မိတာပါ"

ကျွန်မ နားမလည်သလို 'အိုင်းယွန်း' မျက်နှာကိုငေးကြည့်နေဆဲ 'အိုင်းယွန်း' ဆီက ကျွန်မ မသိသေးတဲ့စကားသံ တချို့ထွက်ကျလာခဲ့ပါသည်။

"သူ လက်မထပ်ခင် ကျွန်တော့်ကိုခိုးရာလိုက်ဖို့ချိန်းတယ်… ကျွန်တော်မသွားဘဲ သူ့အိမ်ကိုအကျိုးအကြောင်းသွားပြောပြလိုက်တယ်"





"ဟယ် သနားပါတယ်"

ကျွန်မနှုတ်ကလွတ်ကနဲထွက်အသွား 'အိုင်းယွန်း' မျက်နှာတွင် မဲ့တဲ့တဲ့အပြုံးကိုတွေ့လိုက်ရပါသည်။

"သူကတော့ ကျွန်တော့်ကို အရမ်းမုန်းမှာပါပဲ… သူ့ထက် သူ့သူငယ်ချင်းက ကျွန်တော့်ကိုပိုမုန်းမယ်ဆိုတာ ကျွန်တော်သိပါတယ်… ဒါပေမဲ့ ကျွန်တော်ကြောင့် သူ့ဘဝမနစ်မွန်းစေချင်ဘူး… သူတို့အိမ်ကပေးစားမယ့် ယောကျ်ားနဲ့ယူရင် ကျွန်တော်နဲ့နေရမယ့် အခြေအနေထက် အများကြီးသာမယ်ဆိုတာသိလို့ ကျွန်တော်ဒီလို စီစဉ်လိုက်ရတာပါ… တကယ်တမ်းစီစဉ်ပြီးပြန်တော့ ကျွန်တော်သူ့ကိုလုံးဝ မခွဲနိုင်ဘူး… သူ့ကိုများတွေ့ရဦးမလားဆိုပြီး ဘုရားကိုလိုက်အလာ ကျွန်တော်ကားတိုက်မှုဖြစ်ခဲ့ရတာပါပဲ"

ထိုနေ့က ကျွန်မနဲ့ 'ထား' နဲ့အပြန်လမ်းတွင်ယာဉ်တိုက်မှုတစ်ခုကို တွေ့ခဲ့ရပါသည်။

ဆန်နီစုပါစလွန်းခဲပုပ်ရောင်လေးမို့ 'အိုင်းယွန်း' ရဲ့ကားများလားဆိုပြီး 'ထား' က ဆင်းကြည့်ဖို့စီစဉ်ပါသေးသည်။

စိတ်ပုပ်တဲ့ကျွန်မက ဟုတ်ချင်မှဟုတ်မှာပါဆိုကာ

'ထား' ကို ကားသာဆက်မောင်းစေခဲ့ပါသည်။

ကျွန်မကြောင့်သာမဟုတ်ရင် 'ထား' နဲ့ 'အိုင်းယွန်း' တို့ကွဲကြဖို့မဖြစ်ပါ။

ကိုယ့်ကိုကိုယ် အပြစ်ရှိသလိုခံစားရကာ 'အိုင်းယွန်း' မျက်နှာကို ဂရုဏာသက်သလိုအငေး...

"ကျွန်တော့်ဘဝက ဒီလိုပဲအမှောင်ထဲမှာပဲနေသွားရတော့မှာလား"

ကားတိုက်မိစဉ် အာရုံကြောထိခိုက်သွားတာကြောင့် 'အိုင်းယွန်း' မျက်စေ့က ပြန်မြင်ဖို့မလွယ်ကူပါ။

ဒါပေမဲ့ ဆေးပညာရပ်က ခေတ်မီဖွံ့ဖြိုးတိုးတက်နေတာကြောင့် လူနာရဲ့ကုသိုလ်ကံရှိနေသေးသည်ဟု ဆရာဝန်ကြီးကပြောပြလိုက်ပါသေးသည်။

'အိုင်းယွန်း' ရဲ့အဖေ 'အန်ကယ်ဦးထွဋ်ခေါင်' ကလည်း ကုန်ချင်သလောက်ကုန်ပစေ သူ့သားမျက်စေ့ပြန်မြင်အောင် ကုပေးမည်ဟုပြော့ပါသည်။

ဘာပဲဖြစ်ဖြစ် ကိုယ်ချစ်တဲ့သူအနားမှာ နေရတာ ကျွန်မပျော်ပါသည်။

မနက်ဆို 'အိုင်းယွန်း' လက်ကိုတွဲကာ ခြံထဲမှာလမ်း





ဆင်းလျှောက်သည်။

ညနေဆိုလည်း ကျွန်မ မပျင်းပါ။

ကျွန်မရဲ့တက်ကြွမှုကိုကြည့်ကာ အိမ်ကပင် ကျွန်မကို စနေကြပြီ မဟုတ်ပါလား။

"ဆရာဝန်မကလည်း လူနာရဲ့ ရောဂါအခြေအနေကို မကြည့်ဘဲ လူနာရဲ့မျက်နှာကိုပဲကြည့်နေသလား မသိပါဘူး... အဲ့ဒီအိမ်ကိုသွားဖို့ဆို တက်ကြွနေတော့တာပဲ... မေ့သမီးကို ကြည့်လည်းလုပ်ဦးနော်"

'ကိုလေး' က အသလွှတ်ကြီး ဝင်ထောင်နေတာကြောင့်လည်း...

"'ဝင်းနီ' ကလေးမဟုတ်တော့ဘူး 'ကိုလေး'... ဆရာဝန်ဖြစ်နေပြီ"

"အေး အဲ့ဒါကြောင့်ပြောရတာ...ဟိုကဆယ်တန်းတောင်မအောင်သေးဘူးဆို"

"ဆယ်တန်းမအောင်တာ ဘာဖြစ်လဲ... မဖြေလို့မအောင်တာဘဲ..."

"မအောင်လို့မဖြေတာ မဟုတ်ဘူးလား"

ကျွန်မ ဘာမှမပြောတော့ဘဲ 'အိုင်းယွန်း' ရှိရာစမ်း

ချောင်းကို ထွက်လာခဲ့မိပါသည်။ ကျွန်မ 'ထားချို' ရဲ့ ဝင့်တွေလည်ပြီထင်ပါရဲ့။ ကျွန်မရောက်သွားချိန်တွင် 'အိုင်းယွန်း' ဘာမှမစားရသေးပါ။

ညဘက်စောင့်တဲ့ နာ့စ်မလေးက ကျွန်မရောက်တာနဲ့ ဆီးတိုင်ပါသည်။

"ညက ဆေးတွေလည်းမသောက်ဘူး ဒေါက်တာ လူနာကသေချင်တယ်ပဲပြောနေတယ်..."

တစ်လဆက်တစ်လ အချိန်တွေကြာလာ၍ စိတ်ကျရောဂါ ဝင်လာပုံရသည်။

ကျွန်မ 'အိုင်းယွန်း' နားသွားကာ နှစ်သိမ့်လိုက်မိပါသည်။

"ဆရာမက ပြောနေတယ်... 'ကိုမင်းထွဋ်ခေါင်' ဆေးမသောက်ဘူးဆို"

"အဲ့ဒီနာမည် မကြားချင်ဘူး... အဲ့ဒီနာမည်က ကျုပ်ဘဝကို ကံဆိုးစေတယ်"

'အိုင်းယွန်း' က ဒေါသတကြီး အော်သည်။

"ကံဆိုတာ လူကလုပ်တာမဟုတ်ဘူးလား... ကံကောင်းအောင်လည်း ကိုယ်ပဲလုပ်တာ... ကံဆိုးအောင်လည်း





ကိုယ်ပဲဖန်တီးတာ မဟုတ်ဘူးလား"

"ဘာတွေလာပြောနေတာလဲ... ကျုပ်ကိုတရားလာဟောနေတာလား... ခင်ဗျားအလုပ်က လူနာကိုဆေးကုဖို့လာတာမဟုတ်ဘူးလား"

'အိုင်းယွန်း' က နေရာမှ မမြင်မစမ်းဖြင့်ထကာ အော်ကြီးဟစ်ကျယ်နှင့်ပြောနေလေသည်။ ကျွန်မရဲ့နဂိုစိတ်နဲ့ဆို 'အိုင်းယွန်း' ကို ပြန်အော်မိမှာ ဖြစ်ပေမယ့်လည်း ခုချိန်မှာ ကျွန်မစိတ်က နူးညံ့ပျော့ပျောင်း၍နေသည်။

"ခုလည်း ဆေးကုနေတာပဲ...စိတ်ဓါတ်ကျနေတဲ့ 'ကိုမင်းထွဋ်ခေါင်' ကို ကျွန်မ စိတ်ဓါတ်မြှင့်ပေးနေတာလေ"

"ခင်ဗျား မြှင့်ပေးတိုင်းကော ကျုပ်က မြင့်လာမှာတဲ့လား ကျုပ်ဘဝကဆုံးနေပြီ... ချစ်သူလည်းကျုပ်ကိုပစ်ပြီး အဝေးကိုထွက်ပြေးသွားပြီ"

"'ကိုမင်းထွဋ်ခေါင်' က 'ကိုမင်းထွဋ်ခေါင်' ရဲ့ချစ်သူကို ချစ်လို့လား"

"ချစ်တာပေါ့... ချစ်လို့ပဲ ကျုပ်ဘဝကိုအနစ်နာခံပြီးစွန့်လွှတ်ခဲ့တာ"

"အဲ့ဒါကို 'ကိုမင်းထွဋ်ခေါင်' ရဲ့ ချစ်သူသိလား"

"သူသိတာမသိတာထက် ကိုယ့်ကိုယ်ကို ပိုသိဖို့ပဲလိုတယ်... ကျွန်တော်သူ့ကိုချစ်ခဲ့တယ်"

"ဒါဖြင့် ဘာဖြစ်လို့ရအောင်မယူခဲ့တာလဲ..."

"ကျွန်တော်နဲ့သူ့ဘဝက အရမ်းကြီးကို ကွာခြားလွန်းပါတယ်... ကျွန်တော့်ဘဝက ဆယ်တန်းတောင်မအောင်တဲ့လူပေလူတေ... သူ့ဘဝက တစ်ပင်တိုင်မြနန်းထက်က ရွှေမင်းသမီး တခြားစီပဲ... ဒါကြောင့် သူ့ကိုရှောင်ခဲ့တယ်... သူချိန်းတိုင်း ကျွန်တော့်ဘက်က ပျက်ကွက်ခဲ့တယ်"

"သူ ရှင့်ကိုစိတ်မပျက်ဘူးလား"

"ကျွန်တော်က အဲ့ဒီလိုကို စိတ်ပျက်သွားစေချင်တာ... ဒါပေမဲ့ သူဟာ ကျွန်တော့်အပေါ်ကို အရမ်းကိုနားလည်ပေးခဲ့တယ်... ရင်ခွင်မဲ့နေတဲ့ ကျွန်တော့်ရဲ့ဘဝကို စာနာပေးခဲ့တယ်"

'မင်းထွဋ်ခေါင်' က စကားပြောရင်း မောလာသလို မမြင်နိုင်တဲ့အဝေးကို ငေးကြည့်နေပါသည်။

ဆံပင်ရှည်ကြီးမရှိတော့တာကြောင့် ရှင်းလင်းကာနယ်နေတဲ့မျက်နှာက ကျွန်မငယ်ငယ်တုန်းက မြင်ခဲ့ရဖူးတဲ့ နူးညံ့သောမျက်နှာမျိုးပါ။

ကြင်နာတတ်တဲ့ မျက်ဝန်းတွေနဲ့ နူးညံ့ညင်သာတဲ့





အပြုံးတွေကို ပိုင်ဆိုင်ထားတဲ့ နှုတ်ခမ်းကလည်း ငယ်ငယ်တုန်းကလိုပါပဲလေ။

ဒါတွေကို ကျွန်မ အရင်တုန်းက ဘာဖြစ်လို့ မမြင်ခဲ့ရတာပါလဲ။

ယူကြုံးမရသလို အကြည့်ဖြင့် ကျွန်မ ငေးအကြည့်...

"ဒေါက်တာ ရှိလားဟင်"

'အိုင်းယွန်း' က ကျွန်မမျက်နှာဘက်ကို လှမ်းစမ်းနေတာကြောင့်...

"ကျွန်မရှိပါတယ်... 'ကိုမင်းထွဋ်ခေါင်' ပြောပါ"

ကျွန်မ သူ့ဘက်ကိုတိုးကာအပြော...

"ကျွန်တော် စာရေးစားပွဲပေါ်မှာ ငှက်ရုပ်လေးရှိတယ်လေ ဒေါက်တာယူပေးနိုင်မလားဟင်"

ကျွန်မ နေရာမှထကာ စားပွဲပေါ်က ငှက်ရုပ်လေးကိုယူပေးလိုက်ပါသည်။

"ဒါ 'ထား' ကျွန်တော့်ကိုပေးထားတဲ့ အရုပ်လေးလေ... ဒီအထဲထဲက သီချင်းလေးက ယဉ်ယဉ်လေးရှုးတဲ့... ကျွန်တော့်ဘဝလိုပဲဒေါက်တာရယ်"

ကျွန်မ 'အိုင်းယွန်း' ကိုကြည့်ကာ မျက်ရည်မဆည်နိုင်

တော့ပါ။

ဒီလိုဖြစ်အောင်လုပ်ခဲ့တဲ့ ကျွန်မရဲ့လုပ်ရပ်ကို့သာ 'အိုင်းယွန်း' သိရင် ကျွန်မကိုခွင့်လွှတ်နိုင်ပါ့မလား။

ကျွန်မဆီက အသံတိတ်နေ၍ 'အိုင်းယွန်း' က အသံပေးပါသည်။

"ဒေါက်တာ ဒေါက်တာ ရှိနေလားဟင်"

"ရှိပါတယ် 'ကိုမင်းထွဋ်ခေါင်' ရယ်"

ဖြစ်နိုင်လျှင် 'ကိုမင်းထွဋ်ခေါင်' ရဲ့ အပါးတွင် ကျွန်မအမြဲနေချင်ပါသည်။

ဒါမှလည်း တရားမျှတမည်ဟု ကျွန်မထင်မိသည်လေ။

ခက်တာက 'ကိုမင်းထွဋ်ခေါင်' က လက်ခံပါ့မလား။

"တစ်ခါတလေ ကျွန်တော်တစ်ယောက်တည်း အရမ်းအားငယ်တယ် ဒေါက်တာရယ်... ဒယ်ဒီကလည်း ကျွန်တော့်ဆီကို အမြဲလာနိုင်တာမဟုတ်ဘူးလေ"

ကျွန်မ သူ့လက်ကိုဆုပ်ကိုင်ကာ အားပေးသလိုဖြစ်ညှစ်လိုက်မိပါသည်။

"အဘွားကလည်း သံယောဇဉ်ကိုဖြတ်ပြီး တရားအား





ထုတ်နေတဲ့သူဆိုတော့ ကျွန်တော့်ဆီကို အမြဲဘယ်လာနိုင်ပါ့မလဲ...သူငယ်ချင်းအပေါင်းအသင်းဆိုတာကလည်း ကိုယ့်အလုပ် နဲ့ ကိုယ်ဆိုတော့..."

ပြောရင်း ငူငူငိုင်ငိုင်ကြီးဖြစ်သွားတဲ့ သူ့ပုံစံကိုကြည့်ကာ ကျွန်မဘယ်လိုမှ ချုပ်ထိန်းနိုင်စွမ်းမရှိတော့ပါ။

သူ့လက်ကိုဆုပ်ကိုင်ကာ ကျွန်မ လှိုက်လှဲစွာပြောလိုက်မိပါသည်။

"ဘယ်သူတွေလာလာ မလာလာ ကျွန်မ 'ကိုမင်းထွဋ်ခေါင်' နားကိုအမြဲလာပါ့မယ်"

"ဒေါက်တာလည်း ကြာရင် ကျွန်တော့်ကိုငြီးငွေ့လာမှာပါ"

"ဟင့်အင်း...ကျွန်မဘယ်တော့မှ ငြီးငွေ့မှာမဟုတ်ဘူး ကျွန်မပျော်တောင်ပျော်ပါသေးတယ်"

အပြင်ကိုထွက်မလာတဲ့ ကျွန်မရဲ့ရင်ထဲက စကားတွေပါ။

မနက်မနက်ဆို ကျွန်မကိုယ်တိုင် အဝတ်အစားအသစ်လဲပေးကာ ခြံထဲမှာ လမ်းလျှောက်ကြသည်။

ညနေဘက်ဆိုလည်း ဒီအတိုင်းပါပဲ။

ကြာလာတော့ ကျွန်မ မလာလျှင်ပင် 'အိုင်းယွန်း' မျှော်နေတတ်ပါပြီ။





[ ၂၃ ]

"မနေ့က ဒေါက်တာလာတာ နောက်ကျတယ်နော်... ဘာဖြစ်လို့လဲဟင်"

'ကိုကြီး' မင်္ဂလာဆောင်အတွက် အလုပ်ရှုပ်နေတာကြောင့် ကျွန်မ 'အိုင်းယွန်း' တို့ခြံကိုရောက်တော့ ဆယ့်တစ်နာရီထိုးနေပါပြီ။

ကျွန်မအလာကို မျှော်နေတဲ့ 'အိုင်းယွန်း' ရဲ့မျက်နှာတာ ညှိုးနွမ်းနေတာကို သတိထားမိပါသည်။

ဒါပေမဲ့ 'အိုင်းယွန်း' က ဘာမှမပြောပါ။

ကျွန်မကျွေးတာကိုစားကာ ကျွန်မ ဝယ်ပေးသမျှမငြီး

မငြူခံနေခဲ့သည်။

နေ့လည် ကျွန်မဖတ်ပြသမျှစာတွေကိုလည်း နားထောင်ပါသည်။

ကျန်းမာရေးနဲ့ပတ်သက်တဲ့စာ၊ စိတ်ဓါတ်ကိုခွန်အားထိုးစေတဲ့စာမျိုးတွေကိုပဲ ရွေးကာ ကျွန်မဖတ်ပြလေ့ရှိပါသည်။

ကျွန်မ စာတွေစဖတ်ပြကာစက 'အိုင်းယွန်း' က ညစ်ကျယ်ကျယ်ဖြင့် နားမထောင်ချင်ပေမယ့် ကြာလာတော့လည်း ကျွန်မ ဖတ်ပြတဲ့စာလေးတွေကို စိတ်ဝင်စားကာ ကျွန်မ စာမဖတ်ပြတဲ့နေ့တွေမှာတောင် 'အိုင်းယွန်း' ကိုယ်တိုင်စာဖတ်ပြဖို့တောင်းဆိုလာတဲ့နေ့တွေ ရှိလာသည်။

တစ်ခါတလေ သူ့အကြောင်း ကျွန်မကို ရင်ဖွင့်ပြတဲ့နေ့တွေလည်း ရှိသည်။

"ကျွန်တော် ငယ်ငယ်တုန်းက အရမ်းကိုဆရာဝန်ဖြစ်ချင်ခဲ့တာ.. ဒါကြောင့်မို့ စာကိုလည်းကြိုးစားခဲ့တယ်... အတန်းတိုင်းမှာလည်း ပထမရခဲ့တယ်... ဒါပေမဲ့ ကျွန်တော့်အမေဆုံးသွားပြီးတဲ့နောက် ကျွန်တော့်အတွက်စာကျက်ရတာ အဓိပ္ပါယ်မဲ့လာသလိုခံစားခဲ့ရတယ်... ကျွန်တော် လုံးဝစာမကျက်တော့ဘူး... ဒီအချိန်မှာ ကျွန်တော့်အဖေဘက်ကလည်း ဖိအားတွေ





အတင်းပေးလာတယ်... ကျွန်တော် စာမေးပွဲမှမအောင်ရင်သူပဲဘဝပျက်တော့မယ့်ပုံစံ... ပျက်ပေ့ါ... ကျွန်တော့်အမေတောင် သူ့ကြောင့်ဘဝပျက်ခဲ့ရသေးတာ... သူပျက်တော့ကော ကျွန်တော်ဘာမှရမလဲ... ကျွန်တော်ရွဲ့ပြီး စာမကျက်ဘဲနေခဲ့တယ်... တကယ်တမ်းကျတော့ ကျွန်တော့်အဖေဘဝမပျက်ဘူး... ကျွန်တော့်ဘဝပဲပျက်ပြီး ကျွန်တော်ဒီလိုဘဝကိုရောက်ခဲ့ရတယ်"

ဆွေးဆွေးမြေ့မြေ့လေးပြုံးနေတဲ့ 'အိုင်းယွန်း' ရဲ့မျက်နှာက နောင်တတွေတစ်ပွေ့တစ်ပိုက်နဲ့ပါ။

"ခု ကျွန်တော်အသိတရားတွေရလို့ စာမေးပွဲဖြေချင်စိတ်တွေဝင်လာတဲ့အချိန်မှာ ကျွန်တော့်မျက်စေ့က လုံးဝမမြင်ရတော့ဘူး... ကျွန်တော့်ဘဝ ဒီလိုနဲ့ပဲ အဆုံးသတ်သွားရတော့မှာလား"

ကျွန်မ 'အိုင်းယွန်း' မျက်နှာကိုငေးကြည့်ကာ လုံးဝစိတ်မကောင်းပါ။

ဖြစ်နိုင်လျှင် 'အိုင်းယွန်း' အပေါ်မှာနေကာ အစဉ်အမြဲနှစ်သိမ့်ပေးချင်မိပါသည်။

"ဒေါက်တာလည်း တစ်နေ့ ကျွန်တော့်ကိုပစ်သွားမှာပဲမဟုတ်လား... ဒါကြောင့် ကျွန်တော် ဘယ်သူ့ကိုမှသံယောဇဉ်

မထားချင်တာ... သံယောဇဉ်ဆိုတာ မီးလိုပဲပူတယ်...ကျွန်တော် သံယောဇဉ်ထားတဲ့လူမှန်သမျှ ကျွန်တော့်ကိုပစ်ပြီး အဝေးကို ထွက်သွားကြတယ်... ပထမ မာမီ... နောက် 'ထား'... အခု ဒေါက်တာ"

ပြောရင်းပြောရင်း ပါးပြင်ပေါ်မျက်ရည်များစီးကျလာတဲ့ 'အိုင်းယွန်း' ကို ကျွန်မ ငေးကြည့်ကာ ဘယ်လိုမှမချုပ်ထိန်းနိုင်တော့ပါ။





# [ ၂၄ ]

"ကျွန်မ ရှင့်ကိုဘယ်တော့မှပစ်သွားမှာမဟုတ်ဘူး ကျွန်မ ရှင့်ကိုချစ်တယ်"

ကျွန်မ မျက်ရည်များဖြင့် 'အိုင်းယွန်း' ကိုဖက်အထား 'အိုင်းယွန်း' က ကျွန်မရဲ့ရင်ခွင်ထဲမှာ ငြိမ်သက်နေသည်။ ခဏကြာမှ ကျွန်မရင်ခွင်ထဲကနေ အကြမ်းပတမ်းရုန်းထွက်ကာ ကလေးတစ်ယောက်လို ငိုပါသည်။

"မယုံဘူး... ကျွန်တော့်လိုအကန်းကို ခင်ဗျားကချစ်တယ်ဆိုတာ လိမ်တာညာတာ... ခင်ဗျား ကျွန်တော်စိတ်ချမ်း

သာအောင် တမင်လျှောက်ပြောနေတာ"

ကျွန်မ ခေါင်းကိုခါရင်း...

"ကျွန်မပြောတာယုံပါ 'ကိုမင်းထွဋ်ခေါင်' ရယ်... ကျွန်မငယ်ငယ်လေးတည်းက ရှင့်ကိုချစ်ခဲ့တာပါ... ရှင့်ကိုချစ်တဲ့စိတ်နဲ့လည်း ကျွန်မ ဆရာဝန်ဖြစ်အောင်ကြိုးစားခဲ့တာပါ...ခု ကျွန်မရှင့်အနားမှာ ပြုစုခွင့်ရလို့ကျေနပ်တယ်...ပျော်တယ်"

"မင်းပျော်ပေမယ့် ကျုပ် မပျော်ဘူး... မင်း ကိုမှ ကျုပ် တွေ့လို့မရတာ"

"ဒါဆိုလည်း ငယ်ငယ်တုန်းကလိုပဲ ကျွန်မမျက်နှာကို စမ်းကြည့်လေ"

ကျွန်မရဲ့မျက်နှာကို အသာတိုးအပေး 'အိုင်းယွန်း' က သူ့လက်ညှိုးလေးဖြင့် ကျွန်မမျက်နှာကို လျှောက်ထိကြည့်နေပါသည်။

ပြီးတော့ သူ့မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ရှိုက်ကြီးတငင်ငိုနေပါတော့သည်။

ကျွန်မကိုယ်တိုင်လည်း 'အိုင်းယွန်း' ကိုဖက်ကာ ဝမ်းပမ်းတနည်း ရှိုက်ငိုလိုက်မိပါသည်။

'အိုင်းယွန်း' ရဲ့ ဒီဘဝဆိုးကြီးက အမြန်ဆုံးလွတ်





မြောက်ပါစေကြောင်း ဆုတောင်းမိသည်။

လောလောဆယ် ကျွန်မလုပ်နိုင်တာ တစ်ခုပဲရှိသည်။ သည်တစ်ခုကို 'အိုင်းယွန်း' က သဘောတူပါ့မလား။ အိမ်ကတော့ လုံးဝကို သဘောတူမယ်မထင်ပါ။

## ၂၅

ကျွန်မ တွေးထင်ထားသည့်အတိုင်းပင်။

'ကိုလေး' က ဘီလူး၊ သရဲစီးသလို ကျွန်မကိုထအော်ပါတော့သည်။

"နင် ရူးနေလား 'ဝင်းနီ'… မျက်စေ့မမြင်တဲ့လင်ကိုယူပြီး နင်ကရွာကျွေးမလို့လား…နင့်မှာလင်ယူစရာ ဒီလောက်တောင်ရှားနေပြီလား… နင် 'ထားချို' တုန်းက ဘာပြောခဲ့သလဲ ဘယ်လိုကဲ့ရဲ့ခဲ့သလဲ"

ကျွန်မ ဘာမှမပြောဘဲ ငြိမ်သက်စွာနားထောင်နေခဲ့ပါ





သည်။

"ဟင်း သူ့လိုအဆင့်အတန်းနဲ့… ဆယ်တန်းတောင်မအောင်တဲ့အကောင်ကို ကြိုက်ရကောင်းလားဆိုပြီး နင်အတင်းကာရောကို ဖျက်ခဲ့တာပဲမဟုတ်လား… ခု နင်ဘာဖြစ်နေတာလဲနင့်မှာ အမြင်အာရုံတွေ အသိတရားတွေချို့ယွင်းနေပြီလား"

"'ဝင်းနီ' သူ့ကိုချစ်တယ်… သူ့ဘဝကို လုံခြုံနွေးထွေးစေချင်တယ်"

"သူ့ဘဝက မနွေးထွေးလို့ ဘာဖြစ်နေလို့လဲ"

"သူ့ဘဝက သိုက်မြုံပျောက်နေတဲ့ငှက်လေးလို ကြင်နာထွေးပွေ့မယ့်သူ လိုအပ်နေတယ်"

"အရူးမ… သွား နင် ငါ့ရှေ့ကထွက်သွား"

'ကိုလေး' က အော်ကာ ကျွန်မကိုသူ့ရှေ့ကအတင်းတွန်းထုတ်ပါသည်။

ကျွန်မမေမေ့နားတွင် ဒူးတုပ်ထိုင်ကာ မေမေ့ကိုကပ်ပြောလိုက်မိပါသည်။

"မေမေ 'ဝင်းနီ' ကိုခွင့်ပြုပါ… သူ့ဘဝကို 'ဝင်းနီ' ကယ်ချင်တယ်… သူ့ဘဝက အရမ်းကိုသနားစရာကောင်းနေတယ်"

အန်ကယ် တစ်ခါတလေလာကြည့်တာ၊ သူ့အဘွား

တစ်ခါတလေ လာကြည့်တာကလွဲလျှင် 'အိုင်းယွန်း' ဘဝကအထီးကျန်ဆန်လှပါသည်။

'ထားချို' ပြောတုန်းက ကျွန်မ မယုံခဲ့ပါ။

ခုကိုယ်တိုင် 'အိုင်းယွန်း' အပါးတွင်နေရတော့မှ 'အိုင်းယွန်း' ရဲ့ သွေ့ခြောက်လှတဲ့ဘဝကို ကိုယ်ချင်းစာမိပါသည်။

'ဝင်းနီ' 'အိုင်းယွန်း' ကို နွေးထွေးမှုပေးချင်ပါသည်။

"ဖေ သမီးကိုခွင့်ပြုပါနော်"

မေမေ့အနားကနေ တစ်ဖန် ဖေဖေ့အနားကိုကူးအလာ ဖေဖေက 'ဝင်းနီ' ကိုကြည့်ကာ သက်ပြင်းချသည်။

"သမီး သေသေချာချာဆုံးဖြတ်ပြီးပြီလား... ဒါက လေးကစားသလို ပြန်ပြင်လို့ရတာမဟုတ်ဘူးနော်"

"သမီး ဆုံးဖြတ်ပြီးပါပြီ ဖေဖေ... သူ့အနားမှာနေရမယ်ဆိုရင် သမီးပျော်ရွှင်ရသလို သူ့ဘဝလေးလည်း လုံခြုံနွေးထွေးမှုရလိမ့်မယ်လို့ သမီးမျှော်လင့်တယ်"

ကျွန်မဘက်က အရမ်းကိုပြတ်သားကာနောက်မဆုတ်တော့ဘူးဆိုတာသိတဲ့နောက် ဖေဖေက သူ့ရည်ရွယ်ချက်ကို ပြောပြပါသည်။

"သမီး သေချာဆုံးဖြတ်ပြီးရင် ဖေဖေ 'ကိုထွင့်ခေါင်'





ကို ပြောပြလိုက်မယ်"

ဖေဖေနဲ့နားလည်မှုရသွားတဲ့အတွက် ကျွန်မရင်ထဲ ပျော်ရွှင်မိပါသည်။

'ကိုကြီး' 'ကိုလေး' နဲ့မေမေက ကျွန်မကိုလုံးဝစကားမပြောကြပါ။

ကျွန်မရဲ့မိုက်မဲမှု၊ စွန့်စားမှု၊ အနစ်နာခံမှုအတွက် အံ့လည်းအံ့သြကာ ဝမ်းလည်းနည်းနေကြပုံရပါသည်။

ကျွန်မအတွက်ကတော့ 'အိုင်းယွန်း' နဲ့ပတ်သက်လျှင် နောက်ထပ်မကြေကွဲစေချင်တော့ပါ။

ဖေဖေ့ဆီက သတင်းစကားကြားရပြီးတဲ့နောက် အန်ကယ် 'ဦးထွင့်ခေါင်' က ကျွန်မဆီကို ရောက်လာခဲ့ပါသည်။

ကျွန်မရဲ့ဆုံးဖြတ်မှုအတွက် အန်ကယ့်ပုံစံက ဝမ်းလည်းသာ၊ ဝမ်းလည်းနည်းနေတဲ့ပုံပေါက်နေလေသည်။ဝမ်းသာတာက သူ့ သားလေးဘဝအတွက် ကျွန်မလို မိန်းကလေးတစ်ယောက်က စွန့်လွှတ်အနစ်နာခံကာ လက်ထပ်ဖို့ဆုံးဖြတ်ခဲ့တာကိုဖြစ်ပြီး...

ဝမ်းနည်းတာက သူ့သားလေးဘဝဒီလိုပဲနေသွားရတော့မယ့်အတွက်ပါ။

"တကယ်တော့ အန်ကယ်လည်း သားအမေရဲ့ဝဋ်တွေလည်တာပါပဲ… သူ့ကိုအရွဲ့တိုက်ချင်တဲ့စိတ်နဲ့ သားလေးကို မချစ်ဟန်ဆောင်ခဲ့ပေမယ့် အန်ကယ့်ရင်ထဲမှာ သားလေးဟာ နေရာရှိနေပြီးသားပါ… သားလေးအတွက်ပဲ အန်ကယ်အချိန်ပြည့်စဉ်းစားနေခဲ့တာ… ခု သမီးလေးပါ သားလေးအတွက်နေရာဝင်ယူလာပြီဆိုတော့ အန်ကယ်ဝမ်းသာပါတယ်… ဒါပေမဲ့ ဒီကြောင်းကိုသားလေး သိပြီးပြီလား"

ကျွန်မ ခေါင်းအခါ…

"သားလေးသိရင် လက်ခံမယ်မထင်ဘူး"

အန်ကယ်တွေးထင်ထားသလိုပင် 'အိုင်းယွန်း' ကခါးသီးစွာငြင်းပါတော့သည်။

"ကျွန်တော် သူများရဲ့အသနားခံဘဝနဲ့မနေနိုင်ဘူး"

"ကျွန်မ 'ကိုမင်းထွဋ်ခေါင်' ကို သနားလို့လက်ထပ်တာမဟုတ်ဘူး… စာနာလို့… 'ကိုမင်းထွဋ်ခေါင်' ရဲ့ဘဝကိုနားလည်လို့"

'အိုင်းယွန်း' က နာကျင်စွာပြုံးနေပါသည်။ ဘယ်လိုပဲစကားလှအောင်ပြောပြော သူ့လို မျက်မမြင်တစ်ယောက်ကို လက်ထပ်မယ်ဆိုတည်းက သနားလို့ဆိုတာ သူမသိဘဲနေမ





လား။ ဖြစ်နိုင်လျှင် သူ တစ်ယောက်တည်း အေးအေးဆေးဆေးနေချင်တာကြောင့်လည်း…

"ခင်ဗျားပြန်ပါတော့… ကျွန်တော် တစ်ယောက်တည်း အေးအေးဆေးဆေးနေပါရစေ"

"ဖြစ်မလား… ခုချိန်မှာ ရှင်ဟာ ကျွန်မရဲ့လူနာပဲ ကျွန်မရှင့်အနားမှာရှိနေမှ ဖြစ်မှာပေါ့"

"ဒါဆို ကျုပ်သွားမယ်"

'အိုင်းယွန်း' ဒေါသတကြီးပြောကာ နေရာမှထွက်အသွားခုံတစ်လုံးနှင့်တိုက်မိကာ နေရာတွင်လဲကျသွားခဲ့ပါသည်။

ကျွန်မ 'အိုင်းယွန်း' ကိုပြေးထူကာ ဂရုဏာဒေါသောနှင့်အော်လိုက်မိသည်။

"ရှင် သိပ်ခေါင်းမာတာပဲ 'ကိုမင်းထွဋ်ခေါင်'… ကိုယ့်ဖြစ်ချင်သလို ဖြစ်မလာတဲ့ဘဝမှာ ဖြစ်လာသလိုနေရမယ်ဆိုတာကိုကော ရှင်လက်မခံနိုင်ဘူးလား"

"လက်မခံနိုင်ဘူး… ကျွန်တော့်ကြောင့် ဘယ်သူ့ကိုမှလည်းဒုက္ခမပေးချင်ဘူး"

"အဲ့ဒီဒုက္ခကို ကျွန်မကိုယ်တိုင်က ကျေကျေနပ်နပ်လက်ခံချင်ပါတယ်ဆိုရင်ကော…"

"ကျွန်တော်လက်မခံနိုင်ဘူး... ကျွန်တော့်မျက်စေ့ပြန်မကောင်းသ၍ ကျွန်တော်ဘယ်သူ့ကိုမှ လက်မခံနိုင်ဘူး"

"ဒါဖြင့် ရှင် မျက်စေ့ပြန်ကောင်းမယ်ဆိုရင်ကော"

"ကျွန်တော့်မျက်စေ့ ပြန်ကောင်းလာတော့မယ်မထင်ပါဘူး"

ပြောရင်း 'အိုင်းယွန်း' က ငူငူကြီးထိုင်နေပါသည်။

"ကုသိုလ်ကံဆိုတာ ဘယ်ပြောနိုင်မှာလဲ... ဒီမြန်မာပြည်ကိုလည်း အော့တစ်ပ်မျက်စေ့အထူးကုလေယာဉ်ပျံကြီးလာလာပြီး ဆေးကုပေးနေတာပဲ... 'ကိုမင်းထွဋ်ခေါင်' မျက်စေ့လည်းပြန်ကောင်းချင်ကောင်းသွားမှာပါ"

"ကျွန်တော်အမြန်ဆုံး ကောင်းချင်ပါတယ်... ကျွန်တော့်ကို စိတ်ကောလူပါ ကျန်းမာလာအောင် အစွမ်းကုန်ပြုစုပေးနေတဲ့ 'မခင်ဝင်းနီ' ရဲ့မျက်နှာကို ကျွန်တော်အရမ်းကိုမြင်ချင်ပါတယ်"

"ဒါဆိုရင်လည်း ဘုရားမှာဆုတောင်းပေါ့"

"ဆုတောင်းတိုင်းပြည့်တတ်လား 'မခင်ဝင်းနီ'"

"စိတ်ဆန္ဒသိပ်ပြင်းပြရင် ပြည့်တတ်ပါတယ်"

"ဒါဆို ကျွန်တော့်ကို ရွှေတိဂုံဘုရားလိုက်ပို့ပေးပါ





လား"

ကျွန်မ 'အိုင်းယွန်း' လက်ကိုတွဲကာ ရွှေတိဂုံဘုရားကိုခေါ်လာခဲ့ပါသည်။

ပြီးကော့ ကျွန်မကိုယ်တိုင်လည်း ဆုတောင်းပေးသည်။

'အိုင်းယွန်း' မျက်စေ့ အမြန်ဆုံးပြန်မြင်ရပါစေ။

## ၂၆

ကျွန်မရဲ့ဆုတောင်းပဲ ပြည့်တာလား၊ 'အိုင်းယွန်း' ရဲ့ကုသိုလ်ကံပဲ တက်လာတာလား မသိပါ။ နောက်တစ်နေ့ကျွန်မ 'အိုင်းယွန်း' တို့ခြံကိုအရောက်တွင် 'အိုင်းယွန်း' ရဲ့အဖေ 'ဦးထွန်းခေါင်' ရောက်နေတာကို တွေ့လိုက်ရပါသည်။

"သမီး ရောက်လာတာအတော်ပဲ...အန်ကယ် 'အိုင်းယွန်း' အကြောင်းပြောမလို့စောင့်နေတာ"

"ပြောပါ အန်ကယ်"

"မနေ့က အန်ကယ့်မိတ်ဆွေတစ်ယောက် နိုင်ငံခြားက





ဖုန်းဆက်တယ်... သူ မြန်မာပြည်ကိုမရောက်တာကြာပြီ အဲ့ဒါ လာလည်ချင်လို့ စုံစမ်းရင်း အန်ကယ်နဲ့စကားလက်ဆုံကျ သွားရာက သူ သားအကြောင်းသိလိုက်ရတယ်... သူ့သားမက်က ဦးနှောက်နဲ့အာရုံကြောအထူးကု သမားတော်ကြီးတဲ့... အဲ့ဒါနဲ့အန်ကယ်က အန်ကယ့်သားအကြောင်းပြောပြလိုက်တော့သူတို့က ကုကြည့်ချင်တယ်တဲ့... ရောဂါကလည်း သိပ်မကြာသေးတာဆိုတော့ ပြန်ကောင်းလာဖို့ရှိပါတယ်တဲ့... အဲ့ဒါ အန်ကယ် 'မင်းထွန်းခေါင်' ကို နိုင်ငံခြားခေါ်သွားပြီး ဆေးကုမလားလို့"

"ကောင်းတာပေါ့ အန်ကယ်ရယ်"

ကျွန်မ 'အိုင်းယွန်း' အတွက် လိုက်လှဲစွာပြောလိုက်မိပါသည်။

ကျွန်မချစ်တဲ့သူရဲ့ မျက်စေ့နှစ်ကွင်းလုံး အလင်းပြန်ရလာပြီဆိုလျှင် ဒီကမ္ဘာမှာ ကျွန်မလောက် ဝမ်းသာနိုင်တဲ့သူ ရှိနိုင်ပါဦးမလား။

"အန်ကယ်တော့ ဘယ်လောက်လောက် ကြာမလဲမသိဘူး"

"အဲ့ဒီ မိတ်ဆွေရဲ့အိမ်မှာပဲနေရမှာဆိုတော့ အေးဆေးပဲ

အနည်းဆုံး ခြောက်လတစ်နှစ်လောက်တော့ ကြာမယ်နဲ့တူပါတယ်... လုံးဝကောင်းသွားမှ ပြန်လာမယ်"

"သွားမယ်ဆိုရင်ကော ဘယ်တော့လောက်သွားဖြစ်မှာလဲ အန်ကယ်"

"သွားမယ်ဆို တစ်လနှစ်လအတွင်း သွားဖြစ်မှာပါ သမီးရော ဘာမှာဖို့ရှိသေးလဲ"

"မမှာတော့ပါဘူး အန်ကယ် 'ကိုမင်းထွဋ်ခေါင်' အမြန်ဆုံးနေကောင်းကျန်းမာလာမယ်ဆိုရင် သမီး ဝမ်းသာပါတယ်"

ပြောရင်း ကျွန်မရဲ့မျက်လုံးအိမ်တွင် မျက်ရည်ကြည်တို့အစို့ အန်ကယ်ကကျွန်မကိုကြည့်ကာ ခေါင်းတညိတ်ညိတ်နှင့်ပြုံးနေပါသည်။

'ကိုမင်းထွဋ်ခေါင်' က ဘာမှမပြောပါ။ သူ့ရင်ထဲမှာလဲ ကျွန်မလိုပဲ ခံစားနေရမည်ဟု ထင်ပါသည်။

ကျွန်မ 'ကိုမင်းထွဋ်ခေါင်' ရဲ့လက်ကိုဆုပ်အကိုင် အေးစက်နေသော လက်ဖျားတွေက 'ကိုမင်းထွဋ်ခေါင်' ရဲ့စိတ်ခံစားမှုကိုဖော်ပြနေလေသည်။

ကျွန်မအဖို့ကတော့ အဆိုးဆုံးအခြေအနေကိုလည်း လက်ခံပြီးသားမို့ 'ကိုမင်းထွဋ်ခေါင်' လက်ကိုတင်းတင်းအဆုပ်



"ကိုယ် ကိုယ် 'ခင်ဝင်းနီ' ကိုချစ်ပါတယ်"

ကျွန်မ သူ့ထိုင်ခုံဘေးနားတွင် ဒူးထောက်ထိုင်ကာ သူ့ကိုတိုးတိုးပြောလိုက်မိပါသည်။

"ကျေးဇူးတင်ပါတယ် 'ကိုမင်းထွဋ်ခေါင်' ရယ်"

နောက်နှစ်လခန့်အကြာတွင် 'ကိုမင်းထွဋ်ခေါင်' နဲ့ အန်ကယ် နိုင်ငံခြားကို ထွက်ခွာသွားပါသည်။

ကျွန်မကိုယ်တိုင်လည်း တာဝန်ကျရာ ရှမ်းပြည်နယ်ဘက်က ဆေးရုံတစ်ရုံကိုပြောင်းရွှေ့ခဲ့ရပါသည်။

မနက်ဘက် ဆေးရုံကိုလမ်းလျှောက်သွားလျှင် 'အိုင်းယွန်း' ကို သတိရမိသလို ညနေဘက် လမ်းလျှောက်ပြန်လျှင်လည်း 'အိုင်းယွန်း' ကို သတိရမိတတ်ပါသည်။

ရှမ်းပြည်နယ်က ကျွန်မရဲ့ဆေးရုံလိပ်စာနှင့် 'ထားချို' ဆီက စာလေးတွေလည်း ရောက်လာတတ်ပါသည်။ 'ကိုဖရက်ဒီ' နဲ့ သားဦးလေးမွေးကာ သားဦးလေးရဲ့အမည်ကို 'အိုင်းယွန်း' ဟုပေးထားတဲ့အကြောင်းလည်း ပါပါသည်။

ပြီးတော့ ကျွန်မကိုလည်း ဒီလိုပဲ တစ်ယောက်တည်းနေတော့မှာလားဟု မေးထားပါသည်။ ကျွန်မ ဘာမှပြန်မရေးဖြစ်ပါ။ ကျွန်မရင်ထဲမှာ တိတ်တခိုး မျှော်လင့်နေတဲ့သူ ရှိပါ

သည်။

တစ်နေ့က 'ကိုလေး' ဆီက ဖုန်းလာသည်။

'အိုင်းယွန်း' မြန်မာပြည်ကို ပြန်ရောက်လာတော့မယ်တဲ့။ မျက်စေ့နှစ်ဘက်လုံးလည်း ပြန်ကောင်းသွားပြီတဲ့။

ကျွန်မ ဝမ်းသာလွန်း၍ ထမင်းပင်မစားနိုင်ပါ။

'အိုင်းယွန်း' မြန်မာပြည်က ထွက်သွားတည်းက ကျွန်မနဲ့ အဆက်အသွယ်ပြတ်နေတာ ကြာခဲ့ပါပြီ။

ကျွန်မလည်း အဆက်အသွယ်မလုပ်ချင်ပါ။ သူ ကျွန်မကို 'ကြက်တောင်' အဖြစ်ပဲသိထားကာ 'ထားချို' ရဲ့သူငယ်ချင်း 'ဝင်းနီ' အဖြစ်သိထားတာမှမဟုတ်တာ။

သူ ကျွန်မကို ပြန်တွေ့လျှင် 'ထားချို' ကို သတိရသွားမှာပါ။

"သူ မြန်မာပြည်ကို ပြန်လာရင် အရင်ဦးဆုံးတွေ့ချင်တာ နင့်မျက်နှာပဲတဲ့... ဘယ်လိုလဲ နင် တွေ့ရဲရဲ့လား"

ကျွန်မ မျက်ကပ်မှန်တပ်မသွားဘဲ 'ထားချို' ရဲ့သူငယ်ချင်း 'ဝင်းနီ' အဖြစ်နဲ့ပဲ သွားတွေ့ဖို့ ဆုံးဖြတ်ထားပါသည်။

သူ ကျွန်မရှေ့ကို လာရဲပါ့မလား။

လေဆိပ်ကိုသွားကြိုတဲ့နေ့က ကျွန်မရင်တွေအရမ်း





ကိုခုန်နေခဲ့ပါသည်။

'အိုင်းယွန်း' ကျွန်မကိုတွေ့သွားလျှင် မှန်းသွားမှာလား။

မျက်မှန်ကိုဖြုတ်ကာ မျက်ကပ်မှန်တပ်သွားဖို့ စဉ်းစားမိသေးပေမယ့် ကျွန်မ မဖြုတ်ချင်တော့ပါ။ 'ဝင်းနီ' အဖြစ်ပဲ 'အိုင်းယွန်း' ကို ကြိုဆိုပါတော့မည်။

'ထားချို' ရဲ့ သူငယ်ချင်းဘဝတုန်းက ကျွန်မ အရမ်းမုန်းခဲ့တဲ့သူက အခု ကျွန်မအချစ်ဆုံးချစ်သူ ဖြစ်နေခဲ့ပါပြီ။

အသားတွေဖြူကာ ဆံပင်တိုလေးနဲ့ 'အိုင်းယွန်း' က ကျွန်မ ငယ်ငယ်တုန်းက စွဲလန်းခဲ့ရတဲ့ မျက်ဝန်းလေးဖြင့် လေဆိပ်ခန်းမထဲမှာ တစ်စုံတစ်ယောက်ကို လိုက်ရှာနေတာတွေ့ရပါသည်။

ကျွန်မကိုအတွေ့ ရူးကန်းတစ်ချက်စိုက်ကြည့်ကာ မျက်နှာလွှဲသွားခဲ့ပါသည်။ နောက် ကျွန်မဆီ ပြန်လျှောက်လာကာ ခပ်တည်တည်လှမ်းမေးပါသည်။

"မင်း 'ထား' ရဲ့သူငယ်ချင်းမဟုတ်လား"

ကျွန်မ ခေါင်းအညိတ်...

" 'ထား' ကိုပြောပေးလို့ရမလား"

"ဘာပြောမလို့လဲ"

"ငါ လက်ထပ်တော့မယ်လို့"

"အင်း... ဘယ်သူနဲ့လက်ထပ်မှာလဲ"

"'ထား' ရဲ့သူငယ်ချင်း 'ခင်ဝင်းနီ' နဲ့လို့"

ကျွန်မ အံ့သြတကြီး 'အိုင်းယွန်း' ကိုမော့အကြည့် 'အိုင်းယွန်း' က မျက်လုံးကိုမှိတ်ကာ ကျွန်မရဲ့နှာခေါင်းဖျားလေးကို လက်ညှိုးလေးနဲ့ထိကြည့်နေတာ တွေ့လိုက်ရပါသည်။

ဒါဆို 'အိုင်းယွန်း' ကျွန်မကို သိနေတာပေါ့နော်။

"ဒါ ကိုယ့်ရဲ့လက်ဆောင်"

'အိုင်းယွန်း' ကျွန်မလက်ထဲကို ထည့်လိုက်တဲ့ စာရွက်ကို ကြည့်လိုက်တဲ့အခါမှာတော့ ကျွန်မရင်ထဲမှာဖော်မပြနိုင်လောက်အောင် ပျော်ရွှင်သွားခဲ့ရပါသည်။

ထိုစာရွက်က နိုင်ငံခြားမှာ ဖြေလာခဲ့တဲ့ဆယ်တန်းအောင်စာရင်း လက်မှတ်လေးပဲ မဟုတ်ပါလား။

ရှင်လန်းချမ်းမြေ့ပါစေ

ဆက်လက်ကြိုးစားဦးမည့်

**ဝေဝေအောင်**